www.burmeseclassic.com

နှမ်ကျာသိုင်း
မောင်စိန်ဝင်း(ပုတီးကုန်း)
နေနော်
ကိုစစ
မောင်လှမျိုး(ချင်းချောင်းခြံ)
မောင်ညိုအေး(ပန်းတော)
သက်နှင်းဆွေ(ပုပ္ပား)
နွယ်ဦးလှိုင်
နှင်းဝေမြိုင်း
ရာသက်ပန်(တောင်ငူဆောင်)
စုမီအောင်
လဲ့ဝင်းကြည်(ချို)
ပျိုးယုဝသုန်

BURMESE CLASSIC


အချစ်ရသဝတ္ထုတိုစု



graphic design by aung kyaw @ 09 731 31347

www.burmeseclassic.com

www.burmeseclassic.com



အချစ်ရသဝတ္ထုတိုစု

■

နွမ်ဂျာသိုင်း

မောင်စိန်ဝင်း(ပုတီးကုန်း)

နေနှင်း

တိုးဝေ

မောင်လူမိုး(ချင်းချောင်းခြံ)

မောင်ညိုအေး(ပ[illegible])

သက်နှင်းဆေ[illegible]

နွယ်ဦးကျိုင်

■

နှင်းဝေငြိမ်း

ရာသက်ပန်(တောင်ငူဆောင်)

စုမီအောင်

လဲ့ဝင်းကြည်ချို

ပိုးမယုဝသုန်

graphic design by aung kyaw @ 09 731 31347

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
၅၀၀၃၂၃၀၅၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၃၂၃၀၇၁၂
ထုတ်ဝေသူ
ဦးဝင်းရှိန် (ရှုဝံစာအုပ်တိုက်)
အမှတ်(၂၁၂)၊ ၃၁ လမ်း
ရန်ကုန်မြို့
ပုံနှိပ်သူ
ဒေါ်ချိုချိုအေး (ရှုဝံပုံနှိပ်တိုက်)
အမှတ် (၃၃၀-၃၃၂) အောက်ပုဇွန်တောင်လမ်း
ရန်ကုန်မြို့
မျက်နှာဖုံးဒီဇိုင်းနှင့်စာအုပ်အပြင်အဆင်
ဒီဇိုင်းပန်းချီအောင်ကျော်
တန်ဖိုး - ၁၅၀၀
ကွန်ပျူတာဖလင်
အီးဂဲလ်

၈၉၅.၈၃
ကလောင်စုံ
ကော်ဖီရနံ့အချစ်ရသဝတ္ထုတိုစု / နွယ်ဦးလှိုင် ရန်ကုန်၊
ရှုဝံစာပေ၊ ၂၀၁၂၊
စာ- ၁၂၈၊ ၁၈ x ၁၈
(၁) ကော်ဖီရနံ့အချစ်ရသဝတ္ထုတိုစု

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

ကော်ဖီခါးခါးလေးတစ်ခွက်
နွယ်ဂျာသိုင်း

တောင်ပြာတန်း
မောင်စိန်ဝင်း(ပုတီးကုန်း)

ကော်ဖီချစ်သူ
နေနော်

အပြာရောင်ကော်ဖီ
ကိုဝေ

ကော်ဖီရောင်အသည်း
မောင်လှမျိုး(ချင်းချောင်းခြံ)

ရှိမန်တစ်စံပယ်ရောင်ကော်ဖီ
မောင်ညိုအေး(ပန်းတော)

ရှိမန်တစ်စံပယ်ရောင်ကော်ဖီ
မောင်ညိုအေး(ပန်းတော)

နွေလယ်မိုးစက်များ
သက်နှင်းဆွေ(ပုပ္ပား)

ကော်ဖီအော်ပရာ
နွယ်ဦးလှိုင်

အလွမ်းပြေနစ်ခွက်
နှင်းဝေငြိမ်း

ဆုံတွေ့ကောမိုးတညနေ
ရာသက်ပန်(တောင်ငူဆောင်)

ကော်ဖီကံကြမ္မာ
စုမီအောင်

မှူးရစ်နွယ်စိတ် မိုးတထိတ်ထိတ်
လဲ့ဝင်းကြည်(ချို)

အပြာရောင်တောင်တန်းများသို့လွမ်းချင်း
ပျိုးယုဝသုန်



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁)

မမကို ကျွန်တော် ချစ်သည်။

အခန်း (၂)

ကော်ဖီခါးခါးကို ကျွန်တော်ကြိုက်သည်။

အခန်း (၃)

ကျွန်တော် ကဗျာရေးသည်။

အခန်း (၄)

ဒီနေ့ ကျွန်တော့် ကဗျာစာအုပ်ထွက်သည်။

## မှတ်တမ်း (၁)

### စနေနေ့ နံနက် ၇း၄၅ နာရီ

မမ လာတော့မည်။

မမ သည်နေရာက ဖြတ်သွားခဲ့သည်မှာ များလှပြီ။ ကျွန်တော် သည်နေရာကထိုင်၍ မမသည်သို့ လာသည်၊ သည်သို့ဝတ်သည်၊ သည်သို့လှသည်၊ သည်သို့လှမ်းသည်၊ သည်သို့ ကြည့်တတ်သည်… စသည်ဖြင့် မှတ်သားခဲ့ရခြင်း သည်လည်း အကြိမ်ကြိမ်။

သို့သော် သည်နေ့ ရင်နည်းနည်း ပိုခုန်နေမိသည်။

သည်အချက်ကို ဦးစွာ ရိပ်မိသူက မိုးထိုက်။ သူက…

"သိပ် စိတ်[illegible] သူငယ်ချင်း"

[illegible]ကို နည်းနည်းရှက်သွားသည်။ ထို့ကြောင့်ပင်…

"အား…[illegible]တ်ပါဘူး။ [illegible]… မေ့သွားတယ်။ မှာပြီးပြီလား[illegible]ဘာသောက်မလဲ လုပ်လေ"

အေးပါကွာ[illegible]ပြီးပါပြီ။ မင်းသာ ခင်မမ အကြိုတော်လော [illegible]နေလို့မကြားလိုက်လို့ပါ။ တို့အားလုံး [illegible]။ မင်းက ကော်ဖီခါးခါး မဟုတ်လား"

ဝတ္ထုကဝင်ပြောမှ…



www.burmeseclassic.com

www.burmeseclassic.com



“အေး…ဒီလိုတော့လည်း ဖအေ့အကြိုက် သိသားပဲ”ဟု နာနာလေး နှက်ပေးလိုက်သည်။ တစ်ဝိုင်းလုံး ရယ်သံများဖြာထွက်လာ၏။ စိုးထိုက်က…

“မျှော်လည်းမျှော်ပေါ့ကွာ။ ပြီးတော့ မင်းစာအုပ်တွေ ချရောင်းဖို့လည်း ချရ၊ ခင်းရ လုပ်ရဦးမယ်။ မြန်မြန်လာပါတော့ ခင်မမရေ”

“ဟော..လာပြီဟေ့။ ဟိုမှာ ဆီဒင်အဖြူလေး”

ဒိန်းခနဲ ကျွန်တော့်ရင်ထဲ အမည်မသိသော အလုံးတစ်ခု ဝင်ဆောင့်လိုက်သည်။ မမလာပြီ။

လောကကြီးတစ်ခုလုံး လှသွားသည်ဟု ထင်လိုက်ရသည်။ မမ အင်္ကျီပန်းရောင် ဝတ်လာသည်။ ဖဲပြား ပန်းရောင်စည်းလာသည်။ နှုတ်ခမ်းပန်းရောင်ဆိုးလာသည်။ ရင်ထိုး ပန်းရောင်ထိုးလာသည်။ ကားပြတင်းမှ သည်မျှမြင်ရလျှင် ကျန်တာ ကျွန်တော် အကုန်သိပေပြီ။

မမ လုံချည် ပန်းရောင်ဖြစ်မည်။

လက်တွင် ပတ္တမြားလက်စွပ်ဝတ်မည်။ ဖိနပ် ပန်းရောင်ဝတ်မည်။

ဆလင်းဘက် ပန်းရောင်ဖြစ်ရမည်။ ပြီးတော့ ထမင်းဘူးကို ပန်းရောင် လက်သုတ်ပဝါဖြင့် ထုပ်မည်။ လက်ထဲတွင် လက်ကိုင်ပဝါ ပန်းရောင်တစ်ထည်ပါမည်။

ကျွန်တော် ကော်ဖီတစ်ကျိုက်သောက်လိုက်သည်။ အို…သာယာသော လောကပါတကား။

ငြိမ့်ကနဲ ကားတံခါးပွင့်သွားသည်။ကျွန်တော်၏ ဦးခေါင်းတစ်လုံးစာ ဟ,သွားသော တံခါးကြားမှ မမ၏ ခြေလှလှတစ်ဖက် ထွက်လာသည်။

ကျွန်တော် ကော်ဖီတစ်ကျိုက်ကို မကြည့်ဘဲ မျိုချလိုက်သည်။ သိပ် လှသည်။ မမ၏ခြေထောက်ကလေးသည် သိပ်လှသည်။ ပန်းရောင် မနုမရင့်၊ သဲကြိုး မကြီးမသေး၊ ဒေါက်မြင့်နှစ်လက်မပေါ်မှ မမ၏ ခြေထောက်ကလေးသည် မိုနာလီဇာ ပန်းချီကားထက် လှသည်။ မမ၏ ခြေထောက်ကလေးသည် ကုံကော်ပင်ဖျားရှိ အနုဆုံးပန်းပွင့်လေးမှ အမွှေးဆုံး ပွင့်ဖတ်ကလေးအား ယုန်မွှေးပွပွလေးပေါ် တင်ထားသည်ထက် နူးညံ့၏။ မမ၏ ခြေထောက်ပုံတူရုပ်လေးသာရှိလျှင် ကျွန်တော့် စာကြည့်စားပွဲပေါ်မှ မီးနပ်ရုပ်ထုကို ကျွန်တော် လွှင့်ပစ်လိုက်မိမှာ သေချာသည်။

မမ ခြေနှစ်ဘက်စလုံး မြေကြီးပေါ်သို့ ရောက်ပြီ။

မမ ရှေ့တစ်လှမ်းတိုး၍ ကားတံခါးကို ဆက်ဆက်တင်းတင်းလေး ပြန်ပိတ်လိုက်သည်။

တောင်ငူဆောင်ဘက်သို့ မမ တစ်လှမ်းချင်း



www.burmeseclassic.com

www.burmeseclassic.com



လှမ်းသွားသည်။ ကျွန်တော်ထင်သည် တောင်ငူဆောင်ရှေ့မှ ကဗ္ဗရာလမ်းမသည် မမ ဖြတ်လျှောက်သွားခဲ့ရ၍ လွန်စွာ ဂုဏ်ယူသွားပေလိမ့်မည်။

ကျွန်တော့်အသည်းသည် ကဗ္ဗရာလမ်းမကို နည်းနည်းဝန်တိုသွားမိ၏။ ဖြစ်နိုင်လျှင် ကဗ္ဗရာလမ်းနေရာတွင် ကျွန်တော့်အသည်း ဖြစ်လိုက်ချင်သည်။

ကော်ဖီ လက်ကျန်ကို မော့သောက်လိုက်ရင်း…

"လာဟေ့…စာအုပ်ရောင်းဖို့ လုပ်ကြစို့"

မှတ်တမ်း (၂)

စနေနေ့ နံနက် ၈း၃၀ မှ ၈း၄၅

တောင်ငူဆောင်အောက်ထပ် ခုံတန်းရှည်ပေါ်တွင် 'ပါးကွက်ကျားနှင့် လပြည့်ဝန်းများ' ပြန့်ကြဲနေသည်။ ကျွန်တော် ပျော်နေသည်။

ကျွန်တော် ကဗျာရေးသက်တစ်လျှောက်တွင် ပထမဆုံး လုံးချင်းစာအုပ်ဖြစ်သော ပါးကွက်ကျားနှင့် လပြည့်ဝန်းသည် ကျွန်တော့်အတွက် ရင်ခုန်စရာ ဖြစ်နေရသည်။ ယိမ်းကနေရာမှ အငြိမ့်ခန်းတွင် မင်းသမီးတက်လုပ်သော ယိမ်းသမကဲ့သို့ ခံစားနေရ၏။ မဂ္ဂဇင်းများတွင် စာရေးဆရာ၊ ကဗျာဆရာကြီးများနှင့် ရောပါနေသဖြင့် ကိုယ့်စာ ကြိုက်မကြိုက် သိသိသာသာ မပြောနိုင်သော်လည်း ခုလိုသီးခြား တစ်ပင်တိုင်က၊ရာတွင်မူ ပရိသတ်၏တုန့်ပြန်မှုကို သိသိသာသာ ခံယူရမည်ဖြစ်သဖြင့် ရင်ဖိုနေသည်။

သို့သော် ခဏကြာလျှင် ရှုတ်နောက်နောက် အော်၍ ရောင်းနေသော သူငယ်ချင်းများနှင့် ဝင်လာရပ်၍ စာအုပ်လှန်ကြည့်လိုက်၊ ဝယ်သူလည်း ဝယ်လိုက်၊ ပြန်ချသွားသူလည်း ပြန်ချသွားလိုက်၊ ဝယ်လည်းမဝယ်၊ ပြန်လည်းမချဘဲ အစအဆုံး စရိတ်ငြိမ်းရပ်ဖတ်နေသူက ဖတ်သွားလိုက်နှင့်မို့ နည်းနည်းရင်ဖိုသက်သာလာသည်။

"လာ…လာ…ကဗျာတွေရမယ်နော် ပူပူနွေးနွေး"ဟု အော်သူက အော်…

"လာ‥လာ…ကဗျာ စာအုပ်ဝယ်ရင် ကဗျာဆရာပါ တစ်ခါတည်း မိတ်ဆက်သွားနိုင်တယ်။ ကူရောင်းပေးသူတွေက ပိုချောတယ်"

တောင်ငူဆောင်က မြန်မာစာအဓိက ကျောင်းသားများမို့ အတော် အဆင်ပြေပါသည်။ တချို့က လည်းကောင်းတယ်ဗျာဟု အသားလွတ်ပင် ပြောသွား၏။ တချို့ကျတော့

"အင်း…မဆိုးပါဘူး"

ဟု သမာဓိ ချီးမွမ်းသွား၏။ တချို့ကျတော့ ပေါ်တင်ကြီးပင်

"ခပ်ပေါက်ပေါက်တွေပါကွာ"ဟု ခါသွား



www.burmeseclassic.com

www.burmeseclassic.com

လိုက်၏။ သည်ထဲ ကျောင်းသူတစ်ယောက်ကတော့ နည်းနည်းဆန်းသည်။ စာအုပ်ကောက်လှန်ကြည့်ပြီး...

"နှမ်ဂျာသိုင်းဆိုလို့ သိုင်းစာအုပ် တစ်မျိုးမှတ်လို့"ဆိုပြီး မှတ်ချက်လေး ချသွားရာ (သစ္စာနီ စကားအရ) ကျွန်တော့်မှာ ခိုးလုခုလုဖြစ်သွား၏။

သူငယ်ချင်းတစ်ယောက်က စာအုပ်ပြ လှရန်ဆို၍ သူ့အသိ အမေရိကားမှ ပို့လိုက်သော ပို့စကတ်များ ပိုင်းချထားရာ၊ ပို့စကတ် လာဝယ်သူကလည်း မရှား။

"ဟော...မမ"

တောင်ငူဆောင် ဒုတိယထပ် လှေကားမှ ဆင်းလာသော မမအား ကျွန်တော်တွေ့လိုက်ရသည်။ မမလှသည်။

စိတ်ထဲကလည်း ကျိတ်၍ ဆုတောင်းနေသည်။ မမ လာကြည့်ပါစေ။ မမ လာကြည့်သည်။ စာအုပ်ကို ကောက်ကိုင်ကြည့်၍ မျက်နှာလေး ဝင်းလက်သွားသည်။

"သိပ်ကောင်းတာပေါ့နော်" ဟုဆိုကာ လက်ကိုင်အိတ်ကိုဖွင့်သည်။ ကျွန်တော်က နှုတ်သွက်သွက်ပင်...

"နေ..နေ...မမ...မမ...မဝယ်ပါနဲ့၊ ကျွန်တော် လက်ဆောင်ပေးပါတယ်"ဟုဆိုကာ စာအုပ် ပထမစာမျက်နှာပေါ်တွင် ကျွန်တော့်လက်မှတ်ထိုး၍ ပေးလိုက်သည်။ မမက ရွှန်းရွှန်းစားစား ပြုံး၍...

"ကျေးဇူးတင်ပါတယ်..နှမ်ဂျာ"ဟုဆိုကာ၊ ဟုဆိုကာ...

"အို.....သည်အတိုင်းဖြစ်လိုက်ရင် ဘယ်လောက်ကောင်းမလဲ မမရယ်"

## မှတ်တမ်း (၃)

### စနေနေ့ နံနက် ၈း၄၅ မှ ၈း၅၀ အထိ

လှေကားမှ ဆင်းလာသော မမနှင့် သူ့အဖော်သည် ကျွန်တော်တို့ ရှိရာဘက်သို့ ကြည့်လိုက်ရင်း တစ်ယောက်နှင့်တစ်ယောက် တစ်ခုခု လှမ်းပြော၍ ရယ်လိုက်ရင်း ကျွန်တော်တို့ဘက်သို့ လျှောက်လာသည်။

ကျွန်တော် ခေါင်းကို ငုံ့ထားလိုက်မိသည်။

ကျွန်တော့်မျက်စိရှေ့တွင် မမ၏ ပန်းရောင်ဖိနပ်နှင့် ခြေထောက် ဂွမ်းနုလေးတစ်စုံ ရောက်လာသည်။ ကျွန်တော့်နားထဲဝယ် မမ၏အသံကို ကြားလိုက်ရသည်။

"ဟင်...ကဗျာတွေပဲ" မမ၏အသံတွင် စိတ်ပျက်သံလေးနည်းနည်း စွက်နေသည်ဟု ထင်ရသည်။ "ဘာလုပ်ရမှာလည်း"

www.burmeseclassic.com



ကျွန်တော် ခေါင်းမော့လာသည်။ မမသည် ကျွန်တော့်စာအုပ်လေးကို ပြန်ချလိုက်သည်။ ပြီးတော့ တစ်စုံတစ်ရာကို လှမ်းယူလိုက်ရင်း…

"ဟာ…လှလိုက်တာ၊ ဒါလေးတွေ ဘယ် လောက်လဲ ဟင်"

ထိုအခါ ကျွန်တော့်သူငယ်ချင်းက…

"ဒါ ရောင်းဖို့ မဟုတ်ဘူးခင်ဗျာ၊ ပို့စကတ် တွေက အလှချထားတာပါ၊ ကဗျာစာအုပ်ပဲရောင်း တာပါ"

မမမျက်နှာသည် နည်းနည်းရှုံ့သွားသည်။ ပြီးတော့မှ သူ့အဖော်ကို…

"လာ…သွားစို့ မေဘယ်လ်၊ အလကား ပါ"တဲ့။

ကျွန်တော့်ကမ္ဘာ လ,ကွယ်သွား၏။

## မှတ်တမ်း (၄)

**စနေနေ့နေ့လယ် ၁၂း၀၀နာရီ ထိုးခါနီး**

ကော်ဖီခွက်ကို ရှေ့သို့ချရင်း ငိုင်နေမိသည်။ ကျွန်တော့်သူငယ်ချင်းများကလည်း ကျွန်တော့် ဝေဒနာကို ရိပ်မိပုံရသည်။ ဝဏ္ဏက…

"ဒါကတော့ ဒီလိုပေါ့ကွာ"တဲ့။

ကျွန်တော် ဘာမှ မဖြေမိ။

"စာအုပ်တွေ တော်တော် ရောင်းရတယ် နော်"တဲ့။ ကျွန်တော် ဘာမှ မဆိုမိ။

"ငွေနဲ့ စာအုပ် အရေအတွက် ကိုက်တယ် မဟုတ်လား"တဲ့။

ကျွန်တော် ဘာမှမသိ။ ကျွန်တော်သိသည့် တစ်ခုသာ ပြောလိုက်သည်။

"ငါ ပြန်တော့မယ်"

စိုးထိုက်က

"ဟာ…နေပါဦးဟ၊ ဒီကောင် ဘယ်လိုဖြစ် ရတာလဲ"

"မင်း မမအပြန် မစောင့်တော့ဘူးလား"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

"… … … …"

ဘာမှ မဖြေဖြစ်။

"ဒါဖြင့် ကော်ဖီ သောက်သွားလေကွာ"

"ဟင့်အင်း"

"ဟ…ဘာဖြစ်လို့လဲ"

ကျွန်တော်က နာကြည်းလေးလံစွာခေါင်းခါပြရင်း…

"ကော်ဖီက သိပ်ခါးတယ်ကွာ"

ထိုနေ့က ကော်ဖီ မသောက်ဖြစ်။

## အခန်း (၅)

ကျွန်တော် မမကို ဘယ်တော့မှမကြည့်တော့။

■ နှမ်းဂျာသိုင်း



www.burmeseclassic.com

www.burmeseclassic.com



# မေ့ကိုယ်

ပုတီးတုန်း၊

တောင်ငြိမ်ဘုန်း

(၁)

အလွန်ထူးဆန်းသည့်
အဖြစ်အပျက်တစ်ခုတော့
ပေါ့တယ်ပါ။ ထွေထွေ ရှင်ရှင်
တွေ့ ဗီဒီယိုတွေထဲကလို
အထိမ် အကောက် အရှုပ်
အထွေး၊တော်လာမ်း အကောက်
အကျလည်း ရှိချင်မှ ရှိနိုင်ပါ
လိမ့်မည်။

ထူးခို့တော့ နာမည်
က မြင့်တူး။ နယ်မြို့လေး
တစ်မြို့က မရိုးမရွခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com

မိသားစုတစ်စုက သားသမီး လေးငါးယောက်ထဲက အကြီးဆုံး၊ ဆယ်တန်းအောင်ပြီး တက္ကသိုလ်ကို ရှေ့ ကျောင်းတက်ချင်ပေမယ့် ကျွန်ုပ်တို့အသက်မွေးလိုက်ပြီး စာလေးစာသွန့်သာ ဘွဲ့တစ်ခုကိုရခဲ့သည်။ ဘွဲ့ရပြီးတော့ မိဘ လက်ငုတ်လက်ရင်း ကုန်သည်အလုပ်ကို ကျွန်တော်က စိတ်ဝင်စား၊ ပျော်မွေ့သော အလုပ် ရွေးကောင်းဖြစ်လိုသည်။ စက်တော်က ရှာသောသည့် ဘွဲ့ရလေးနှင့်ကလေးရာကစင်လှ။ သည်တော့ မိဘက ရတို့ခွင့်ပေးပြီး ရန်ကုန်ဆင်းခဲ့သည်။ တက်ကြွကြံ ရန်ကုန်မှာ လှည်းရနိုင်မည်၊ တိုးတက်ရာ တိုးတက် ကြောင်းလမ်း စွေ့ ဖြစ်နိုင်မည်ဟု ယုံကြည်ခဲ့၏။ မိဘတွေကလည်း ကျွန်တော့်ကို ယုံကြည်ကြသည်။ ရည်းစားသောမှာရှိ။ ရှပ်ရှဉ့်ရွေ သာရှ အလုပ် ဘူးသော ထိမွာသည့်သားကြီး။ သည်တော့...

“ငါ့သား ရန်ကုန် သွားသောသွား အလုပ် ရရင် အမေတို့ကိုစာရိုပေးမယ်။ ငါ့သားကို ယုံ တယ်”ဟု အားပေးသည်။ ကျွန်တော် ရန်ကုန်မှာ ရနိုင် တန်နိုင်ရှိလောက်တော့ ကျွန်တော် အိမ်က ထောက်ပံ့နိုင်တာ ကျွန်တော်သိသည်။ ဒါပေမယ့် ငိုဝှဲ့လျှံလျှံကြီး မော့တိတ်ကာလည်း သိရတော့ ထိမ် တော့ ထိမ်ကြာလေမဲ့ရှင်း။

“သား အလုပ်အမြန်ရအောင်ရှာပါ”ဟုသာ နှစ်သိမ့်စကား ဆိုနိုင်ခဲ့ပါသည်။

(၂)

ရန်ကုန်ရောက်ပြီး သိပ်မကြာခင်မှာ ကုမ္ပဏီတစ်ခုက အရောင်းမြှင့် ဝန်ထမ်းအလုပ်ကို ရမည်။ အကြံကြံပြီး အိမ်က ငွေသောသည့်ရွေက ရနိုင် စနိုင်ရဲ့ မြို့သောနဲ့ အလုပ်ဝင်ရွေက ဆိုလေး ရွှက်လောသည်။ သည်တော့ သည်အလုပ်ကလေးနှင့် သင်တန်းတွေတက်တွေတက်နိုင်ခဲ့သည်။

ရန်ကုန်မှာ သုံးနှစ်ကျော် ကျင်လည်လာပြီ ဆိုတော့ သင်တန်းလည်း ဝံ့သလောက်တက်ပြီး ကုမ္ပဏီတစ်ခုမှာလည်း အတော်အသင့် လစာကောင်း သော အလုပ်တစ်ခုကိုလည်းရပြီ ဘဝကတည်ငြိမ်သလို ဖြစ်လာပြီ။ အိမ်ကို ငွေပြန်မပို့နိုင်သေးပြီး အိမ် ကလော့ ငွေပြန်ပို့ပေးစရာ မလိုတော့။

“မင်းလောက်တော့လည်း ထဲလွှတ်ဘူးသား။ ဟိုရောက်နိုင်တော့ ရန်ကြံနိုင် ရှိတော့ရာ၊ တတ်စေတော့နဲ့ အလုပ်ကြီး အမေတို့ ရွေးတော်ရောက်လေး ကုန်သွား လိုက်ပါလေတယ်”

အမေ့ဆီက စာတစ်စောင်ပြီး သတိပြင်းကျွဲ့ မှာခဲ့ပါ၊ ဒါ သားမှာတက်နိုင်း၊ သူ ဆောက်က ကောင်းက စိတ်ရွေ့ရွေးရွှင့်တဲ့၊ ဆယ်တန်းမှာ အကြံပ်ကြံပ်ကျပြီး၊ မိဘကို ကူရာမသောတဲ့သူ။ လုပ်ငန်းကိုင်ငန်းတွေကလည်း အနှိုင်လို့ [illegible] တာ သူအသိခဲ့၊ ဒီကြာပဲမှာ [illegible]



www.burmeseclassic.com

www.burmeseclassic.com

ငွေကုန်ကြေးကျလည်း အများသား။ သူ မိဘဆီကို ငွေပြန်ပို့ချင်သော်ငြား သူ့လခက ပိုလှ တယ်မဟုတ်။ သူ့အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်တာကိုပင် တော်လှပြီ ဟုတွေးပြီး ဖြေရပြန်သည်။

သည်လို အခြေအနေမျိုးမှာပင် ခင်မြမြဆွေကို သူ ရင်းနှီးခွင့် ရလိုက်ခြင်းပင်။ အဖြစ်အပျက်က မဆန်းလှ။ ဟိုးအရင်က နာမည်ကြီးသင်တန်းတစ်ခုမှာဆုံဖြစ်ပြီး မျက်မှန်း တန်းခဲ့မိသူ။ အခုတစ်ခါ သင်တန်းတစ်ခုမှာ လာဆုံပြန်တော့ အကျွမ်းတဝင်အလွယ်တကူ ဖြစ်သွားတော့၏။

ခင်မြမြဆွေ၏ နေပုံထိုင်ပုံ၊ ဝတ်ပုံစားပုံမှာ အဆင့်အတန်းမြင့်သော်ငြား ခေတ်ဆန်လွန်းခြင်း၊ ကလက်တက်တက်နိုင်ခြင်းမရှိဟု သူကထင်သည်။ စတိုင်ဘောင်းဘီ ဝတ်လာသည့်နေ့မှာလည်း သူမက အနောက်ဆန်ဆန် လှပနေသလို မြန်မာဝတ်စုံ ဝတ်လာသည့်အခါမှာလည်း မြန်မာအလှ ပေါ်လွင်နေပြန်၏။

"လက်ဖက်ရည်
ကြိုက်တာမဟုတ်ဘူးဗျ။
လက်ဖက်ရည်ချစ်တာလို့
သုံးလို့ရတဲ့ အဆင့်ပါ"
စကားဖြတ်ပြီး ပြောပြီး
ခပ်ပြုံးပြုံးရှုံ့စိုက်ကြည့်ပြီးပြန်၏။
"ဒါဆို ကျွန်မကလည်း
ကော်ဖီချစ်သူလို့ ပြောလို့ ရနိုင်တယ်
ကိုမြင့်ထူးရဲ့"

အခုချိန်ထိ မိန်းကလေးတွေကို စိတ်ဝင်တစား မရှိတတ်ခဲ့ဖူးသူမို့ ခင်မြမြဆွေနှင့် ပတ်သက်လာသည့် အတွေးတွေကို ဘာသာအဲ့ဩမဆုံး။ အကြည့်တစ်ဝှေသည် မမှေ့နိုင်စရာ၊ ညအထိပါလာပြန်တော့ ခင်မြမြဆွေအပေါ် သူတိမ်းညွတ်မိနေပြီ နားလည်လိုက်၏။ သင်တန်းသည် လမ်းမကြီးမှ ဖွဲ့ဝင်ရသော လမ်းသွယ်ထဲမှာ ထိုလမ်းသွယ်၏ထိပ်၌ လက်ဖက်ရည်ဆိုင် ရှိသည်။ ရှစ်တန်း ကိုးတန်းလောက်က စပြီး သူအစွဲလမ်းဆုံး အရာမှာလက်ဖက်ရည်သာရှိခဲ့၏။ တစ်နေ့တစ်နေ့ မှာ လက်ဖက် ရည်သုံးလေးခွက် လောက်မှ မသောက်ရပါလျှင် နေမထိထိုင်မသာ။

"လက်ဖက်ရည်သမားမှာလည်း 'ရင်း'ရှိတယ်ဗျ။ ခင်ဗျားတို့ အရက်သမားတွေချည်း 'ရင်း' ထတတ်တယ် မထင်နဲ့.."

ဟု သူကအရက်စွဲနေသည့်အကြောင်းအသင်း

www.burmeseclassic.com



တွေကို ပြောခဲ့ဖူးသည်။ ယခုတော့ အစွဲအလမ်းတွေထဲမှာ ခင်မြမြဆွေ ပါလာတော့မည်လား။

သင်တန်းရှိရာ လမ်းသွယ်ထိပ်ကလက်ဖက်ရည်ဆိုင်မှာထိုင်ရင်း ချိုပေါ့ကျ လက်ဖက်ရည်တစ်ခွက်ကို တစ်မြုံ့မြုံ့သောက်ရင်း သူ့အတွေးတွေမှာ ခင်မြမြဆွေက လွှမ်းမိုးလာတော့သည်။ လက်မှနာရီကိုကြည့်လိုက်တော့ ခင်မြမြဆွေ ရောက်လာတော့မည့်အချိန်ပဲဟု သိရင်း ရင်အခုန်မြန်ချင်သည်။ ခင်မြမြဆွေက လမ်းသွယ်ထဲကိုလမ်းလျှောက်ဝင်လာနေကျ။ သူကလှမ်းငေးရင်း ပြုံးပြ နှုတ်ဆက်နေကျ။ ခင်မြမြဆွေ၏နှုတ်ခမ်းမှ အပြုံးထက် မျက်လုံးများက အညို့အငင်ကို သူ ယစ်မူးမိပြန်သည်။ ဖြတ်သွားပြီး ခင်မြမြဆွေ သင်တန်းခန်းမထဲ ရောက်နိုင်သည့်အချိန်အထိ သူ့အမြင်မှာ ခင်မြမြဆွေက ရှိဆဲ။ သူ့ အတွေးမှာ ခင်မြမြဆွေက လွှမ်းမိုးဆဲပင်။

"ကျွန်တော်က ငယ်ငယ်ကတည်းက လက်ဖက်ရည်ကို စွဲခဲ့တာဗျ။ မသောက်ရ မနေနိုင် အဆင့်ပဲ"

"ဒါကြောင့် ကိုမြင့်ထူးကို လမ်းထိပ်လက်ဖက်ရည်ဆိုင်မှာ နေ့တိုင်းတွေ့တာ ထင်တယ်"

"ဟုတ်တယ်ဗျ။ အဲဒီဆိုင်က လက်ဖက်ရည်လည်း သိပ်မဆိုးပါဘူး။ တစ်ခါလောက် လိုက်သောက် ကြည့်ပါလား"

သူ အရဲစွန့်ပြီး နှုတ်က ထွက်သွားသည်။ ပြီးတော့ သူ့ရင်ထဲက အလှုပ်အရှားကို ခင်မြမြဆွေများ ရိပ်မိသွားလေမလားဟု အကြည့်ကို လွှဲသည်။

"ကျွန်မ လက်ဖက်ရည် မကြိုက်ဘူး"

"ဗျာ"

"ဩော် . . . ကျွန်မက ကော်ဖီသမား။ ကိုမြင့်ထူး လက်ဖက်ရည် ကြိုက်သလို . . ."

"လက်ဖက်ရည် ကြိုက်တာမဟုတ်ဘူးဗျ။ လက်ဖက်ရည်ချစ်တာလို့ သုံးလို့ရတဲ့အဆင့်ပါ"

စကားဖြတ်ပြီး ပြောမိပြီး ခပ်ပြုံးပြုံးစူးစိုက်ကြည့်မိပြန်၏။

"ဒါဆို ကျွန်မကလည်း ကော်ဖီချစ်သူလို့ ပြောလို့ ရနိုင်တယ် . . ကိုမြင့်ထူးရဲ့"

"ဟုတ်တယ်၊ ကော်ဖီလည်း စွဲတာပဲ၊ ကျွန်တော့်အမေက ကော်ဖီသမား။ မိုးလင်းလို့ နိုးလာတာနဲ့ ကော်ဖီဖျော်သောက်တော့တာ"

"ကျွန်တော်က လက်ဖက်ရည် တစ်နေ့ သုံးလေး ခွက်ဆိုတော့ ကျန်းမာရေးအရတော့မကောင်းဘူးပေါ့ဗျာ။ အမေကတော့ ကြာရင် ဒုက္ခရောက်မယ်၊ လျှော့သောက်ပါလို့ ခဏခဏပြောတာ"

"ကျွန်မက ကိုမြင့်ထူးလောက် မများပေမယ့် တစ်နေ့တစ်ခွက်၊ တစ်ခါတစ်လေ နှစ်ခွက်လောက်တော့ သောက်ဖြစ်တယ်။ မသောက်ရရင်တော့ မနေ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူးလေ''

''လမ်းထိပ်မှာ တစ်ခါလောက် လိုက်သောက် ပါလားဗျာ။ ကျွန်တော် တိုက်ပါ့မယ်။ စကားလေးဘာလေး ပြောရတာပေါ့''

''ရပါတယ်··ကိုမြင့်ထူးရယ်''

အပြုံးအရယ်ဖြင့် ငြင်းသည်ကို သိလိုက်၏။

(၃)

သည်နေ့တော့ ခပ်လှမ်းလှမ်းကလျှောက်လာသော ခင်မြမြဆွေကိုလှမ်းမြင်တော့ နာရီ တစ်ချက်ကြည့်မိပြန်သည်။ အချိန်တော်တော်လေး စောပြီးရောက်လာသည်မို့ မရမက ကော်ဖီခေါ်တိုက်မည်ဟု တွေး၏။

''မခင်မြမြဆွေ''

ထုံးစံအတိုင်း ပြုံးပြပြီး မျက်နှာအလွှဲမှာ သူ့နှုတ်မှ အသံထွက်ပြီးထိုင်ရာမှထကာ အနားရောက်အောင် လျှောက်၏။

''အချိန်စောပါသေးတယ်။ ကျွန်တော် ကော်ဖီ တိုက်ပါရစေဗျာ''

တစ်ချက်တွေပြီး စဉ်းစားသည်။

''လာပါဗျာ၊ ခဏဝင်ထိုင်ပါ။ ကျွန်တော် စကား နည်းနည်းလည်း ပြောချင်လို့ပါ''

ဘာစကားပြောမည်ကို ရိပ်မိဟန် ရှက်သွေးဖျန်းသွားသော မျက်နှာကိုလည်း သတိထားဖြစ်၏။

''အိမ်က ကားက သွားစရာရှိလို့ ဒီနေ့ ကျွန်မကို စောစောလိုက်ပို့တာ၊ အချိန်နည်းနည်းစောပြီး ရောက်လာတာ''

''လာပါဗျာ၊ ဆိုင်ထဲမှာစကားပြောရအောင်''

အားနာမှုဖြင့် မငြင်းပယ်ရက်ဟန် သူ့မဆိုင်ထဲလိုက်လာစဉ်မှာတော့ ရင်ခုန်ကြည်နူးမှုဖြင့် စိတ်လှုပ်ရှားမိပြန်သည်။

''မခင်မြမြဆွေ··ကော်ဖီ ဘယ်လိုသောက်လဲဟင်··''

ကော်ဖီ မှာပေးနိုင်ဖို့ မေးသည်။

ပြုံးပြီး ခေါင်းကို ညင်ညင်သာသာရမ်းခါ၏။

''သောက်ပါဗျာ၊ ကျွန်တော်တိုက်ချင်လို့ပါ''

''ကျွန်မ သောက်ခဲ့ပြီးပါပြီ၊ မနက်တိုင်း ကျွန်မက ကော်ဖီတစ်ခွက် သောက်ပြီးမှ အပြင်ထွက်တာပါ။ ညနေပိုင်း တစ်ခွက်ကတော့ အချိန်ရှိရင် သောက်ဖြစ်ပါတယ်''

''ထပ်သောက်ပါဗျာ၊ ကျွန်တော်ဆို မနေနိုင်ဘူး၊ သောက်မိတာပဲ''

''ကျေးဇူးပဲကိုမြင့်ထူး··နောက်ကြုံမှ သောက်ပါမယ်။ ကိုမြင့်ထူး ပြောစရာရှိတယ်ဆို၊ ဘာပြောပြောလည်း ပြောလေ···''

အနားရောက်လာသည့် စားပွဲထိုးကလေးကို



www.burmeseclassic.com

www.burmeseclassic.com



မသောက်သေးဘူး ညီလေး ဟု ပြောလိုက်ရ၏။

ဘာပြောမှာလဲ..ပြောလေဆိုတော့ သူ ဘယ်ကစပြီး ပြောရမှန်း မသိအောင် ဖြစ်ရပြန်သည်။

“ဘယ်ရယ်မဟုတ်ပါဘူး၊ ကျွန်တော်နဲ့ မခင် မြမြဆွေတို့က သူငယ်ချင်းတွေ မိတ်ဆွေတွေ ဖြစ်နေပြီဆိုတော့ တရင်းတနှီးရှိချင်လို့ပါ။ ကျွန်တော့် အကြောင်းကို နည်းနည်း ပြောချင်တာပါ”

စကားစရင်းသူ့မိသားစုဘဝ၊သူ့ဘဝကို ခပ်တိုတို ပြောပြဖြစ်သည်။အမိကကတော့ အရင်က သူဘယ်မိန်းကလေးအပေါ်မှ စိတ်ဝင်တစား မရှိခဲ့တာ၊ ရည်းစားသနာ မထားဖြစ်ခဲ့တာ ခင်မြမြဆွေကို အသိပေးလိုခြင်း။ခင်မြမြဆွေက နာရီကြည့်စဉ် သူလည်း နာရီ ကို ကြည့်ဖြစ်၏။

“အချိန်နီးပြီ”

“ဟုတ်တယ်နော်...အချိန်ကုန်တာ မြန်လိုက်တာ”

သူ့စကားကြောင့် မျက်စောင်းတစ်ချက်အထိုး ရင်ထဲမှာတော့ အကြည်အနူးဖြင့် လှုပ်ရှားရပြန်၏။

> သူ အံ့သြဝမ်းသာသွားသည်။
> သည်နေ့တော့
> သူ့အချစ်ကို
> ဖွင့်ဟလိုက်မည် တွေး၏။
> သူမကလည်း
> ငြင်းပယ်မည့်ပုံမရှိဟု
> ဘာသာအားတင်းမိပြန်သည်။

(၄)

သည်ကနေ့ အတန်းအဆင်းမှာတော့ သူ့ရင်ထဲက စကားကို ပြောဖြစ်အောင် ပြောရတော့မည်ဟု သူဆုံးဖြတ်၏။ သင်တန်းကာလကာလည်း ပြီးဆုံးရန် သိပ်မလိုတော့၊ ခင်မြမြဆွေက သူနှင့်လက်ဖက်ရည် ဆိုင်မှာလည်း မကြာခဏထိုင်ဖြစ်ပြီး သူ တိမ်းညွတ်နေတာ သိနေမှာအမှန်၊ လိုက်လိုက်လျောလျော ပုံစံကိုလည်းပြသည်ဟု သူက နားလည်ထား၏။ သူ့ဘက်က ဖွင့်ပြောရုံသာရှိ

သော်ငြား၊ သည်ဘက်မှာ အတွေ့ အကြုံမရှိသူပီပီ ရင်ခုန် လှုပ်ရှားလွန်းပြီး မပြောဖြစ်။ ခင်မြမြဆွေက သူနှင့်လက်ဖက်ရည်ဆိုင်မှာ လိုက်ထိုင်ပြီး တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com

"ဘာလူးမောင်တိန်"က

တစ်ခွက်

ငါးထောင်တောင်နော်၊

ကျွန်တော့် လက်ဖက်ရည် ကရော"

""နှစ်ထောင်လောက်ရှိမှာပေါ့"

""ကျွန်တော်က တစ်ခွက်

နှစ်ရာ့ငါးဆယ်၊

သုံးရာတန် သောက်နေကျ"

မှုကော်ဖီ မသောက်တာတော့ သူ အံ့သြမိ သား။ သည်လို လမ်းဘေးက ဆိုင်မှာမို့ ကော်ဖီ မသောက်ချင်တာလား၊ အတွေးကြောင့် စိတ်အနှောင့် အယှက်တော့ ဖြစ်မိသေးသည်ပဲ။

"သင်တန်းလည်း ပြီးတော့မှာ ကျွန်တော်တို့ အေးအေးဆေးဆေး စကားပြောရင်း လက်ဖက်ရည်ဆိုင် ထိုင်ကြရအောင်"

"အင်း..ရပါတယ်..ဘယ်မှာထိုင်မလဲ"

"ဂျေဒိုးနပ်မှာ ထိုင်ရင် ကောင်းမလား"

"သူမ ကော်ဖီသောက်နိုင်ရန် သူက အတွေးနှင့် ဆိုင်ရွေးလိုက်၏။

"ဒီလိုလုပ်၊ ဒီနေ့..ကျွန်မကားပါလာတယ်"

"ကျွန်မ သောက်နေကျဆိုင် သွားသောက်ကြည့်ရအောင်"

"သွားလေ"

သူ အံ့သြ ဝမ်းသာသွားသည်။ သည်နေ့တော့ သူ့အချစ်ကို ဖွင့်ဟလိုက်မည် တွေး၏။ သူမကလည်း ငြင်း ပယ်မည့်ပုံမရှိဟု ဘာသာ အားတင်းမိပြန်သည်။

သင်တန်းအဆင်းမှာတော့ သူမ၏ကားလေးဖြင့် သူမထိုင်နေကျ၊ သောက်နေကျဆိုသော ကော်ဖီဆိုင် သို့မဟုတ် ကဖေးတစ်ခုသို့ရောက်ခဲ့ရတော့သည်။

(၅)

ဆိုင်အပြင်အဆင်ကအစ သူထိုင်ခဲ့ဖူးသော


www.burmeseclassic.com

www.burmeseclassic.com



လမ်းဘေးဆိုင်တွေနှင့် ဘာမျှမဆိုင်၊ သည်နှယ် အဆင့်မြင့်မြင့်ကဖေးဆိုင်တွေ ပေါ်လာတာ သူကြားမိ ဖတ်မိသော်လည်း တစ်ခါမှတော့ မရောက်ဖူးခဲ့။

"ဘာသောက်မှာလည်း"

"လက်ဖက်ရည်ပဲလေ"

"လက်ဖက်ရည်တွေက အမျိုးအစား အများကြီးရယ်...၊ ကိုမြင့်ထူးကြိုက်တာမှာလေ..."

"ကျွန်တော် မမှာတတ်ဘူး၊ ကျွန်တော်က ချိုပေါ့ကျ သောက်နေကျ"

"ဒါဆို ခပ်ပြင်းပြင်းပေါ့၊ 'ဒင်ဘူလာ' တစ်ခွက်"

အနားရောက်လာသည့် စားပွဲထိုးလေးကို သူမက မှာလိုက်၏။ ဘိုလိုပြောလိုက်သော လက်ဖက်ရည်နာမည်ကို သူ မကြားဖူးခဲ့။

"အစ်မကတော့ ဘလူးမောင်တိန်ပဲနော်"

"ဟုတ်တယ်..အစ်မကတော့ ဘလူးမောင်တိန်"

စားပွဲထိုးလေး ထွက်သွားသည်။

"နာမည်လေးက လှလိုက်တာ။ ဘလူးမောင်တိန် ဆိုတော့.. တောင်ပြာတန်းပေါ့နော်..."

ခေါင်းညိတ်ရင်း သူမက ပြုံးနေသည်။

ရှေ့မှာရှိသော မီနူးကတ်ဆီ ငုံ့ကြည့်မိ၏။ 'ဘလူးမောင်တိန်'ဟု ရေးထားသော ကော်ဖီကိုတွေ့သည်။ တန်ဖိုးက ငါးထောင်ပါလား။

ဘုရား..ဘုရား...ကော်ဖီတစ်ခွက်၏ တန်ဖိုးက ကျပ်ငါးထောင်။ သည်ကော်ဖီမျိုးကို မသောက်ရ မနေနိုင်အောင် ခင်မြမြဆွေက တစ်နေ့တစ်ခွက် နှစ်ခွက် သောက်တာတဲ့လား။

"မခင်မြမြဆွေရဲ့ 'ဘလူးမောင်တိန်'က တစ်ခွက် ငါးထောင်တောင်နော်၊ ကျွန်တော့် လက်ဖက်ရည် ကရော"

"နှစ်ထောင်လောက် ရှိမှာပေါ့"

"ကျွန်တော်က တစ်ခွက် နှစ်ရာ့ငါးဆယ်၊ သုံးရာတန် သောက်နေကျ"

"ဘယ်တူမှာလည်း ကိုမြင့်ထူးကလဲ။ ကျွန်မက 'ဘလူးမောင်တိန်'ကလွဲပြီး ဘာမှမတိုးတော့ဘူး၊ ကော်ဖီအဆီနဲ့ နှပ်ပြီးဖျော်ထားတာလေ.."

သူ့နှုတ်မှ ဘာမှ မထွက်မိတော့။သူ့မိသားစု မျက်နှာကို ကွက်ကနဲ ပြေးမြင်သည်။ စီးပွားကျလာသော မိဘများ၏ ညည်းညူသံကို ခံစားပြီးကြားယောင်သည်။

တောင်ပြာတန်းသည် ခင်မြမြဆွေနှင့် သူတို့၏ ဘဝကို ခြားနားစေခဲ့ပြီပဲ။ တောင်ပြာတန်းက သူ့အချစ်ကို ကာဆီးထားလိုက်ပြီပဲဟုသာ နားလည်ရင်း ရင်၌ ကြေကွဲနေမိပြန်သည်။

မောင်စိန်ဝင်း(ပုဗ္ဗားကုန်း)



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com

## (၁)

အရှေ့တောင်အာရှရဲ့ အညွှံဆုံးကော်ဖီဆိုင်လေးတစ်ဆိုင်အကြောင်း ပြောပြချင်ပါတယ်။

အဲ့ဒီဆိုင်က ခပ်ညံ့ညံ့ကော်ဖီတစ်ခွက်ကို သောက်သုံးချင်တယ် ဆိုရင်တော့ မိတ်ဆွေရဲ့အင်္ကျီအိပ်ကပ်ထဲမှာ မြန်မာငွေနှစ်ရာကျပ်လောက် ရှိဖို့လိုအပ်သလို ကျွန်တော်နဲ့ အချိန်နှစ်နာရီလောက်ကို လိုက်လံ ဖြုန်းတီးနိုင်ဖို့လည်း လိုအပ်ပါလိမ့်မယ်။ (ကျွန်တော်ဟာ အဲ့ဒီဆိုင်လေးမှာ တစ်ခါထိုင်ရင် အနည်းဆုံး နှစ်နာရီကြာလောက်အောင် တမေ့တမော ထိုင်တတ်လို့ပါ။)

ပြောရရင် အဲ့ဒီဆိုင်လေးဟာဆာကူရာတာဝါပေါ်မှာ မရှိသလို၊ ဆူပါမားကက်နဲ့ ရှော့ပင်းမောတွေပေါ်မှာလည်းမရှိဘူး။ ကားသံတွေဆူညံနေတဲ့ မြို့လယ်ရပ်ဝန်းမှာ မရှိသလို။ လူဂုဏ်တန်ရပ်ကွက်ခြံကျယ်ကြီးတွေထဲမှာလည်း မရှိဘူး။ တကယ်တော့ ကျွန်တော့်ရဲ့ ခပ်ညံ့ညံ့ကော်ဖီဆိုင်လေးဟာ မြို့ပြနဲ့ဝေးလံလှတဲ့မြို့သစ်လေးတစ်ခုမှာပဲ တိတ်တိတ်ဆိတ်ဆိတ် တည်ရှိနေခဲ့တာပါ။ (ဒါကြောင့်လည်း ခင်ဗျားမရောက်ဖူးဘူးခဲ့တာပေါ့။) ဒါပေမယ့် သင်သာ ခံစားမှု အားကောင်းမယ်ဆိုရင်တော့ ခုချိန်ကစလို့



www.burmeseclassic.com



ကျွန်တော်နဲ့အတူ အဲ့ဒီကော်ဖီဆိုင်လေးထဲကို လိုက်ပါနိုင်ပါတယ်။

ခုဆို ကျွန်တော်ဟာ အဲ့ဒီကော်ဖီဆိုင်လေးရဲ့ မလှမ်းမကမ်းမှာ ရပ်တန့် ငြိမ်သက်လို့…။ ပြီးတော့ ဆိုင်ထဲမှာမရှိနိုင်တော့တဲ့ တစ်စုံတစ်ယောက်ကို လွမ်းဆွတ်ငေးရီလို့…။ ဆိုင်လေးနဲ့ မလှမ်းမကမ်း ဘူတာရုံလေးထဲမှာတော့ နွမ်းလျအိမ်ပြန်လာသူတွေကို အပြည့်အသိပ်တင်ဆောင်ထားတဲ့ ရထားတစ်စီးဟာ ထွက်ခွာဖို့ တရှူးရှူးတရှဲရှဲ တာစူနေလေရဲ့…။ ကျွန်တော့်စိတ်တွေဟာ လွန်ခဲ့တဲ့ကာလတစ်ခုဆီကို သုတ်ကနဲ လွင့်မျောသွားပါတယ်။

(၂)

ကမ္ဘာပေါ်ရှိသမျှ အရည်တွေထဲမှာကျွန်တော် မကြိုက်ဆုံးက ဆေးခါးကြီး၊ ဓနိရည်နဲ့ ခပ်ကျဲကျဲကော်ဖီဖြစ်ပြီး၊ အကြိုက်ဆုံးအရည်ကတော့ အေးမြစွာရှိတဲ့ ဘီယာပါ။ ဒုတိယကြိုက်တာကတော့ ကျဆိမ့်ဆိမ့်လက်ဖက်ရည်ပေါ့။ ဒါနဲ့တောင် ကျွန်တော်ဟာ ဘာဖြစ်လို့ခပ်ညှံ့ညှံ့ကော်ဖီတစ်ခွက်ကို နှစ်သက်သွားခဲ့ရတာလဲ။ ပြောရရင် အဲ့ဒီနေ့ရဲ့ ရာသီဥတုက ကျွန်တော့်ကို အဲ့ဒီကော်ဖီဆိုင်လေးထဲ ပို့ဆောင်ပေးခဲ့လို့ပါ။

လမ်းသွားရင် ဘယ်တော့မှ ထီးမဆောင်းတတ်တဲ့ ကျွန်တော်ဟာ မိုးစိုမှာကိုလည်း သိပ်ပူပန်လေ့မရှိဘူး။ ဒါပေမယ့် အဲ့ဒီနေ့က မြို့သစ်လေးရဲ့ ဘူတာရုံဆီ အညောင်းပြေလမ်းလျှောက်လာရင်း မိုးသားတွေအုံ့မဲပြီး သည်းသည်းမဲမဲရွာချလာချိန်မှာတော့ ကျွန်တော်ဟာ မိုးခိုနိုင်မယ့်တစ်နေရာကို အပြေးအလွှား ရှာဖွေရပါတော့တယ်။ ကျွန်တော့်လက်ထဲ ပါလာတဲ့အငှားဆိုင်က စာအုပ်ကို မိုးစိုမှာစိုးရိမ်သွားလို့ပါ။ ကျွန်တော်ဟာ စာအုပ်ငှားဖတ်တာ ဝါသနာပါပေမယ့် စာအုပ်တန်ဖိုးလျော်ရတာကိုတော့ ဘယ်လိုမှသဘောမကျပါဘူး။ ဒါကြောင့် ဘူတာရုံလေးနဲ့ မလှမ်းမကမ်းဆိုင်လေးထဲကို ရောက်ရှိသွားရတာပါ။

"ဘာသောက်မလဲ"

ဆိုင်လေးထဲရောက်တယ်ဆိုရင်ပဲ အက်ရှရှ အသံလေးတစ်ခုက ကျွန်တော့်ကို ဆီးကြိုတယ်။ မှောင်ရိပ်ကျကျ ကောင်တာနောက်က လှမ်းမေးလိုက်တာမို့ သူ့ကိုမမြင်ရဘူး။

"လက်ဖက်ရည်တစ်ခွက်ပေးပါ"

"လက်ဖက်ရည်မရဘူး"

"ဒါဆိုလည်း အအေးတစ်လုံးပေါ့"

"အအေးလည်းမရဘူးရှင့်၊ ဒီဆိုင်မှာ ကော်ဖီတစ်မျိုးပဲရတယ်"

မမှာပဲ ဝင်ထိုင်ရင် မကောင်းတော့တာမို့ ကော်ဖီပဲပေးပါလို့ ပြောလိုက်ရတယ်။ (ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ကြိုက်တဲ့ဘီယာကလည်း သူ့ဆိုင်မှာရှိပုံမှ မပေါ်ပဲကိုး) ဒါကြောင့် မကြိုက်တဲ့ကော်ဖီကို အောင့်အည်းသောက်ဖို့မှာလိုက်ရတာပါ။ ကောင်တာ နောက်က အမျိုးသမီးလေးဟာ ဖျော်ခုံနောက်ရောက်သွားပြီး ကော်ဖီကို ဇွန်းနဲ့ တစ်ဒေါက်ဒေါက် မွှေလို့ဖျော်ပါတယ်။ အဲ့ဒီနောက်တော့ ခြေသံ တစ်ဖျောက်ဖျောက်ပေးပြီး ကျွန်တော့်နားကို ကော်ဖီလာချတယ်။

ဒီတော့မှ ကောင်မလေးဟာ လှတပတလေးပါလားဆိုတာ ကျွန်တော် သတိထားမိသွားတယ်။ သူမကတော့ ကျွန်တော့်အကြည့်တွေကို ဂရုမစိုက်ဘဲ မျက်မှောင်နှစ်ဖက်ကျုံ့လို့ စူပုတ်ပုတ်မျက်နှာလေးနဲ့ပါ။ (နောက်မှသိရတာက သူမဟာ အစ်မနဲ့ စကားများထားလို့ အဲ့ဒီနေ့က မျက်နှာတင်းနေတာပါလို့ ဖြေရှင်းချက်ပေးပါတယ်)

ကျွန်တော်ဟာ ကောင်တာဆီ ပြန်လျှောက်သွားတဲ့ သူမကိုငေးရင်း ကော်ဖီကို မော့သောက်လိုက်တော့ ကျွန်တော့်တစ်ကိုယ်လုံး စိမ့်ခနဲ ဖျင်းခနဲဖြစ်သွားလေရဲ့။ ကော်ဖီက ညှံ့လွန်းလို့ပါ။

ကမ္ဘာပေါ်မှာ ဒီလောက်ညံ့တဲ့ကော်ဖီကို ဘာကြောင့်များ ဒီလောက်လှတဲ့ ကောင်မလေးက ဖျော်ရတာလဲဆိုတာကိုလည်း နားမလည်နိုင်အောင်ဖြစ်သွားရပါသေးတယ်။ (ဒါကိုတော့ သူမက နည်းနည်းမှခံချင်ပုံမရဘူး။ နောင်အခါ ကျွန်တော့်ကိုခုလိုပြောပြတယ်)

"အံမယ်လေး ကိုကိုကသာ ညံ့တယ်ပြောနေ။ ဒီနားတစ်ဝိုက်က လူတွေကတော့ မီးကော်ဖီမှ မီးကော်ဖီပဲ သိလား"

"ဒီနားမှာ တခြားကော်ဖီဆိုင် မရှိလို့လား"

"ရှိသားပဲ၊ နှစ်ဆိုင်တောင် ဒါပေမယ့် အဲ့ဒီဆိုင်တွေက အကြွေးမရဘူးလေ ဟဲဟဲ"

ကော်ဖီကို ခပ်ညံ့ညံ့သာဖျော်တတ်တဲ့ ကောင်မလေးနဲ့ ဘဝကို ခပ်ကြမ်းကြမ်း ရုန်းကန်နေရသူ စာရေးဆရာတစ်ယောက်တို့ရဲ့ တွေ့ဆုံပုံက သိပ်တော့လည်း ကဗျာမဆန်လှပါဘူး။ မိုးနတ်မင်းကြီးရဲ့ လှည့်ဖျားမှုကြောင့် အရှေ့တောင်အာရှမှာ အညံ့ဆုံးကော်ဖီနဲ့ အလှဆုံးကောင်မလေးကို ယှဉ်တွဲတွေ့ခဲ့ ပြီးနောက်ပိုင်းမှာတော့ ကျွန်တော်ဟာ ခပ်ကျဲကျဲကော်ဖီရည်တွေကို ကြိတ်မှိတ် မြိုချတတ်လာရဲ့။ နောက်တော့လည်း သူမရဲ့ခပ်ညံ့ညံ့ကော်ဖီကို တစ်နေ့တစ်ခါ မသောက်ရရင် မနေနိုင်လောက်အောင်ကို စွဲလမ်းသွားတော့တာပါ။

(၃)

"ဒီနေ့တော့ စောသားပဲ"

"ဘယ်နေ့က နောက်ကျဖူးလို့လဲ မီးရဲ့"

"အံမာ မနေ့က လုံးလုံးရောက်မလာဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com

"ဩော်...မနေ့ကလား၊ ဟဲဟဲ... မနေ့ကလေ"

"သိသားပဲ ဘီယာဆိုင်ထိုင်နေတာ မဟုတ်လား။ မောင်လေးဖိုးသား ပြောလို့သိပြီးသား.....အရောင်းမြှင့်တင်ရေးလာတဲ့ ကောင်မလေးတွေနဲ့ အီကြာလုပ် နေတာမဟုတ်လား။ ဒီနေ့တော့ မသောက်ရတော့ဘူး မှတ်"

"စိတ်ချပါ ကိုယ်မသောက်တော့ပါဘူး"

"ဘီယာပြောတာမဟုတ်ဘူး။ မီးရဲ့ကော်ဖီ မသောက်ရတော့ဘူးလို့ ပြောတာ။ ဒဏ်ပေးတဲ့ အနေနဲ့ ဖျော်မပေးတော့ဘူး။ သောက်ချင်ရင် ဖိုးသားကို ဖျော်ခိုင်း"

သူမရဲ့ ခပ်ညှုံ့ညှုံ့ကော်ဖီကို ကျွန်တော့်ရဲ့ ခပ်ညှုံ့ညှုံ့ဝတ္ထုတိုလေးတွေနဲ့ လဲလှယ်ခံစားကြရင်း ကျွန်တော်တို့နှစ်ယောက် အဆွေခင်ပွန်းအဖြစ်ကို ရောက်ရှိလာခဲ့ကြတာပါ။

သူမမှာ အစ်မတစ်ယောက်၊ အစ်မယောက်ျား ခဲအိုတစ်ယောက်နဲ့ မောင်လေးတစ် ယောက်ရှိပြီး အရင်းနှီးဆုံးမိတ်ဆွေကတော့ ကျွန်တော်တစ်ယောက်ပဲ ရှိပါသတဲ့။ အစက သူမတို့ရဲ့ ခပ်စုတ်စုတ်ဆိုင်ကလေးကို လက်ဖက်ရည်ဆိုင်ကြီးအဖြစ် ပြောင်းလဲဖို့ စိတ်ကူးယဉ်အိပ်မက်မက်ခဲ့တာဖြစ်ပေမယ့် လက်ဖက်ရည်အဖျော်ဆရာထွက်သွားပြီး၊နောက်တစ်ယောက်လည်း ထပ်မငှားနိုင်တော့တဲ့အခါ ( လောလောဆယ် ကျောင်းပိတ်ထားတဲ့ သူမက) အဖျော်ဆရာနေရာကို ဝင်ယူခဲ့တာလို့ဆိုတယ်။ (အဲ့ဒီနေရာယူနိုင်ဖို့ အစ်မနဲ့ အတော်အတိုက်အခံလုပ်ခဲ့ရပါသတဲ့။)

"မီးက ငယ်ငယ်လေးကတည်းက ကော်ဖီကြိုက်ခဲ့တာ။ အမေ့နို့ဖြတ်တုန်းကတောင် ဘာနဲ့မှဖြတ်မရပဲ ကာဖီရည်တွေဝယ်တိုက်တော့မှ ဖြတ်သွားတာ။ ကဲဘီဘယ်လောက် ကော်ဖီကြိုက်သလဲ"

"မီးက လက်ဖက်သုပ်၊ ဂျင်းသုပ်သုပ်ရတာ ဝါသနာမပါဘူး။ ဒါကြောင့် ဒီနေရာကို ရွေးလိုက်တာ"

သူမရဲ့အစ်မက လ္ဘက်သုပ်ရောင်းပြီး၊ ခဲအိုကတော့ တစ်ဆိုင်လုံးရဲ့ လက်တိုလက်တောင်းပါ။ ဒါပေမယ့် တကယ်ဖျော်တဲ့အခါ လက်ဖက်ရည်မဖျော်တတ်လို့ ကော်ဖီတစ်မျိုးပဲ ဖျော်ရောင်းရင်း ကော်ဖီ(စပယ်ရှယ်လစ်)တစ်ယောက် ဖြစ်မှန်းမသိ ဖြစ်လာခဲ့ပါသတဲ့။ ခဲအိုဟာ အစ်မရဲ့ ကြိုးဆွဲရာဖြစ်ပြီး၊ သူမကတော့

www.burmeseclassic.com

www.burmeseclassic.com



အစ်မနဲ့ တိုက်ပွဲဝင်နေကျ တိုက်ဖော်တိုက်ဖက်တွေ ဖြစ်တယ်လို့လည်း ဆိုပါတယ်။

"အဲ့လူကြီး စဉ်းစားကြည့်လေ။ မီးက ငယ်ငယ်လေးကတည်းက ကော်ဖီကြိုက်ခဲ့တာ။ အမေ့ နို့ဖြတ်တုန်းကတောင် ဘာနဲ့မှဖြတ်မရပဲ ကာဖီရည် တွေဝယ်တိုက်တော့မှ ပြတ်သွားတာ။ ကဲ မီး ဘယ် လောက် ကော်ဖီကြိုက်သလဲ စဉ်းစားကြည့်ပေါ့။ အဲ့ဒါကြောင့် ကော်ဖီတစ်မျိုးပဲ ဖျော်ရောင်းမယ်ဆိုပြီး ဆုံးဖြတ်ခဲ့တာ။ အဲဒါကိုလေသိလား အစ်မက နို့ဆီ လျှော့ခိုင်း၊ သကြားလျှော့ခိုင်း၊ ရေနွေးပိုရောခိုင်းနဲ့ ဆိုတော့ မီးကော်ဖီက ဘယ်လိုလုပ် ကောင်းတော့ မှာလဲ။ နော့…။ အဲတော့ မီးနဲ့သူနဲ့ ခဏခဏ စကားများရတော့တာပေါ့"

"ခုထိ များတုန်းပဲလား"

"အဟဲ ခုတော့ သိပ်မများတော့ပါဘူး။ မီးလည်း အဲဒီကော်ဖီကျဲကျဲတွေ ကြိတ်မှိတ်သောက် ရင်း ကြိုက်သွားလိုက်တာ ခုဆိုကော်ဖီဆိုရင် ကျဲကျဲပဲ ဖျော်တတ်တော့တယ်။ သိပ်ကောင်းအောင် မဖျော် တတ်တော့ဘူးလေ။ ဟဲဟဲ…ဒါနဲ့ အဲ့လူကြီးကော မီးကော်ဖီတွေသောက်ရတာ အဆင်ပြေရဲ့လားဟင်"

မှုသားမပါ၊ လက်မချောဆိုတော့ ကျွန်တော် လည်း ခုလို ပြန်ဖြေရတာပေါ့။

"အစကတော့ ကြိတ်မှိတ်မျိုချခဲ့ရတာပါပဲ"

"ခုကော ဟင်၊ ခုကော‥ ကြိုက်သွားရော လား"

"အင်း…လုံးလုံးကို အဆင်မပြေသေးဘူး မီးရဲ့"

"ဟာကွာ အဲ့လူကြီးကလည်း…"

သူမက ကျွန်တော့်လက်မောင်းကို ဖြောင်း ခနဲမြည်အောင် ရိုက်ပါတယ်။

ဒါကြောင့်ထင်ပါရဲ့၊ နောက်နှစ်ပတ်လောက် ကြာတော့ ကလေးမလေးခမြာ ကောင်းကောင်းဝင်္ခ လည်ရှာတော့တာပဲ။ (ကျွန်တော့်ကိုရိုက်ခဲ့တဲ့ သူမရဲ့ လက်ကလေးပြန်နဲ့ပြီး အနမ်းခံလိုက်ရလို့ပါ။)

"အို အဲ့ဒါ ဘာလုပ်တာလဲ လူကြီးရဲ့"

"နမ်းလိုက်တာပေါ့။ အဲ့ဒီလက်နဲ့ မင်း ကိုယ့် လက်မောင်းကိုရိုက်ခဲ့လို့ ပြန်နဲ့ပြီး ကလဲ့စားချေလိုက် တာ…"

"ဟာ လူကြီးကလည်း‥"

"ဘာလဲ မကျေနပ်ဖူးလား"

"ကျေ ကျေနပ်ပါတယ် ဒါပေမယ့်… "

"ဘာဖြစ်လို့လဲ မီးရဲ့"

"မီး စောစောလေးကပဲ ရေအိမ်ဝင်ခဲ့သေး တာ၊ လက်မဆေးရသေးဘူးလား မသိဘူး"

"အဲ…"

ကောင်းရော…။ ဘာပဲဖြစ်ဖြစ် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



နမ်းခဲ့တာ ညာဘက်လက်လေးမို့ တော်သေးရဲ့လို့ စိတ်ဖြေရပါတယ်။

(၄)

လေတွေက ညင်ညင်သာသာ တိုက်ခတ်နေရာကနေ မိုးမှုန်လေးတွေပါ ပါဝင်လာကြတယ်။ အဝေးကိုအားယူပြေးမယ့် ရထားကြီးကတော့ ရှူးရှူးရှဲရှဲအသံတွေဆူညံလို့ ဘူတာရုံလေးထဲကနေ စတင်ထွက်ခွာလာတယ်။ (ဂျုံးဂျုံး ဂျက်ဂျက်)

ကျွန်တော်ဟာ အရင်ကညစ်ထပ်ထပ် ကော်ဖီရည်ဆိုင်လေးသာဖြစ်ခဲ့ပေမယ့် (ခုချိန်မှာ တောက်ပြောင်တဲ့ လက်ဖက်ရည်ဆိုင်ကြီးအဖြစ် ပြောင်းလဲသွားတဲ့) အဆောက်အအုံရှိရာကို ငေးကြည့်နေမိတယ်။ မိုးစရွာလာပေမယ့် ကျွန်တော်မိုးခိုဖို့ကို နည်းနည်းလေးမှ စိတ်မကူးဘူး။ အထူးသဖြင့် အဲ့ဒီဆိုင်ရှိရာကို တော့ ဘယ်နည်းနဲ့မှ သွားမခိုနိုင်ဘူး။

ရထားကြီးဟာ ဆူဆူညံညံနဲ့ ကျွန်တော့်အနားက ဖြတ်သွားလေရဲ့။ (ဂျုံးဂျုံး ဂျက်ဂျက်)

အရင်ကလည်း အဲ့ဒီရထားသံဟာ ကျွန်တော်တို့နှစ်ယောက်ရဲ့ စကားသံတွေအကြား မကြာခဏနှောင့်ယှက်ခဲ့ဖူးတယ်။ ရထားများဖြတ်ပြီဆို ကျွန်တော်တို့နှစ်ယောက်ဟာ အမြဲပဲစကားကို အော်ပြောရလေ့ရှိတယ်။

"မီး ကိုယ်မေးထားတာ စဉ်းစားပြီးပြီလား"(ဂျုံးဂျုံးဂျက်ဂျက်)

"ဘာလဲကိုကို…ဘာပြောလိုက်တာ"(ဂျုံးဂျုံးဂျက်ဂျက်)

"ကိုယ် မေးထားတာလေ… လက်ထပ်ဖို့ကိစ္စ…"(ဂျုံးဂျုံးဂျက်ဂျက်)

"ဘာရယ် ဩော် ဟုတ်ပြီ၊ ဖျော်လိုက်မယ်လေ။ နောက်တစ်ခွက် ထပ်သောက်မှာ မဟုတ်လား"(ဂျုံးဂျုံးဂျက်ဂျက်)

အဲ့လိုပါပဲ။ ကော်ဖီကို မကျဲကျဲအောင် ကျကျနနဖျော်တတ်သူလေးဟာ ရထားများဖြတ်ပြီဆို သူကြားချင်ရာတွေ ကြားတော့တာပဲ။ တခါကလည်း အဲ့ဒီ ရထားဖြတ်သွားတာကိုကြည့်ပြီး ခုလိုပြောဖူးသေးတယ်။

"ကိုကိုနဲ့မီး လက်ထပ်ပြီးရင်လေ…"

"ဟင် ဘာလဲ…"

"ဩော် ကိုကိုနဲ့မီး လက်ထပ်ပြီးရင်လို့… ကြားလား‥"

"အင်း…ကြားပြီ ကြားပြီ"

အလိုက်ကန်းဆိုး မသိတဲ့ရထားကအရှိန်ယူပြီး ဖြတ်နေတုန်းမို့ပါ။

"မီးတို့လေ သိလား။ မီးနဲ့ကိုကိုနဲ့လို့ ပြောတာ…၊ မီးတို့ အဲဒီရထားနဲ့ ဟန်းနီးမွန်းထွက်ကြမယ်။ မကောင်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း။ ဒါနဲ့ နေပါဦး မီးရဲ့။ အဲ့ဒီရထားက ဘယ်ကိုသွားတာလဲ"

"သိဘူးလေ...တိုးကြောင်လေးဆိုလား၊ ဒဂုံတက္ကသိုလ်ဆိုလား..."

ဟန်းနီးမွန်းကို မန္တလေးလောက်ထွက်ရမယ့်အစား မြို့သစ်လေးနဲ့ဘာမှ မဝေးတဲ့ တိုးကြောင်လေးဆိုတာကြောင့် ကျွန်တော် ကိုယ့်နဖူးကိုယ် ရိုက်ရင်း "သေလိုက်ပါတော့"လို့ ညည်းတော့ သူမက ခုလိုပြောတယ်။

"ဘာလဲဟင်။ ကော်ဖီယူအုံးမလို့လား တော်တော့ ကိုကိုသောက်တာ သိပ်များနေပြီ" တဲ့..။

ရထားကြီးဟာ အတော်ဝေးဝေးကို ရောက်ရှိသွားပေမယ့် မာန်ပါလှတဲ့သူ့ရဲ့ ဥသြသံကတော့ ကျယ်ကျယ်လွင့်လွင့်ရှိနေတုန်းပါ။ ကျွန်တော်ဟာ ရွေ့ရွေ့ဝေးသွားတဲ့ရထားကြီးကို နာနာကြည်းကြည်း စိုက်ကြည့်နေမိရဲ့။ သူသာ လူသားတစ်ယောက် ဖြစ်ခဲ့ရင် ကျွန်တော်အခုလို မေးလိုက်ချင်ပါတယ်။

"ကျွန်တော်တို့နှစ်ယောက်ကြားမှာ ခင်ဗျားဘာဖြစ်လို့ ဗီလိန်အဖြစ် ဝင်ပါခဲ့ရတာလဲ"...လို့ပါ။

(၅)

အဲ့ဒီနေ့ဟာ ဒီနေ့လိုမျိုး မိုးတွေဖွဲဖွဲ ရွာမနေခဲ့ဘူး။

အေးမြတဲ့မိုးရေစက်တွေအစား နွေလေပူတွေသာ ဦးတည်ရာမဲ့ ကဆုန်စိုင်းနေကြတဲ့နေ့ပါ။သစ်ရွက်တွေခြောက်သွေ့တွန့်လိပ်ပြီး ကတ္တရာလမ်းတွေတောင်အရည်ပျော်စပြုလာတဲ့ ပူပြင်းလှတဲ့နေ့ တစ်နေ့ပေါ့။

အဲဒီလိုပူပြင်းနေမှုဟာ ကျွန်တော်နဲ့ ကျွန်တော့်ရဲ့ ကော်ဖီချစ်သူလေးအကြား ကံဆိုးစေမယ့်အတိတ်နိမိတ်ပဲလို့ လုံးလုံးမထင်မိခဲ့ဘူး။ ချစ်သူနှစ်ယောက် စကားပြောတိုင်းအမြဲနှောင့်ယှက်ခဲ့တဲ့ ရထားကြီးဟာ ကျွန်တော်တို့နှစ်ယောက်ရဲ့ဘဝတွေကိုပါ အသေအချာနှောင့်ယှက်တော့မယ့် လူသားတစ်ယောက်ကို သူ့ကျောပြင်ပေါ်တင်ဆောင်လို့ ခေါ်ယူလာလိမ့်မယ်လို့ ထင်မှ မထင်မိခဲ့ပဲကိုး။

ဒါကြောင့်လည်း အသားမဲမဲ၊ မိုက်ရွဲရွဲနဲ့ အသက်လေးဆယ် ကျော်လူတစ်ယောက်ကို သူမရဲ့ အစ်မက 'အမျိုးပါ'လို့ မိတ်ဆက်ပေးလာတော့ ကျွန်တော်အမှန်တကယ် ယုံကြည်ခဲ့မိတာပါ။ ဒါပေမယ့် ကျွန်တော့်ရဲ့ ချစ်လှစွာသောအမျိုးသမီးလေးကတော့ဖြင့် သိသိသာသာမှုပျက်နေလေရဲ့။ လူအလစ်မှာ ခိုးတွေ့နေကျ ဆိုင်အနောက်ဖက် ရထားသံလမ်းနားရောက်တော့...။

"ကိုကို ဘာသိလို့လဲ။ အဲ့ဒါ နယ်က အမျိုးမဟုတ်ဘူး။ ဘာမှလည်း မတော်ဘူး။ အစ်မတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ဖွင့်ဖို့သူက ငွေထုတ်ချေးထားတာ၊ ခုလည်း ဆိုင်ချဲ့ရအောင် ငွေထပ်ထုတ်ချေးပေးဖို့ လာတာ။ သူက‥သူက‥မီးကို လက်ထပ်ချင်နေတာ။ ငွေနဲ့ဖိပြီး လက်ထပ်ခိုင်းနေတာ"

ကျွန်တော့်နားထဲမှာ လေပြင်းတိုက်ခတ်သံတွေ ဆူညံသွားတယ်။

ခုတော့ဖြင့် မုန်တိုင်းဟာ ကျွန်တော်တို့ နှစ်ယောက်ကြားကို အသေအချာ ရောက်ရှိလာခဲ့ပေါ့။ ခန္ဓာကိုယ်တစ်ခုလုံး ကျောက်ရုပ်အဖြစ် ကျွန်တော် အသက်ကင်းမဲ့သွားချိန်မှာ သူမက ကျွန်တော့်ရင်ခွင်ထဲဝင်ပြီး ကျုံကျုံပါအောင် ငိုပါတယ်။ ပြီးတော့ ကျွန်တော့်နားထဲ ချော်ရည်ပူတွေကို လောင်းထည့်လာလေရဲ့။

"ကိုကိုနဲ့သာလွဲရရင် မီးတော့ ကိုယ့်ကိုယ်ကို သတ်သေပစ်လိုက်မှာပဲ"

အဲဒီညက ချစ်သူရဲ့စကားဟာ ကျွန်တော့် နှလုံးသားကို ကြေမွစေခဲ့ပြီး နောက်တစ်နေ့ သူမ အစ်မရဲ့စကားကတော့ တစ်စစီဖြစ်နေတဲ့ နှလုံးသားကို အပြီးတိုင် မီးလောင်တိုက်သွင်းပါတော့တယ်။

"အားတော့နာပါတယ် စာရေးဆရာရယ်။ တို့မိသားစုရဲ့စားဝတ်နေရေးနဲ့ မောင်လေးကို ကျောင်းထားဖို့ ရှေ့ရေးကရှိသေးတယ်လေ။ အဲဒီတော့ မင်းနောက်ဆုတ်ပေးပါကွယ်"

မိုးမှုန်တွေဟာ ပိုပြီးအရှိန်ကောင်းလာတယ်။ ကျွန်တော်ဟာ မိုးစက်တွေကြားထဲမှာ ချမ်းစိမ့်စိမ့်ဖြစ်လာရင်း တစ်ချိန်က အရှေ့တောင်အာရှရဲ့ အညံ့ဆုံးကော်ဖီကျဲကျဲလေးတစ်ခွက်ကို သတိရလာတယ်။ (ကျွန်တော်အိမ်ပြန် သင့်ပြီလား) ကျွန်တော်သောက်

နမ်းခဲ့တာ

ညာဘက်လက်လေးမို့

တော်သေးရဲ့လို့

စိတ်ဖြေရပါတယ်။

ချင်လှတဲ့ ခပ်ညံ့ညံ့ကော်ဖီမျိုး ရနိုင်မယ့် ခပ်စုပ်စုပ်ကော်ဖီဆိုင်လေး တစ်ဆိုင်တလေကို ရှာမတွေ့နိုင်တော့ဘူးလား။

အဲ့ဒီဆိုင်ဟာ ဆာကူရာတာဝါပေါ်မှာ မရှိသလို၊ ဆူပါမားကက်နဲ့ ရှေ့ပင်းမောတွေပေါ်မှာလည်း မရှိဘူး။ ပြီးတော့ ကားသံတွေဆူညံနေတဲ့ မြို့လယ်ရပ်ဝန်းမှာမရှိသလို၊ လူဂုဏ်တန်ရပ်ကွက် ခြံကျယ်ကြီးတွေမှာလည်း မရှိဘူးဆိုတာ ကျွန်တော်သိပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ပြောရရင် ခုချိန်မှာ အဲ့ဒီဆိုင်လေးဟာ ဘယ်မှာမှ မရှိနိုင်တော့ပါဘူး။

(၆)

မိုးမည်းမည်းထဲမှာ အလွမ်းသည်းသည်းနဲ့ ကျွန်တော်အိမ်ပြန်ရောက်တော့ ကိုယ်တွေ ခြစ်ခြစ်တောက်ပူပြီး ဖျားလေရဲ့။ ဇနီးသည်က ထီးယူမသွားရကောင်းလား တပြစ်တောက်တောက် အပြစ်တင်ရင်း ကော်ဖီကျဲကျဲ တစ်ခွက်ဖျော်တိုက်တယ်။ ကျွန်တော်သောက်ချင်လှတဲ့ ခပ်ညံ့ညံ့ကော်ဖီမျိုးပါ။ (ဒါပေမယ့် ခုကော်ဖီက ဟိုးအရင်က ကော်ဖီထက်ပိုညံ့ပါတယ်)

"ပြောပါအုံး ထီးမပါဘဲ မိုးရွာထဲဘယ်လျှောက်သွားနေတာလဲ။ ဘာလဲ ဘီယာဆိုင်လိုက်ရှာတာလား"

"မဟုတ်ပါဘူးကွာ၊ ကော်ဖီဆိုင်လေးကို သွားကြည့်တာပါ"

"ဘာရယ်...ကော်ဖီဆိုင် ဟုတ်လား။ ဘယ်ကကော်ဖီဆိုင်လဲ"

"ဘယ်ဆိုင်ရှိရမှာလဲကွာ၊ တစ်ချိန်တုန်းက မင်းအဖျော်ဆရာလုပ်ခဲ့တဲ့ ကော်ဖီဆိုင်လေးပေါ့၊ ဒါနဲ့ပြောပါအုံး၊ အဲဒီတုန်းက မင်းအစ်မ ဘာကြောင့် စိတ်ပြောင်းသွားရတာလဲ"

သူမက လေးဆယ်ကျော်အပြုံးကို လှလှပပပြုံးရင်း လျှို့ဝှက်ချက်ကို ဖွင့်ဟလာတယ်။

"ဘာကြောင့်ရှိရမှာလဲရှင်။ မီးရထားကြောင့်ပေါ့။ သဘောမတူဘဲ အတင်းစီစဉ်ရင် ရထားအောက်ဝင်သေလိုက်မယ်ပြောတော့မှ အစ်မလက်လျှော့ သွားတာလေ"

အဲဒီအချိန်မှာပဲ ကျွန်တော်တို့အိမ်လေးနဲ့ သိတ်မဝေးတဲ့ဘူတာရုံဆီက ရထားဥသြသံဟာ ဆွဲဆွဲငင်ငင် လွင့်ပျံ့လာတယ်။ ကျွန်တော်ကတစ်ချိန်လုံး ဗီလိန်လို့ထင်ထားခဲ့မိတဲ့ ရှည်မျောမျောသတ္တဝါကြီးဟာ လက်စသတ်တော့ ဗီလိန်မဟုတ်ဘဲ ဖူးစာရေးနတ်ပါလားလို့ သိလိုက်ရချိန်မှာ ရထားဥသြသံဟာ အရင်ကလိုမဆူညံတော့ဘဲ ချိုမြိန်လာလေရဲ့။ ဒါပေမယ့် ကောက်မော့လိုက်တဲ့ သူမရဲ့ ကော်ဖီကတော့ လုံးလုံးမချိုပါဘူး။ ဒါကြောင့် ကျွန်တော်မေးလိုက်တယ်။

"မင်းကော်ဖီတွေ ဘာဖြစ်လို့ ပိုပိုကျဲလာတာလဲကွာ"


"အို ရှင်ကလည်း ကလေးတွေတောင် အပျိုလူပျိုဖြစ်တော့မယ့်ဥစ္စာ။ နို့ဆီသကြားပိုပြီး ချွေတာရတော့မှာပေါ့"...တဲ့။

နေရှာ



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

(၁)

ချစ်သူနှင့်အတူ ကော်ဖီသောက်ရခြင်းသည် [illegible]တစ်ပုဒ်။

ဆီးနှင်းမြူဝေဝေဝါးဝါးအောက်မှ ပါရီမြို့၏ ကော်ဖီဆိုင်များ။ ထိုအတွင်းတွင် ကော်ဖီရနံ့နှင့်အငွေ့တို့ လုံးထွေးကာ ပျံ့နှံ့လျက်[illegible]အိုးမှ တစ်ခွက်ပြီးတစ်ခွက်သောက်ရင်း ငြိမ်သက်နေသူ၊ စကားပြောဆိုဆွေးနွေးနေသူ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ သူ့အုပ်စုနှင့်သူ။ ထိုနေရာမှ ကမ္ဘာကျော် ပန်းချီတွေ၊ စာ၊ ကဗျာ၊ အတွေးအခေါ်တွေ မြောက်မြားစွာ ပေါ်ထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ပန်းချီကားတွေ ကြည့်ရင်း ကျွန်တော် စွဲလမ်းခဲ့သည်။

ယခုလည်း ချစ်ခြင်းအတွက် ရည်ညွှန်းသည့် ပန်းချီကားတစ်ချပ်ကို ကျွန်တော်ခွဲကြည့်ချင်သည်။ အပြာရောင်ပါးပါးကောင်းကင်တွင် ထူပိန်းပျစ်ခဲသည့် တိမ်တိုက်တွေ။ ဖြူနီပြာဝါပန်းရောင်စုံတွေက ကိုယ့်ကိုဝိုင်းပတ် ထားသလိုမျိုး။ ပန်းခင်းအလယ်တွင် လဲလျောင်းနေရသည့်ခံစားချက်မျိုး ဖြစ်စေချင်သည်။

ဆေးရောင်များ၏ စိုပြေလင်းလက်မှုနှင့် ရင်ခုန်ကြည်နူးမှု တို့ကို ချစ်သူအား လက်ဆောင် အဖြစ်ပေးချင်သည်။

(၂)

ကျွန်တော့်ချစ်သူက ကော်ဖီကြိုက်နှစ်သက်သည့်နေရာတွင် အစွဲအလမ်းကြီးပြီး ကဗျာဆန်စွာ သောက်တတ်သူဖြစ်သည်။ လွယ်လွယ်ကူကူ တွေ့ကရာ ကော်ဖီတွေသောက်တတ်သည့်ကျွန်တော့်ကို အမြဲတမ်း အပြစ်တင် ဆူပူလေ့ရှိသည်။ သူမက အသင့်ဖျော် ကော်ဖီမစ်ထုပ်ဆိုလျှင် အဝေးကြီး။ နာမည်ကြီးဆိုင်က ဖျော်ပေးသည့်ကော်ဖီကိုပင် လက်မခံပါ။

"ကိုထွေး လက်ဖက်ရည်ပဲကြိုက်ကြိုက်၊ ကော်ဖီပဲကြိုက်ကြိုက် ကေ ဘာမှမပြောချင်ဘူး။ အဆင်သင့်တွေ့တဲ့ကော်ဖီမစ်ထုပ်ကို တံဆိပ်မရွေးဘဲ သောက်တာ၊ ဘယ်လက်ဖက်ရည်ဆိုင်ပဲဖြစ်ဖြစ် ဆိုင်မရွေးဘဲ ထိုင်တတ်တာ၊ လုံးဝမဟုတ်သေးဘူး။ ကိုယ်ကြိုက်တဲ့အရာပေါ်မှာ စည်းကမ်းတော့ရှိသင့်တယ်"

"သူငယ်ချင်းမိတ်ဆွေတွေနဲ့ဆိုတော့ ကိုယ်က ဆိုင်ရွေးနေလို့မရဘူးလေ"

"သူများအပေါ်မှာ လွှဲမချပါနဲ့၊ ကိုယ်မသောက်ချင်ရင် ငြင်းရမယ်၊ ကိုယ့်မှာ ငြင်းပိုင်ခွင့်ရှိတယ်၊ ပြီးတော့ ကိုယ်ဘာကြိုက်တယ်ဆိုတာ ရှင်းရှင်း လင်းလင်းတိတိကျကျပြောပြထားရမယ် "

ကျွန်တော်ကော်ဖီကောင်းကောင်းကြိုက်ပါသည်။ တချို့ကော်ဖီတွေကို ကျွန်တော်သဘောကျသည်။ သို့ရာတွင် သူမလောက်တော့ ကိုယ့်အကြိုက်ကို တင်းကျပ်စွာ ကန့်သတ်မထားနိုင်ပါ။ လက်ဖက်ရည်ကိုလည်း နှစ်သက်စွာ သောက်နိုင်ပါသည်။ မြို့ပြယဉ်ကျေးမှုထဲတွင် လက်ဖက်ရည်၊ ကော်ဖီတို့က မရှိမဖြစ်နေရာတိုင်းမှာ ပါဝင်နေသည်။ ဘယ်လိုမှ ခွဲခြားရှောင်တိမ်း၍မဖြစ်နိုင်ပါ။

"ကိုထွေးကို ကေ ကြည့်နေတာ ကြာပြီ ဘယ်လိုကော်ဖီအရသာမျိုး ကြိုက်တယ်ဆိုတာ ဒီနေ့ အပြတ်ပြောရမယ်"

"တို့ကြိုက်တာက တို့ချစ်သူနဲ့အတူ ကော်ဖီ သောက်ရတာကိုပဲ"

ကျွန်တော့် အဖြေစကားကို သူသဘောမကျ

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း သူမ၏မျက်ဝန်းတွင် ကြည်နူးရင်ခုန်ခြင်းကိုတော့ ဖုံးကွယ်၍မရပါ။ "ကေ့အတွက် အချစ်နဲ့ ကော်ဖီအပေါ်မှာ ခံစားချက်ခြင်း၊ သဘောထားခြင်း အတူတူပဲ၊ ကော်ဖီဆိုရင် အမျိုးအစားတစ်ခု၊ အရသာတစ်ခုပေါ်မှာ စွဲစွဲလမ်းလမ်းသစ္စာရှိရှိ ကြိုက်တယ်။ အဲဒါမှမရရင် တစ်သက်လုံးမသောက်ဘဲနေလိုက်မယ်၊ ဘယ်အရာနဲ့မှအစား မထိုးဘူး။ အချစ်မှာလည်း ကေကဒီလိုပဲသဘောထားတယ်။ ကိုယ်ချစ်တဲ့သူက တစ်ယောက်တည်းပဲ" ဟု ချက်ချင်းတုန့်ပြန်သည်။ ကျွန်တော့်အတွက် ဂုဏ်ယူစရာကောင်းသည့်စကား။ ကဗျာတစ်ပုဒ်၏ ပြီးပြည့်စုံခြင်းမျိုး။ ကေ့ကို ကျွန်တော်ပို၍ချစ်မိသည်။

ကေက ကော်ဖီအိုးကို ငှဲ့လိုက်သည်နှင့် ကော်ဖီရနံ့က ရုတ်ခြည်းဝေ့ဝဲ မွှေးပျံ့လာသည်။ ကေကော်ဖီအိုးငှဲ့နေပုံက ဓာတ်ခွဲခန်းထဲမှ ပညာရှင်တစ်ယောက်လိုတိကျမှု၊ သတိကြီးမှု၊ ကျွမ်းကျင်မှုများနှင့်။ သို့ရာတွင် ကေက လှပပြီး အနုပညာဆန်သည်။ သီးခြားပေးထားသည့် နို့ခွက်ကိုလည်း သေသပ်စွာလောင်းထည့်သည်။ သကြားထုပ်ကိုတော့ သူမလုံးဝထိလိမ့်မည်မဟုတ်ပါ။

သူမကော်ဖီဖျော်နေပုံက တကယ်စွဲမက်စရာ။ ကျွန်တော် သူမကို ပထမဆုံးသတိထားမိသည်မှာ ဤသို့ကော်ဖီဖျော်နေစဉ်ပင်ဖြစ်သည်။ ခေါင်းငုံ့လိုက်တိုင်း တခြမ်းစောင်းအရှည် ထားသည့်ဆံပင်များက ဝေ့ကနဲဝဲကျလာသည်။ ထိုပုံစံလေးက မျက်လုံးထဲမှမထွက်ပါ။ နှလုံးသားတွင် ရင်ခုန်စွဲငြိသွားပြီဖြစ်ကြောင်း ကော်ဖီတစ်ခွက်မကုန်မီ နားလည်သိရှိလိုက်သည်။

ယခုလည်း "ဘာငေးကြည့်နေတာလဲ၊ ကော်ဖီမထည့်သေးဘူးလား" ဟု ကေမေးတော့မှ ငေးကြည့်နေခြင်းကို ကိုယ့်ဘာသာသတိထားမိသည်။ အငိုက်မိသွားသည့် ကျွန်တော့်အကြည့်တွေကို ကေစုဆောင်းထားမည်ဆိုလျှင် ကောင်းကင်ပြာလို အဆုံးမရှိကြောင်း သိပါလိမ့်မည်။

သူမနှင့်အတူ ကော်ဖီဆိုင်ထိုင်ရသည့်အချိန်တိုင်း ကိုယ့်ကော်ဖီ ကိုယ်ဖျော်သောက်ရသည့် အလုပ်က ကျွန်တော့်အတွက် ဘယ်တော့မှ အဆင်ပြေနိုင်မည်မထင်ပါ။ သူမထိုင်သည့်ဆိုင်က ကော်ဖီအိုး၊ နို့ခွက်၊ သကြားထုပ် သီးခြားစီ ချပေးကြသည်။ များသောအားဖြင့် ဟိုတယ်နှင့်အတူ တွဲဖက်၍ ဖွင့်ထားကြသည့်ဆိုင်မျိုး။ ကော်ဖီကလည်း တစ်ခွက်တည်းမဟုတ်ပါ။ တစ်ယောက်စာ ကော်ဖီအိုးတွင် သာမန်ကော်ဖီခွက် သုံးလေးခွက်ရှိသည်။ ကျွန်တော်တို့ရေနွေးကြမ်းသောက်သလို တစ်ခွက်ပြီးတစ်ခွက် တစိမ့်စိမ့် သောက်တတ်ကြသည်။ ကျွန်တော်က ကော်ဖီနှစ်ခွက်ဆက်ပြီး သောက်နိုင်သည့် သူ မဟုတ်

www.burmeseclassic.com

ပါ။

"အရမ်းအားနာစရာဖြစ်နေပြီ။ ဆယ့်ငါးမိနစ်လောက် ဒီမှာစောင့်နေရလိမ့်မယ်၊ ကေ ဒီနားက လပြည့်ဝန်းပလာဇာကို ခဏသွားရမယ်၊ မေမေ မှာထားတဲ့ပစ္စည်းက လူကြုံနဲ့ရောက်နေတယ်။ အဲဒီလူကို ကေတွေ့မှဖြစ်မယ်။ အချိန်မတိကျတာ ကေ သဘောမကျဘူး"

ကော်ဖီတစ်ငုံမှ မသောက်ရသေးဘဲ ဖုန်းတစ်ချက်ဝင်လာသဖြင့် သူမအရေးကြီးသည့်အမူအရာနှင့် ထထွက်သွားသည်။ ဤပုံစံက ကျွန်တော် မြင်တွေ့နေကျမဟုတ်ပါ။ အလုပ်ကိစ္စများ ရှင်းလင်းပြီး၊ အချိန်အပြည့်အဝ ရပြီဆိုမှ သူမ ကော်ဖီဆိုင်ထိုင်တတ်သည်။ ကုမ္ပဏီတွင်လည်း ပိုင်ရှင်ဖြစ်ပေမယ့် နေ့လယ်ထမင်းစားအလုပ်နားချိန်မှ အေးဆေးစွာ ကော်ဖီဖျော်သောက်တတ်ပါသည်။ အလုပ်လုပ်နေစဉ် ကော်ဖီခွက်နှင့်အတူ သူမကို မြင်တွေ့ရလိမ့်မည်မဟုတ်ပါ။

စားပွဲမှ ထထွက်ခါနီးတွင် "ကေ့ ကော်ဖီခွက်ကို သေချာဂရုစိုက်ပါနော်၊ ကိုထွေးက ကေ့ချစ်သူဖြစ်ပေမယ့် ကော်ဖီခွက်ကိုင်တာ၊ နေရာရွှေ့လိုက်တာ လုံးဝလုပ်ခွင့်မရှိဘူး။ ကေ သတိပေးတာနော်"ဟုပြောသွားသည်။

"စိတ်ချပါ၊ ဘာမှမလုပ်ပါဘူး။ ဒါပေမဲ့ ကော်ဖီတွေ အေးကုန်လိမ့်မယ်"

ကျွန်တော်သတိပေးလိုက်သည်။ ကေက "ဒါက သဘာဝတရားပဲ၊ အေးချင်သလောက် အေးပါစေ၊ အရသာက ပြောင်းမသွားပါဘူး"ဟု ပြန်ပြောသည်။

ကော်ဖီဆိုလျှင် ပူနေမှမဟုတ်ဘဲ အေးသွားလည်း သူမ သောက်တတ်ကြောင်း ကျွန်တော့်မှတ်ဉာဏ်ထဲမှာ ထည့်သွင်းလိုက်ရသည်။

## (၃)

နှစ်ယောက်အတူ ရှိနေရာမှ တစ်ယောက်ထွက်ခွာသွားခြင်းသည် အစားထိုးဖြည့်တင်းမရသည့် ဒြပ်ထုမဲ့လစ်ဟာမှုဖြစ်သည်။ ချစ်သူအတွက် ဆယ့်ငါးမိနစ်စောင့်ဆိုင်းရခြင်းက ကဗျာတစ်ပုဒ် ရေးစပ်သီဖွဲ့နိုင်သည်ထိ ကြာမြင့်ပါသည်။ ကော်ဖီခွက်ကို ကောက်ကိုင်မိပြီးမှ သူမပြန်လာမှအတူသောက်တော့မည်ဟု တွေးမိသည်။ ကော်ဖီသောက်ရာမှာလည်း အေးအတူ ပူအမျှဖြစ်သင့်သည်။

ပါရီမြို့က ကော်ဖီဆိုင်တွေမှာလည်း ကွဲကွာခြင်း၊ ခွဲခွာခြင်းတို့ ရှိခဲ့လိမ့်မည်။ သူငယ်ချင်း၊ မိတ်ဆွေ၊ ချစ်သူတွေနှင့်။ ထိုအချိန်မှာလည်း အနုပညာရှင်များသည် နာကျင်ကြေကွဲတဲ့ခံစားချက်တွေနှင့် သူတို့အနုပညာကို ဖန်တီးခဲ့ကြပေလိမ့်မည်။ အထီးကျန်ခြင်း၊ ခြောက်သွေ့ခြင်းကို ထင်ဟပ်သည့် ပန်းချီ

www.burmeseclassic.com

www.burmeseclassic.com



ကားတွေ၊ စာကဗျာနှင့် ပြဇာတ်တွေများစွာ။ ကျွန်တော် ထိုပန်းချီကားမျိုးကို မပိုင်ဆိုင်ချင်ပါ။ တဝက်တပျက်နှင့် ရပ်တန့်ထားခဲ့ရသော ကျွန်တော်၏ ကောင်းကင်ပြာပန်းချီကားကိုပဲ ဆက်ပြီးဆွဲချင်ပါသည်။

ကျွန်တော့် အတွေးများက ကမ္ဘာတစ်ခြမ်းသို့ ရောက်ရှိနစ်မွန်းနေတုန်း "ကိုထွေး ကိုထွေး"ဟု ခေါ်သံနှင့်အတူ ပခုံးကို ခပ်ကြမ်းကြမ်းကိုင်လှုပ်ခံလိုက်ရသည်။ ရှုတ်တရက်မို့ ကြောင်သွားသည်။

"ကိုထွေး သတိရပြီလား၊ ဒီက ဘယ်သူ ဆိုတာ သိပါတယ်နော်"

တစ်ချက်ကြည့်ပြီး ကျွန်တော် ထခုန်မတတ်ကြောက်လန့်သွားသည်။ ဆံပင်အရောင်၊ ဒီဇိုင်းအသစ်နှင့် အင်္ကျီအဝတ်အစား လုံးဝ ပြောင်းလဲထားပေမယ့် အေမိုကို လူမှားစရာ အကြောင်းမရှိပါ။ စင်ကာပူတွင် ဒီပလိုမာသင်တန်းတစ်ခုသွားတက်နေရာမှ ဝုန်းခနဲ မျက်လှည့်ပြသလို ရောက်လာသည်။ စိတ်ထဲက မေ့ဖျောက် ထားသည်မှာ လေးငါးလရှိပြီ။

"ကေ
ကော်ဖီခွက်ကို
သေချာဂရုစိုက်ပါနော်၊
ကိုထွေးက
ကေ့ချစ်သူဖြစ်ပေမဲ့
ကော်ဖီခွက်ကိုင်တာ၊
နေရာရွှေ့လိုက်တာ
လုံးဝလုပ်ခွင့်မရှိဘူး။
ကေ
သတိပေးတာနော်"

"အမလေး..အေမိုကိုတွေ့တာ သရဲတွေ့သလို မျက်လုံးကြီးပြူးလို့၊ ကိုထွေးဘာကြောင့်ကြောက် တယ်ဆိုတာ ရေရေလည်လည် သိတယ်၊ ကိုထွေးတို့ ချစ်သူဖြစ်သွားကြပြီဆိုတာ သတင်းရပြီးသား၊ ဒါပေမဲ့ အေမီ မရှိမှ အဖြေပေးတယ်လို့ ပြောတာ အရမ်းလွန်တယ်၊ အေမီရဲ့ ဂုဏ်သိက္ခာကို ထိခိုက်တယ်၊ ကိုထွေးကို အတင်းဝင်ကပ်နေသလိုမျိုး ဖြစ်နေတယ်"

အေမီက ကေထိုင်ခဲ့သည့် ခုံတွင် ဝင်ထိုင်လိုက်သည်။ ကျွန်တော် စိုးရိမ်စွာ လှမ်းတားမိသည်။ အေမီက ထူးဆန်းသလို မျက်လုံးပင့်ပြီး၊ "ဒီမှာ ဧည့်သည် ရှိလို့လား"ဟု ပြန်မေးသည်။

ကျွန်တော် အမှန်တိုင်းပြော၍မဖြစ်ပါ။ အေမီနှင့်ကေက ညီမဝမ်းကွဲ တော်စပ်ကြပေမယ့် မျက်နှာချင်းမဆိုင်ချင်အောင် မုန်းကြသည်။ အေမီနှင့် လုံးဝမဆက်ဆံဘဲ ကင်းကင်းရှင်းရှင်းနေရန် အကြိမ်ပေါင်းများစွာသတိပေးထားသည်။ ကျွန်တော်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှမဖြစ်နိုင်ပါ။ အေမီတို့မိသားစုနှင့် စီးပွားရေး၊ လူမှုရေး နှစ်များစွာ ရင်းနှီးလုပ်ကိုင်လာခဲ့ပြီးမှ ကေတို့နှင့် တွေ့ရခြင်းဖြစ်သည်။ ထို့အပြင် အေမီ ဒီပလိုမာသင်တန်း သွားတက်ခြင်းကလည်း ကျွန်တော်နှင့် ဘာမှမဆိုင်ပါ။

“နိုင်ငံခြားဧည့်သည် မဟုတ်ဘူး၊ နယ်က သူငယ်ချင်း တစ်ယောက်ပါ၊ ကော်ဖီတောင်မသောက်ရသေးဘူး၊ အရေးကြီးတဲ့ကိစ္စကြောင့် ခဏထွက်သွားတယ်၊ အေမီအတွက် သီးသန့်ထပ်မှာပေးမယ်လေ၊ ဒီခွက်ကိုတော့ မသောက်ပါနဲ့၊ ကော်ဖီကအေးချင်အေးနေလိမ့်မယ်”

“အေမီလည်း အချိန်မရပါဘူး၊ ဒီခွက်ပဲ သောက်သွားလိုက်မယ်”

အေမီက ဆက်ကနဲ ကော်ဖီခွက်အဖုံးကို ဖွင့်ကြည့်လိုက်သည်။ သောက်ချင်ရင်သောက်ပါစေဟု ဟန်ဆောင်ပြီး ကျွန်တော်မနေနိုင်ပါ။ ကော်ဖီခွက်ကို ကျွန်တော်ထိုင်ရာမှ ထဆွဲသော်လည်း မရပါ။ အေမီက ရှောင်တိမ်းရင်း ကော်ဖီတစ်ငုံ သောက်ပစ်လိုက်သည်။ ကျွန်တော့်အဖြစ်က ကိုးရိုးကားရား ရုပ်ပျက်ဆင်းပျက်။

“အေမီ ကြိုက်သလို တောင်းပန်ပါ့မယ်၊ ကော်ဖီခွက်ကို ပြန်ချပေးပါ”

အေမီက ခေါင်းခါယမ်းလိုက်သည်။

“အရသာနည်းနည်းသောက်ကြည့်လိုက်တာနဲ့ သိတယ်၊ ဒီပုံစံက သူ့အတိုးနဲ့သူပဲ တစ်ထပ်တည်းတူအောင် ဖျော်နိုင်ကြတယ်၊ ရွှေခေတ်စတိုင်တွေ၊ ကိုထွေးက ဂေါက်ရဲ့ကော်ဖီလို့ ဝန်မခံချင်ဘူး၊ ဒါကြောင့်ပဲ အေမီသောက်ပစ်ရလိမ့်မယ်”ဟု ပြောကာ ကော်ဖီခွက်ကို လက်မှမချတော့။

ကျွန်တော်ဘယ်လိုမှမတတ်နိုင်ပါ။ ကော်ဖီတစ်ခွက်နှင့် ကျွန်တော် အမုန်းမခံချင်ပါ။ အထူးသဖြင့် ခင်မင်နေကြသည့်မိတ်ဆွေ၊ သူငယ်ချင်းတွေနှင့် ပို၍မဖြစ်ချင်ပါ။

“အမြင်ကတတ်လို့သောက်လိုက်တာ၊ ဘယ်လိုမှ မခံစားရဘူး။ ဒီလောက် ညံ့တဲ့ကော်ဖီကို ဘယ်သူမှပေးမတိုက်ဘူး။ ကိုထွေးကို ဘယ်လောက်ပဲချစ်ချစ် တစ်သက်လုံးသောက်ရမယ် မထင်နဲ့၊ သူ့ကော်ဖီကို အေမီသောက်သွားတာသိရင် ဘာဖြစ်မလဲမသိဘူး။ ကြားထဲက ကိုထွေးတော့ စိတ်ညစ်နေပြီထင်တယ်”

ကျွန်တော်ပြန်မပြောနိုင်မီ အေမီ၏ လက်ကိုင်ဖုန်း မြည်လာသည်။ ကျွန်တော်မကြားရအောင် ခပ်တိုးတိုး ပြောဆိုပြီး “ကိစ္စရှိလို့ အေမီသွားတော့မယ်၊ ကိုထွေး နဲ့ နောက်မှ အေးအေးဆေးဆေးတွေ့အုံးမယ်”ဟု ကြိုမှာသွားသည်။ ကျွန်တော် ခေါင်းညိတ်ဖို့ မေ့သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



(၄)

ကျွန်တော် ပန်းချီကားကို ဆက်ပြီး မဆွဲနိုင်သေးပါ။ လောလောဆယ် ကျွန်တော့်အတွက် အလိုအပ်ဆုံးမှာ ကော်ဖီတစ်ခွက်ဖြစ်သည်။

အဖုံးဖွင့်လျက်သား ကော်ဖီခွက်ကို ငေးစိုက်ကြည့်ရင်း ကေ မျက်နှာပျက်သွားသည်။ အိမ်ထွက်သွားပြီး ကေ ပြန်ရောက်လာသည့် အချိန်အပိုင်းအခြားလေးတွင် ကျွန်တော် ပြောရမည့်စကားလုံးတွေ အမြန်ဆုံး ပြင်ဆင်ထားပြီးဖြစ်သည်။

"ကေ့ကို ဘယ်လိုတောင်းပန်ရမလဲမသိဘူး၊ မမျှော်လင့်ဘဲရောက်လာတဲ့ သူငယ်ချင်းတစ်ယောက်က မပြောမဆိုနဲ့ ကော်ဖီကို သောက်သွားတယ်၊ တို့အမြန်ဆုံးတားပေမယ့် နောက်ကျသွားပြီ၊ တို့က အပြစ်တင်မိတော့ စိတ်ဆိုးပြီး ချက်ချင်း ထပြန်သွားတယ်"

"ဘယ်လိုပဲဖြစ်ဖြစ် ကော်ဖီခွက်ကို ကိုထွေး မထိန်းသိမ်းနိုင်ခဲ့ဘူး၊ ခဏလေးစောင့်ခိုင်းတာကို ဂရုမစိုက်တာပါ၊ ကေရဲ့စကားနဲ့ ကော်ဖီကို လုံးဝနားမလည်တာ သေချာသွားပြီ၊ တကယ်တော့ ဒီကော်ဖီနဲ့ ကေရဲ့ဘဝက အတူတူပါပဲ၊ ကေရဲ့ဘဝမှာ ကေဖျော်ထားတဲ့ ကော်ဖီကို သူများသောက်သွားတဲ့ အဖြစ်မျိုး တစ်ခါမှ မဖြစ်ခဲ့ဘူး၊ အခု ကိုထွေးလက်ထဲ ကေရဲ့ဘဝကို ဘယ်လိုစိတ်ချ ယုံကြည်ပြီး ပုံအပ်

---

ကျွန်တော်
ပန်းချီကားကို
ဆက်ပြီး
မဆွဲနိုင်သေးပါ။
လောလောဆယ်
ကျွန်တော့်အတွက်
အလိုအပ်ဆုံးမှာ
ကော်ဖီတစ်ခွက်
ဖြစ်သည်။

---



www.burmeseclassic.com

www.burmeseclassic.com



ရမှာလဲ''

''ကေ ကြိုက်သလိုပြောပါ၊ တို့ ခံပါ့မယ်၊ ဒါပေမယ့် ကော်ဖီတစ်ခွက် အသစ်ဖျော်လိုက်ပါအုံး၊ ကော်ဖီပူပူလေးသောက်ရင်း စကားပြောရတာ ပို ကောင်းပါတယ်...''

''မြစ်တစ်ခုမှာ ရေနှစ်ခါဆင်းချိုးလို့မရဘူး ကိုထွေး၊ ခုနက ကေနဲ့ အခုရှိနေတဲ့ကေက လုံးဝမတူ တော့ဘူး၊ အရမ်းခြားနားသွားပြီ၊ အခု ကေက ကိုထွေး ကို မချစ်နိုင်တော့ဘူး၊ ကေတို့ ချစ်သူအဖြစ်က ဒီမှာ ပြီးဆုံးသွားပြီ''

ကျွန်တော့်ရှေ့တွင်ရှိသော ကေ၏ပါးစပ်ထဲမှ ယခင်နှင့် လုံးဝမတူသည့် စကားတွေ ကြားလိုက် ရသည်။ ကြည်လင်တောက်ပသည့် အပြာရောင် ကောင်းကင်ထက်သို့ မိုးသားတိမ်တိုက်တွေ ပြေး တက်လာသည်။ တဖြည်းဖြည်း မှောင်ရီညို့မှိုင်း၍ စိတ်အားငယ်စရာဖြစ်လာသည်။

''ကေ့ဆုံးဖြတ်ချက် အရမ်းလွန်သွားပြီ ထင် တယ်၊ နှစ်တွေနဲ့ရင်းပြီး ကေ့အပေါ်မှာ ချစ်ခဲ့ရတဲ့ အချစ်ကို လုံးဝ ထည့်မစဉ်းစားဘူး၊ မယုံကြည်ဘူး'' ဟု ကျွန်တော်ပြောချလိုက်သည်။

''အချစ်က အကောင်းဆုံး ဖျော်ထားတဲ့ ကော်ဖီလိုပဲ အရောင်၊ အနံ့၊ အရသာ အားလုံးပြည့်စုံဖို့ လိုအပ်တယ်၊ အရသာကောင်းပြီး အရောင်မလှရင်၊ ဆွဲဆောင်မှုမရှိရင် ဘယ်သူမှကိုင်မကြည့်ဘူး၊ အရောင် ကလည်းလှပြီး အနံ့က အရမ်းမွှေးမြနေပေမယ့် အရသာမကောင်းဘူးဆိုရင် ဆက်ပြီး သောက်ကြမှာ မဟုတ်ဘူး၊ ကေ ယုံကြည်တဲ့အချစ်က အရောင်၊ အနံ့၊ အရသာ တညီတည်း ရှိနေရမယ်။ တစ်ခုခု ချို့ယွင်းလို့ မရဘူး၊ ကိုထွေးပြောတဲ့ သူငယ်ချင်းက ကေ့ရဲ့ဖုန်းကို မက်ဆေ့ချ် ပို့ထားတယ်''

လက်ကိုင်ဖုန်းကို ကျွန်တော့်မျက်နှာရှေ့တွင် ထောင်ပြလိုက်သည်။

*နင်ရဲ့ ညှို့ဖျင်းတဲ့ ကော်ဖီအတွက် ကျေးဇူး တင်တယ်၊*

အေမီ... တဲ့။

(၅)

ကျွန်တော် ပန်းချီဆရာတစ်ယောက် မဟုတ် ပါ။

ပန်းချီကားတစ်ချပ်ကို ဘယ်တုန်းကမှ မရေး ဆွဲဘူးပါ။ ကျွန်တော့်စိတ်ထဲမှာ တစ်ချိန်က ဖြစ်တည် နေခဲ့သည့် အပြာရောင်ကောင်းကင် ပန်းချီကားကို ကော်ဖီသောက်သည့်အချိန်တိုင်း သတိရမြင်ယောင် မိသည်။ အပြာရောင်၏ အတိုင်းအဆမဲ့ နက်ရှိုင်း ဝေးကွာခြင်းကို ပို၍ ခံစားတတ်လာသည်။

ကော်ဖီတစ်ခွက်၏ အမိပ္ပာယ်ထဲတွင် အပြာရောင်ကောင်းကင်လို နက်ရှိုင်းဝေးကွာခြင်း



www.burmeseclassic.com

www.burmeseclassic.com



အသေအချာရှိနိုင်ပါသည်။ ကော်ဖီတစ်စိမ့်စိမ့်သောက်ရင်း ကမ္ဘာကျော် ပန်းချီကားတွေ၊ စာကဗျာ၊ အတွေးအခေါ်တွေ ဖန်တီးထုဆစ်ခဲ့ကြသည်ပဲ။ သူတို့အတွက် ကော်ဖီလက်ကျန် တစ်စက်၊ တစ်ပေါက်ကလည်း အနုပညာစိညာဉ်ကို ကြီးမားစွာ လှုပ်နိုးနိုင်သည့် အားအင်မျိုး ဖြစ်ပါလိမ့်မည်။

ကေ့ ကို ကျွန်တော် အပြစ်မတင်ချင်ပါ။

ကော်ဖီအပေါ်မှာ စွဲလမ်းမှုတွေနှင့်ကေ့ဘဝကို တည်ဆောက်ထားခြင်း ဖြစ်နိုင်ပါသည်။ အလုပ်ကိစ္စပဲဖြစ်ဖြစ်၊ လူမှုရေးအခက်အခဲ၊ ကိုယ်ရေးကိုယ်တာ ပြဿနာပဲဖြစ်ဖြစ် ကော်ဖီတစ်ခွက်၏ အားအင်တွေ၊ အတွေးတွေနှဲ့ ကြံ့ကြံ့ခံပြီး ရင်ဆိုင်ကျော်လွှားခဲ့ခြင်း ဖြစ်နိုင်ပါသည်။ ကျွန်တော်သေချာစွာ မသိနိုင်ပါ။ လောကတွင် သာမန်အသေးအဖွဲ့ဟုဆိုကြသည့် အရာတို့ကြောင့် စိတ်ကူးဉာဏ် ကွန့်မြူးကာ ခေတ်စနစ်၊ သိပ္ပံဝန်းကျင်တွင် မယုံကြည်နိုင်လောက်အောင် ပြောင်းလဲတိုးတက်ခဲ့ကြသည်။

နယူတန်အတွက် ပန်းသီးတစ်လုံးက သိပ္ပံဆိုင်ရာ တွေ့ရှိချက်အသစ်ကို ပေးသည်။ အာခီမီဒီအတွက် ရေချိုးစည်က ပြဿနာ၏အဖြေကို ဖြေရှင်းပေးသည်။ ကေက ကော်ဖီတစ်ခွက်နှင့် ကျွန်တော့်အချစ်ကို ဆုံးဖြတ်ပေးသည်။ ကေ့အပေါ် မုန်းတီးစိတ် အရွဲ့တိုက်ချင်စိတ်တို့နှင့် နှိုင်းယှဉ်ပြောဆိုခြင်း မဟုတ်ပါ။ ကေ့ကို ဒီအချိန်အထိ ကျွန်တော်ချစ်နေဆဲဖြစ်သည်။

ကေနှင့် အေမီတို့ တိုက်ဆိုင်စွာ (သို့မဟုတ်) တစ်ယောက်က ကြိုတင် ကြံစည်မှုကြောင့် ကျွန်တော့် အချစ်တွေ၊ ယုံကြည်မှုတွေ ဆုံးရှုံးခဲ့ရသည်။အမှန်တရားက ဘာလဲ။ အေမီရော ကေပါ အမှန်တွေပြောခဲ့ကြလား။ ကျွန်တော် မစုံစမ်းချင်ပါ။ ကျွန်တော်ရဲ့ လိမ်ညာမှုတွေက တကယ်အမှားတဲ့လား။ ကော်ဖီ ရန့်က ဘာပဲဖြစ်ဖြစ် သင်းပျံ့မွှေးမြရမည်မှာ သူ့တာဝန်ဖြစ်သည်။

ချစ်သူ၏ လမ်းခွဲခြင်းခံရပြီး တစ်ယောက်တည်း အထီးကျန်စွာ ကော်ဖီသောက်ရခြင်းကလည်း ကဗျာတစ်ပုဒ်ပဲဖြစ်သည်။

ကိုစစ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ချင်းချောင်းခြံ

# ကော်ဖီရောင်အသည်း

(၁)

သိပ်ချစ်သတဲ့လား ...၊
သိပ်ချစ်ခဲ့သလား ... ကြားညီနိုင်။
အချစ် အမျိုးမျိုး ရှိသတဲ့ ။
သူ့ ချစ် ဆိုလား။
ကိုယ်ချစ် ဆိုလား။ နဂို ချစ် ဆိုလား။
နှစ်ကိုယ် ချစ်ဆိုလား။
နင်က ငါ့ကို ဘယ်လို ချစ်ခဲ့တာတဲ့လဲ
ကြားညီနိုင်။



www.burmeseclassic.com

www.burmeseclassic.com 

ပြင်းထန် ပူစပ်တတ်တဲ့ မွန်းတည့် နေရောင်ခြည်တောင် မှ၊ ပျိုမျစ်နုငယ်တဲ့ အချိန်တုန်းက၊ အရဏ်ဦး အမည်နဲ့ ၊ နုနယ်ချင်ယောင် ဆောင်ခဲ့သေးတာပဲ။

ဘယ်လောက်ပဲ နုသစ်ချင်ယောင် ဆောင်ပါစေလေ။

အ,ကာလ "ည" ဆိမှာ လည်စင်းဖို့ ဆည်းဆာ…ဆိုတဲ့ အမည်သစ်က ၊ ထိပ်တုံး ခတ်လိုက်တာပါပဲ ။

"ည"…ဆိုတာလည်း၊ ဒီလိုပါပဲ ကြာညိုနိုင် ။

ညဦး သုံးယံ ကျော်လွန်ပြီးတာနဲ့ ၊ နေ … စစ်ဘီလူးက ၊ အရဏ်ဦး တီးလုံးနဲ့ ၊ ချေမှုန်းလိုက်တာပါပဲ ။

နေကိုပဲ ကသိဏ်း ရှုရှု ၊ မြေကိုပဲ ကသိဏ်း ရှုရှု ၊ ရေကိုပဲ ကသိဏ်း ရှုရှု ၊ "ည"ကိုပဲ ကသိဏ်း ရှုရှု ၊ "လ"ကိုပဲ ကသိဏ်း ရှုရှု ။ အတိဿရ အမှားတွေကြောင့်၊ စိတ်မချစကားပြောရရင်၊ ကာလ … ဒေသ … လောက … သဘာဝ, တိုင်းမှာ ၊ အနိစ္စ တရားက ၊ နှိပ်စက်နေတာပါပဲ ကြာညိုနိုင်ရယ်။

မတည်မြဲမှန်း သိလျက်နဲ့ ၊ တည်တည်တံ့တံ့ လက်ဆန့်တန်းပြီး၊ သက်တံလမ်းကို၊ နန်းစိုက်ပျော်ပိုက်ခဲ့မိတာ၊

(တရားခံက) ငါပါ … ကြာညိုနိုင်။

ကမ္ဘာပြိုတာတောင် ၊ ကိုယ် … နင်းထားတဲ့ မြေကြီးခဲ ၊ ကမ္ဘာပြိုတဲ့ အထဲ၊ မပါတော့ သယောင်၊ အမှောင်ကျ, အလင်းမှိန်၊ အချစ်ရဲ့ စည်းစိမ်က၊ ငါ့ကို … ကလိမ်ကျခဲ့တယ်ပဲ … ဆိုပါတော့ ။

ပင်လယ် တစ်ပြင်လုံး ၊ မှန်တိုင်းထန်…, လှိုင်းထ၊ ရိုင်းပြ မုံယိုနေတာတောင် ၊ ငါ, ငေးကြည့်နေတဲ့၊ ကမ်းခြေလေး ၊ ငွေသား ကြည်ပြာရောင် ယှက်ပြေးနေသလို ၊ ကိုယ့်အခြေ, ခိုင်တယ်ထင်၊ ကိုယ့် ရေ,ကြည်တယ်ထင်၊ ကိုယ့် ကမ်းခြေ ပန်းဝေပွင့်ဖူးနေတယ်…ထင်ခဲ့တဲ့၊ အရူးမျက်လုံးက ၊ မောဟ… ပိတ် လှောင်,ဖုံး ၊ သောက, စိတ်ရောင် … ပြုံး ။ အချစ်က ၊ ငါ့ကို ၊ ထောင်လုံးလုံးချထားသလိုပါပဲ ကြာညိုနိုင်။

* * *

(၂)

စတင် ချစ်ကျွမ်းဝင်တုံးကတော့ ၊ လိမ်လည်လှည့်ဖျား လိုက်တော့မယ် … လို့ ၊ ဘယ်သူမှ ၊ မရည်ရွယ်ကြဘူးပေါ့ ။

သာယာမှု ရှာတာ မဟုတ်ကြပေမယ့် ၊



www.burmeseclassic.com

www.burmeseclassic.com



မသာယာတဲ့ ကမ်းခြေ၊ ရွံ့အပေ … ရေအညစ်ထဲမှာ၊ ဘယ်သူ…ကြာကြာ ကူးခတ်ချင်ပါ့မလဲ…နော် ။

ငါ့ ကမ်းခြေက၊ နင့်ရဲ့ … မှန်းခြေနဲ့ …လွဲ။ ပန်းမဝေတဲ့ ၊ အပင်မွဲလို ၊ အပွေးတက်, ခြစား နေလေတော့၊ နင်နဲ့ … ငါ ၊ ငါနဲ့ … နင် ၊ ရှင်ကွဲ … ကွဲကြရပြီပေါ့ ကြာညိုနိုင်။

*

အမြဲတမ်း သောက်လေ့မရှိတဲ့၊ ကော်ဖီကို၊ ငါ…, တစ်ခါတစ်ရံ သောက်မိရင်တောင် ၊ ခါးခါး, သက်သက် ၊ဆိမ့်ဆိမ့် , ချိုချို ၊ ဘယ်လို အရသာပဲ ရှိရှိ ၊ ငါ…,အမှုန်အမွှားတွေပါ မကျန်၊ အကုန်မော့ သောက်ဖြစ်ခဲ့တာပါ…ကြာညိုနိုင်။

နင်က,တော့ … ကော်ဖီ အမြဲတမ်းကြိုက်သူ ပေမယ့် ၊ အချိုကဲမှ အမြဲကြိုက် ၊ လျှာဖျားလေးစွတ်ရုံ သောက်။

နောက်ပြီး…အမှုန်အမွှားတွေ…ချန်လှပ်။ သောက်လက်စ, ကော်ဖီခွက်ကို ၊ တစ်ဝက်ချန် ။ နင်လက်ကျန်ကို၊ ငါ … မော့မော့သောက်ရင်း…၊ ငါ့ ခံတွင်းထဲမှာ ၊ အမှုန်များ ။ အသည်းထဲမှာ … ခါးသွားခဲ့ရတာပါ ။

ကော်ဖီခွက်ထဲမှာ ၊ အချို ရှာသလို၊ ငါ့ ဘဝ , ထဲမှာ နင်…, အချိုရှာခဲ့ပေမယ့်၊ (အချိုရှာ) သကာ မတွေ့ဘဲ အငွေ့ တထောင်းထောင်းထ, နေတဲ့၊ ဘဝရဲ့ အပူဒီဂရီတွေသာ မကြာ …မကြာ၊ အခါခါတွေ့တော့မှ… ချစ်စ, ကြင်စ,တွေကို မေ့ လျော့ပြီး ကျောခိုင်းထွက်ခွာ ၊

အဲဒါ…, တစ်သက်စာ အဖြစ်ဆိုး ၊ နင်…, ငါ့ဆီက၊ ဘာ…မျှော်ကိုးခဲ့တာလဲ ကြာညိုနိုင်ရယ် … ။

* * *

(၃)

"ကြာညို က၊ ငါ့ကို သိပ်ချစ်တာ"…လို့ ၊ နေရာတကာမှာ ၊ ဝင့်ကြွားခဲ့တဲ့ ၊ ငါ့ … စကား။ "သူ"ချစ်…လို့၊ ထင်ခဲ့တဲ့… အမှား ။ အပူမြစ်ထဲ မပျော်ဘဲ … လျော် ။ "ဩော် …၊ သူ ချစ်ဆိုတာ ၊ သူ မချစ်တော့တဲ့ အချိန် ၊ ကျန်ရစ်ရတာပါလား"…လို့ ၊ ငါ … နားလည်ခဲ့ ရပါပြီ ကြာညိုနိုင်။

ကြောင်ကလေးက ၊ ကြွက်ကလေးကို၊ ဆော့ကစားနေတာ ၊ ချစ်လို့ဆော့ကစားတယ် ထင်ခဲ့မိ သလိုမျိုး။

သူ … မဆော့ , မကစားချင်တော့တဲ့ အခါ၊ ကြွက်အသေကလေး ကြောင်စာဖြစ်သွားရသလိုမျိုး။

www.burmeseclassic.com

နင်···, မချစ်ချင်တော့တဲ့အခါ၊ ငါ့ ဘဝ၊ နကို ··· အသေ။ ဘယ် ··· စိုပြေပါတော့မလဲ ။

*

ငါ့ ဘဝ ··· လမ်း၊ ကြမ်းပြား အပေါ်၊ သာယာဖို့ ,အပျော် လျှောက်ခဲ့တာ ဆိုရင်လည်း ၊ ကျန်ရစ်တဲ့နင့် ··· ခြေရာတွေ ၊ ပေကျံ ကျုံနစ် ။ ငါ···,ဘယ်လို ဖယ်ပစ်ရမှာလဲ။

* * * *

မြေ ကြမ်းကြမ်းမှာ၊ ဖယောင်းပန်း နုနုလေး၊ ခြေချ ပျော်ပါး ၊ မော်ကြွားနိုင်ဖို့ ၊ ငါ့ လက်ဖဝါး ကြမ်းကြမ်းကြီးနဲ့ ၊ ရမ်းသမ်းပြီး စိုက်ပျိုးခဲ့ရတာပါ။

မြေကြမ်းလို့ , မိုးမျှော် ၊ လက်ကြမ်းလို့ , မျက်နှာလွှဲ ၊ ဘဝ , ကြမ်းလို့ ··· ကျောခိုင်းထွက်ခွာ။

ရင်ခွင် မြေကြီးက ၊ သံယောဇဉ်အပင်အရှည် ကြီးကို ၊ နင် ··· ဆွဲနှုတ်သွားခဲ့တာ၊ ကာလ , နည်းနည်းကြာပြီ ဆိုပေမယ့် ၊ ငါက, အသည်း ၊ နာနေဆဲပါ ။

နင့်ကို မုန်းလို့ နာတာ မဟုတ်ပါဘူး ကြာ ညိုနိုင် ။

နင်က ၊ မုန်းလို့ , အပင်နှုတ် ၊ ငါ့ ရင်ခွင် မြေကတုတ် ၊ စုတ်ပြဲလို့ အသည်းမှာ···၊ နာ ··· နာ ··· နေရတာပါ ။

နောက်တစ်ခါ ဆိုရင်လေ ···ငါ့ ရင်ခွင် နွေပလ္လင်မှာ ၊ အချစ်ပင် ··· ဆိုတာ ၊ လာပေါက် ခဲ့ရင် ၊ သူ ချစ်ကို ··· မကိုးစား ။ မယုံကြည် ။ ငါက, သာ ၊ ချစ်ဖို့ ၊ ကြိုးစားပါတော့မယ် ။ (သူ···ချစ်ချစ်, မချစ်ချစ်။ကိုယ်က, ပဲ၊ ချစ်နေရရင်၊ အဲဒါ···တစ်သက်လုံး ချစ်လို့ရတဲ့ ၊သေချာတဲ့ အချစ် ပါပဲ ··· ကြာညိုနိုင်) ။

သူ ချစ်ဆိုတာ ၊ သူ ··· မချစ်တော့ရင် ၊ ကိုယ် ···, ကျန်နေရစ်ခဲ့မှာလေ ။ နော် ··· ကြာညိုနိုင် ။

အဲဒါ ···, နင် ··· သင်ပေးခဲ့တာပဲ ။

တစ်ဖက်လူဆီက ဘာကိုမှ မမျှော်ကိုးဘဲ၊ အသချေ်ယျ မေတ္တာနဲ့ ပေးဆပ်ပြီး ချစ်နေရရင် ၊ ပေးသူဟာ ယူသူ မဟုတ်တဲ့အတွက် ၊ ဘယ် အပူ, ဘယ် အအေးမှ ၊ သူ့ကို မရိုက်ခတ် ။

အဲဒီလို ···ချစ်တတ်ဖို့ ၊ လူတိုင်း ကြိုးစား သင့်တယ် ကြာညိုနိုင် ။

သူ ချစ်ကို ၊ ကိုယ်က ··· မျှော်ကိုးမိတော့၊ သူ့ ကြောင့် ဖြစ်တဲ့ အပူလှိုင်း ၊ မျှော်ကိုးသလောက် တငွေ့ငွေ့ ··· လောင် ။ ငါ့ ဘဝ ··· အမှောင် ကျခဲ့ဖူးပါတယ် ။

* * *



www.burmeseclassic.com

www.burmeseclassic.com



(၄)

ငါ့ ရင်ကို ခွဲကြည့်ပါ ။

ဟိုး … အရင်တုန်းက ၊ ရဲရဲရင့်ရင့် နီ ကြာကြာ ။

*

ကြာညိုနိုင် သွေး ၊ အချစ်နဲ့ ရေးတော့မှ ၊ ရင်ထဲက အသည်းနှလုံး ၊ နီရင့်ရင့် အရောင် လျော့ပါး ။ "စတော်ဘယ်ရီ" သီးလေးရဲ့ ၊ အရောင်လို ၊ နူးညံ့ , တောက်ပ ။ ပိုလို့တောင် ၊ လှ , သွားခဲ့ပါသေးတယ် ။

အခုတော့ …,

အပင် အလှဲခံရတဲ့ , မြေကြီးခဲလို ၊ မွမွ ကြေ ။ အမြစ် အနှုတ်ခံရတဲ့ ၊ မြေပတ်ကြားလို ၊ဟက်တက်ကွဲ ။

အချစ်ကို ၊ ပြန်လည်ရုတ်သိမ်း ၊ အစိမ်းခံရတဲ့ ၊တောမီးသင့် စုံမြိုင် တစ်ဂွမ်းလို ၊ အလွမ်းကြောင့် ၊ပေ ညစ် မှုန် မှိုင်း ။

ဒေါသ, လိုလို … သောက, လိုလို …၊ မောဟ …ထိုထို ၊ အလောင် အမြိုက် ကြောင့် ,

ငါ့ အသည်းနှလုံးရဲ့ အရောင် အသွေး ၊ နီနီရဲရဲလေးတော့ …၊ မဟုတ်တော့ပါဘူး ကြာညိုနိုင် ။

* * * *

နင့်ရဲ့ , လက်ကျန် ၊ နင့်ရဲ့ (သောက်ကျန်) ကော်ဖီတွေကို ၊ မော့ မော့ သောက်ခဲ့မိတာက, လွဲလို့ ၊ ငါ … ဘယ်တော့မှ ၊ ကော်ဖီ မသောက် ဖြစ်တော့ပေမယ့် ၊

ငါ့ နှလုံးသွေးတွေ ခမျာ ၊ နင့်ရဲ့ ,အမုန်း တေးသံစဉ်မည်းကြောင့် ၊ လှိုင်းထ, ညစ်မှောင် ၊ ဘယ်လို အရောင်တွေနဲ့ ၊ တောက်လောင်နေမလဲ … ဆိုတာ ၊ နင့် ဘာသာပဲ ၊ စဉ်းစား ကြည့်ပါ တော့ …။ တွေးဆ ကြည့်ပါတော့ ။ အဝေးက ၊ သိပါတော့ … ကြာညိုနိုင် ။

*

ငါက, တော့ … ၊ မလိမ်ဘူး … မညာ ဘူး … ။ ဘုရားစူး … ။

(နင် … စွန့်ခွာသွားပြီးတဲ့ … နောက်)
ငါ …,
ဘယ်တော့မှ … ( လုံးဝ )
ကော်ဖီ မသောက်တော့ပါဘူး…။

* * * *

မောင်လှမျိုး (ချင်းချောင်းခြံ)



www.burmeseclassic.com


www.burmeseclassic.com



ရိုမန့်တစ်စံပယ်ရောင်ကော်မီ

www.burmeseclassic.com

www.burmeseclassic.com



(၁)

ကော်ဖီမှာ ခါး၊ ဆိမ့်၊ ချိုသော အရသာရှိ၏။ မွှေးသော ရနံ့ရှိသည်။ ကော်ဖီရောင်ဟု အများခေါ်ဝေါ်သော ကိုယ်ပိုင် အရောင်လည်းရှိသည်။

ကျွန်တော်နှင့် သူမတို့သည် အရောင်၊ အဆင်း၊ အနံ့အရသာမရှိသော ကော်ဖီကို နှစ်သက်စွာ သောက်ကြ၏။ သို့သော် ကျွန်တော်တို့နှစ်ယောက် သောက်သော ကော်ဖီကို ကော်ဖီမမည်ဟု အပြစ်တင်ကြမည်လား မသိ။

ကျွန်တော်တို့သောက်သော ကော်ဖီမှာ ကော်ဖီရောင်မပေါက်။ အရသာမှာလည်း မခါးလွန်း၊ မချိုလွန်း၊ မဆိမ့်လွန်း။ ကျွန်တော်တို့နှစ်ယောက် သောက်သုံးသော ကော်ဖီမှာ စပယ်ရောင် ကော်ဖီပင် ဖြစ်သည်။

(၂)

မိုး၏ ဖြိုးယောင်းမှု မကင်းသော အတိတ်၏ နေ့တစ်နေ့ ... ။

ကော်ဖီဆိုင်တစ်နေရာမှာ ကျွန်တော်ချစ်ရလွန်းသော သူမကို ကောက်ရခဲ့သည်။ ထိုနေ့ကို ကျွန်တော် မမေ့။

မှန်ရာပြောရကြေးဆိုလျှင် ကျွန်တော့်ဘဝမှာ (သူမနှင့် မဆုံဖြစ်ခဲ့စဉ်အထိ)ကော်ဖီကို တစ်ငုံမျှ မသောက်ခဲ့ဖူးပေ။ ကျွန်တော် အမုန်းဆုံးအရာတွေ ထဲတွင် ကော်ဖီလည်းပါဝင်၏။

ကော်ဖီဆိုင်များ ထိုင်ရသည်မှာ စိတ်အေးချမ်းလွန်း၍သာ ထိုင်ဖြစ်ခဲ့သည်။ ထိုင်ဖြစ်သည့် အခါတိုင်းမှာ ကော်ဖီကို ကျွန်တော်သောက်လေ့ မရှိ။ လိမ္မော်ရည်ကိုသာ သောက်သည်။ ထိုနေ့ကလည်း



www.burmeseclassic.com

www.burmeseclassic.com

မိုးအေးနေပေမယ့် လိမ္မော်ရည်ကိုသာ သောက်ရင်း “မိုးဆွေ”အလာကို ကျွန်တော်စောင့်နေဖြစ်ခဲ့သည်။

လိမ္မော်ရည်ကို တစ်ငုံမော့ခိုက်မှာပင် အနားမှ နေပြီး အရိပ်တစ်ခု ဖြတ်သွား၏။ ဖြတ်သွားသော ထိုအရိပ်ကလေးကို ဘာရယ်မဟုတ်ဘဲ ကျွန်တော် လိုက်ကြည့်ဖြစ်သည်။

ကောင်တာမှ ပြန်ထွက်လာသော အရိပ်ကလေးသည် ကော်ဖီတစ်ခွက်၊ ဖန်ခွက်တစ်လုံး၊ ရေသန့်ဘူးငယ်တစ်ဘူး ထည့်ထားသော ဗန်းကိုကိုင်ကာ ကျွန်တော့်ညာဘက် နံဘေးခုံတွင် ဝင်ထိုင်လိုက်၏။

အရမ်း မရှည်လွန်းသော ဆံပင်များကို နှစ်ဖက်ခွဲပြီး စည်းနှောင်ထား၏။ ခေါင်းလျှော်ပြီးစ ဆံပင်ကို ကြိုးသလို စည်းနှောင်ထားပုံက ကျွန်တော့ မျက်စိထဲမှာ အလွန်ကြည့်ကောင်းနေ၏။ ရုတ်တရက်ကြီးပင် ကျွန်တော့်ကို သူမက ဖမ်းစားထားလိုက်၏။ ကျွန်တော့်ရင်ခုန်သံများကို ဂရုစိုက်မိနေရင်း သူမ၏ ဘယ်ဘက်ပါးပြင်ပေါ်က ထင်ရှားသော မှဲ့နက်ကလေးကိုလည်း သတိထားဖြစ်ခဲ့သည်။

ရင်ခုန်ထွေပြားမှုများဖြင့် နှစ်ဖက်ခွဲပြီး စည်းနှောင်ထားသော သူမဆံပင်များကို စိတ်ကူးဖြင့် ပထမဆုံး နမ်းဖြစ်သည်။ ပြီးနောက် ဘယ်ဘက် ပါးပြင်ပေါ်က ထင်ရှားသော မှဲ့နက်လေးဆီ အနမ်း ရောက်ဖြစ်သည်။

သူမကတော့ ဘာကိုမှ ဂရုမထား။ ရေသန့်ဘူးကို ဖွင့်သည်။ မောပန်းလာ၍ ကော်ဖီကို အရင် မသောက်နိုင်သေးဘဲ ရေကိုအရင်သောက်ဖို့ ကြိုးစားနေတာဟု ထင်မိသောအထင်မှာ လုံးဝ မှားယွင်းသွား၏။

တကယ်တော့ သူမသည် ကော်ဖီကို ရေနှင့် ရောပြီးသောက်ဖို့ ပြင်ဆင်နေကြောင်းကို အံ့သြစွာဖြင့် တွေ့ရ၏။ သူမ ကော်ဖီမှာ ရေရောလိုက်သဖြင့် ကော်ဖီရောင် မပေါက်တော့ပေ။

“ဟာ…အကိုနဲ့ ဝတ်ရည်ချိုက တစ်ဝိုင်းစီ ထိုင်နေကြတာကိုး။ ဝတ်ရည်ချို ဒီဝိုင်းကို လာထိုင်လေ”

မိုးဆွေရောက်လာ၍ အရာအားလုံးကို ပုံမှန်အတိုင်းဖြစ်အောင် ဣန္ဒြေနှင့် နေလိုက်ရသည်။ အံ့သြဖွယ် ကောင်းလောက်အောင် ကော်ဖီကို ရေနှင့်ရော သောက်တတ်သော ကောင်မလေး၏ အမည်မှာ “ဝတ်ရည်ချို”တဲ့။

“ကျွန်တော်နဲ့အတူတူ အလုပ်ဝင်မယ့် မိန်းကလေးတစ်ယောက်ဆိုတာ သူပဲ အကို။ အလုပ်ရဖို့အတွက် ကျွန်တော့်ကို ထောက်ခံပေးလိုက်လို့ တစ်ချိန်ချိန်မှာ အကို နောင်တရကောင်း ရနိုင်ဦးမယ်။ ဝတ်ရည်ချိုနဲ့ပတ်သက်ရင် ဘယ်တော့မှ အကိုကို နောင်တရစရာ အကြောင်းမရှိဘူးလို့ ကျွန်တော်

www.burmeseclassic.com

အာမခံရဲတယ်။ သူက သူ့အလုပ်အပေါ် အရမ်းတာဝန်ကျေတာ အစ်ကိုရဲ့"

အလုပ်ရဖို့အတွက် သူ့ကိုယ်သူ ရှေ့တန်းမတင်ဘဲ သူမကို ချီးမွမ်းခန်းဖွင့်နေ၏။ ကျွန်တော် Guide ဝင်လုပ်နေသော ခရီး သွားလမ်းညွှန်ကုမ္ပဏီ၏ ရုံး လုပ်ငန်းတွင် တာဝန်ထမ်း ဆောင်ရန် လူလိုနေ၍ မိုးဆွေ တို့ကို အကူညီပေးခဲ့မိခြင်း လည်းဖြစ်သည်။

ရေရောထားသော ကော်ဖီကို အားရပါးရ သောက်ပြီး "ငါ အလုပ်ရဖို့ သေချာပါတယ်နော်"ဟု ကျွန်တော့်ကို ကြည့်ရင်း မိုးဆွေအား သူမ မေးခွန်းထုတ်လိုက်၏။

နှုတ်မှ မဖြေမိဘဲ ကျွန်တော် ခေါင်းညိတ်ပြလိုက်တာကို သူမ ရော မိုးဆွေပါ မြင်ကြမည်ထင်၏။

ဒီအဖြစ်အပျက်တွေကတော့ ကော်ဖီကို ရေနှင့် ရောပြီး သောက်လေ့ရှိသော သူမနှင့် စတင်ဆုံစည်းခဲ့ခြင်းများပင် ဖြစ်သည်။

> တကယ်တော့ သူမသည် ကော်ဖီကို ရေနွေးရောပြီး သောက်လို့ မြင်ဆင်နေကြောင်းကို အံ့သြစွာမြင် တွေ့ရ၏။

(၃)

မိုးဆွေက ကျွန်တော့် သူငယ်ချင်း၏ညီ။ သူမနှင့် မိုးဆွေတို့ အသက်တွေက မတိမ်းမယိမ်း။ မိုးဆွေမှာ ချစ်သူကောင်မလေး ရှိတာကို သိထား၍ မိုးဆွေနှင့် သူမတို့က သူငယ်ချင်းတွေသာ ဖြစ်ကြောင်း နားလည်လိုက်၏။ သူမနှင့် ခင်ဖြစ်ပြီး နှစ်ယောက်တည်း ကော်ဖီဆိုင်ထိုင်ဖြစ်ချိန်မှာပင် သိမ်းဆည်းထားသောစကားကို မေးဖြစ်သည်။

"သူများတွေရှေ့မှာမို့ မမေးဖြစ်ခဲ့တာ။ အခုမှပဲ သိချင်တာကို မေးရဦးမယ်"

"ဘာကိစ္စမို့ သူများတွေရှေ့မှာ မမေးချင်ရတာလဲ"

"ကော်ဖီကို ဘာလို့ ရေရောပြီး သောက်တာလဲ။ တမင် စတိုင်လ်လုပ်တာမျိုးလား၊ ဒါမှမဟုတ် ကော်ဖီအေးကို ကိုယ့်ဘာသာကိုယ် လုပ်သောက်တာမျိုးလား"

"ကော်ဖီအေးသောက်ချင်မှဖြင့် ဆိုင်ကပဲဝယ်သောက်တော့မှာပေါ့။ ဘာလဲ၊ ကျွန်မ ကော်ဖီကို

သောက်ချင်လို့လား”

“ဟုတ်တယ်”

“ဟယ်…ကော်ဖီ မကြိုက်ဘူးဆို၊ အရသာခံလို့ မရဘူးဆို”

“ဒါပေမယ့် နင်သောက်တဲ့ ကော်ဖီကိုတော့ သောက်ကြည့်ချင်တယ်။ အမြည်းသဘောနဲ့ ပေးတိုက်ပါလား”

ပြောရင်းကပင် ဖန်ခွက်ဆီသို့ ရောက်သွားသော ကျွန်တော့်လက်ကို သူမက ဖျတ်ခနဲ ရိုက်ပြီး ဟန့်သည်။

“ဘာမှန်းလည်းမသိဘူး။ လုပ်ချင်ပြီဆိုရင် ဘယ်တော့မှ ရှေ့နောက် မကြည့်ဘူး။ ကလေးလေး ကျနေတာပဲ။ သောက်ချင်ရင် ဒီအတိုင်းလေး ငြိမ်ငြိမ်နေ”

ကျွန်တော့်ကို အားလုံးကခင်ကြသော်လည်း မိုးဆွေကိုယ်တိုင်ကပင် ရှိရှိသေသေ ဆက်ဆံတတ်သည်။ သူမကတော့ သူများတွေလိုမဟုတ်။ တစ်ခါတစ်ရံ လူတွေရှေ့မှာ ကျွန်တော့်ကို ပြန်ပြောတတ်သည်။ ကျွန်တော် ကိုယ်တိုင်ကလည်း အလိုလိုက်တာလည်း ပါမည်ထင်၏။

အခုလည်း အမိန့်ပေးပြီး ကောင်တာဆီ ထွက်သွားသည်။ နေရာကို သူမ ပြန်ရောက်လာတော့ ကော်ဖီတစ်ခွက်နှင့် ဖန်ခွက်အလွတ်တစ်လုံးပါလာ၏။

“သောက်ရင် တစ်ငုံ နှစ်ငုံနဲ့ မရဘူး။ တစ်ခွက်လုံးကုန်အောင် သောက်ရမှာနော်”

ကတိတောင်းပြီးမှ အရင်ဖျော်ထားသောခွက်ကို ကမ်းပေးသည်။ သူမ သောက်သလိုပင် အားပါးတရ မော့ချမိသည်။ အရသာက မခါးလွန်း၊ မချိုလွန်း၊ မဆိမ့်လွန်း။ သူမကတော့ သူမသောက်ဖို့ ကော်ဖီကို ရေနှင့်ရောစပ်နေဆဲ။

“ဒီလို အရသာမျိုးဖြစ်အောင် ကော်ဖီနဲ့ရေ တစ်ဝက်စီရောတာလား၊ နှစ်ချိုး တစ်ချိုးလား၊ သုံးချိုး တစ်ချိုးလား၊ ဘယ်လိုအရောအစပ်နဲ့ ဖျော်တာလဲ”

“အဲဒီလို အချိုးအစား တိတိကျကျကြီးတော့ မမှတ်ထားမိဘူး။ ဒီမှာကြည့်၊ အခုလို အရောင်မျိုးဖြစ်ရင် ရပြီ။ ကျွန်မကတော့ ကော်ဖီရောင်ပျောက်သွားတဲ့ ဒီလိုအရောင်ကို စံပယ်ရောင်လို့ ပေးထားတယ်။ အခုလို စံပယ်ရောင်ဖြစ်ရင် သောက်လို့ အဆင်ပြေပြီလေ။ တမင် စတိုင်လ်လုပ်တာမျိုးလည်း မဟုတ်ဘူး။ ငယ်ငယ်ကတည်းက သူများတွေသောက်သလို မသောက်ချင်တာနဲ့ လျှောက်လုပ်ကြည့်ရင်းက အကျင့်ဖြစ်သွားတာမျိုးပါ”

ကော်ဖီမကြိုက်ပေမယ့် သူမဖျော်ပေးသော စံပယ်ရောင်ကော်ဖီကိုတော့ ကျွန်တော် အကြိုက်တွေ့သွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



(၄)

သူမ ဖျော်ပေးတတ်သော စံပယ်ရောင်ကော်ဖီကို စွဲလမ်းခဲ့သည်နှင့်အမျှ၊ သူမအပေါ်ချစ်မိသည်ကလည်း တစ်နေ့တခြားပိုလာသည်။ ခင်မင်မှု စည်းကိုကျော်ချင်သောသံယောဇဉ်တွေကို သူမလည်း ရိပ်စားမိမှာပါပဲလေ။

တစ်နေ့…။

ကျွန်တော်မကြိုက်မှန်းသိပါလျက် တခြားယောကျာ်းတစ်ယောက်ကို အရှုးအမူးဖြစ်သည့်ဟန်လုပ်ပြ၏။ ဒီအတွက် ကျွန်တော်ဒေါသဖြစ်ရသည်။ မခေါ်မပြောဘဲ၊ စံပယ်ရောင်ကော်ဖီကို နှစ်ရက်လောက် အတူမသောက်ဘဲ နေပြလိုက်သည်။ ကျွန်တော်စိတ်ကောက်ပြေသောနေ့မှာပင်…

"ကိုယ်ချစ်ရတဲ့သူကို…"

"ဆက်မပြောနဲ့တော့။ လုံးဝ မဖြစ်နိုင်တဲ့ကိစ္စပဲ။ ရှင့်ဘာသာရှင် တစ်ယောက်တည်း ဖြစ်နေတာ။ ကျွန်မဘက်ကတော့ ဘာမှမဖြစ်ဘူးနော်"

အကြည့်တွေက စူးရှ၏။ စကားလုံးတွေကမာကျောနေသည်။

"ပြောရက်လိုက်တာ"

"အခြားသူတစ်ယောက်သာ ဆိုရင် ဒီထက်ကြမ်းတမ်းတဲ့ စကားလုံးတွေနဲ့ ပြောဖြစ်မှာ သိလား။ ထပ်သတိပေးမယ်။ ရောက်တဲ့နေရာကနောက်ကြောင်းလှည့်မပြန်ဘူးဆိုရင် ကျွန်မအဆိုးမဆိုနဲ့နော်"

"ငါလည်း အတတ်နိုင်ဆုံး မျိုသိပ်ခဲ့တာပဲ။ နင့်ကိုငါ တကယ် ချစ်တာပါ။ အဲဒီလိုချစ်မိတဲ့အတွက် ငါ့ကိုယ်ငါလည်း လုံးဝနားမလည်ဘူး။ ကျေလည်းမကျေနပ်ဘူး"

"မရိုးမသားစကားတွေနဲ့ ခင်မင်မှုကို ရှင်ဖျက်ဆီးနေတာလား"

ဒေါသကြောင့် အသံကျယ်သွားသည်။ အနီးအနားမှလူများပင် သတိထားပြီး ကြည့်နေကြသည်။

"ကောင်းပြီလေ။ နင်မကြားချင်ဘူးဆိုရင် ဘယ်တော့မှ ထပ်မပြောတော့ဘူး"

"တကယ်ပဲ ရှင်ကတိတည်မှာလား"

"အဲဒီကတိတည်ဖို့ နင့်ဘက်ကလည်း ကတိပြန်ပေးရမယ်"

"ဘယ်လို ကတိလဲ"

"ဒီလကုန်မှာ နယ်ကအဒေါ်တွေဆီမသွားပါဘူးဆိုတဲ့ ကတိ။ ငါ့မျက်စိရှေ့မှာပဲ နင်နေပေးပါ။ နင်မကြိုက်တဲ့ စကားတွေလည်းမပြောဘူး။ နင်မကြိုက်တဲ့ အပြုအမူတွေကိုလည်း ငါ မလုပ်တော့ဘူး"

"စဉ်းစားဦးမယ်"

လေသံပျော့သွားတာကို သတိထားဖြစ်သည်။

မမြင်ရတာ အနည်းငယ်ကြာသွားသော



www.burmeseclassic.com

www.burmeseclassic.com

သူမအပြုံးကို လျှပ်ပြက်သလို တွေ့လိုက်ရ၏။

(၅)

လကုန်ရက် အထိ စိတ်တထင့်ထင့် နေရသည်။ သူမ၏ အရယ်အပြုံးတွေ စိပ်လာသလို၊ အခေါ်အပြောတွေကလည်း သွေးအေးမနေတော့ပေ။ ကျွန်တော့်ဘက်က အလံဖြူထောင်ထားသည်ကို သူမ စာနာခဲ့တာမျိုးလားမသိ။

"ဒီနေ့ တစ်ယောက်တည်း ပြန်ရမှာနော်"

"ဟုတ်တယ်လေ၊ ဘာဖြစ်လဲ"

ကားဂိတ်ရောက်ခါနီးမှ အရဲစွန့်ပြီး မေးတာကို အရယ်အပြုံးနှင့် ပြန်ဖြေသောကြောင့် သွေးတိုးထပ်စမ်းဖြစ်သည်။

"ကားအတူတူစီးပြီး လိုက်ပို့ပေးချင်တယ်"

"လမ်းချင်းတူတာမှ မဟုတ်ဘဲ။ တမင်လိုက်ပို့ပြီး တစ်ယောက်တည်း ပြန်ရမှာနော်။ ဒုက္ခရောက်မယ်။ အိမ်ပြန်နောက်ကျဦးမယ်"

"ဒီတစ်ခါပဲ လိုက်ခွင့်ပေးပါလား"

သက်ပြင်းချပြီးအကြည့်ဖြင့် အပြစ်တင်ဟန်ပြုသည်။ ကားပေါ်တက် ခါနီးမှ...

"ဒါဆိုလည်း ရှင့်သဘောပဲ"

ခွင့်ပြုချက်ရ၍ ကလေးတစ်ယောက်လို ကျွန်တော်ပျော်မြူးသွားသည်။ ဂိတ်စမို့ လူချောင်နေ၏။ နောက်ဘက်နားက နှစ်ယောက်ထိုင်ခုံကို သူမကပင် ရွေးပြီးထိုင်၏။

"ကျွန်မက အရမ်းလှတဲ့မိန်းကလေး မဟုတ်ဘူး။ ရိုးရိုးခင်တာကနေ ရှင့်စိတ်တွေပြောင်းသွားအောင် ဘာနဲ့မှ မမြှူဆွယ်ခဲ့ဘူးနော်။ ရှင့် ဘာသာရှင် ဖြစ်နေတာ"

"စပြီးဆုံဖြစ်တဲ့ နေ့ကတည်းက နင့်အလှတွေကိုငါတွေ့ခဲ့တာ၊ နင်မလှဘူးလို့ ဘယ်သူက ပြောလဲ"

"စတွေ့တဲ့နေ့က ဟုတ်လား။ အဲဒီနေ့က ဘာမှ ထူးထူးခြားခြား မပြင်ထားပါဘူး။ အိမ်နေရင်းအဝတ်အစားနဲ့ ရေချိုးပြီး ကမန်းကတန်း ထွက်လာတာပါနော်"

ဆံပင်များကို စည်းနှောင်ထားပုံ၊ ဘယ်ပါးပြင်ဆီက မှဲ့နက်ကလေးများ အကြောင်းကိုနောက်ကြောင်းပြန်ပြီး သူမအားပြောပြဖြစ်သည်။ ကျွန်တော့် စကားတွေကို တအံ့တသြဖြင့် သူမ တုံ့ပြန်၏။

"ရေချိုးပြီးစမှာ မိုးဆွေ ဖုန်းဆက်လို့ တွေ့တဲ့သားရေကွင်းနဲ့ ကောက်စည်းပြီး ထွက်လာခဲ့တာ။ ခေါင်းစည်းကြိုးတွေ ဘာတွေနဲ့ သေသေချာချာစည်းခဲ့တာမျိုး မဟုတ်ဘူး"

"အဲဒီနေ့က ငါ့စိတ်ထဲမှာ ဖြစ်ပျက်ခဲ့တာတွေကို ပြောချင်တယ်။ မဖြစ်ပါဘူး..မဖြစ်ပါဘူး။ ငါပြောလိုက်ရင် နင်စိတ်ဆိုးမှာ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ပြောကြည့်လေ"

အဲဒီအခါက ရင်တွေအရမ်းခုန်ပြီး စိတ်ကူးဖြင့် ဆံပင်တွေကို နမ်းမိပုံ၊ မှဲ့နက်ကလေးကိုပါ နမ်းချင်စိတ်ဖြစ်ရပုံကို မထိန်ချန်ဘဲ အကုန်ပြောပြလိုက်၏။ သူမ ကိုယ်တိုင်က မှဲ့နက်ကလေးကို လက်ဖြင့်အသာကွယ် ပြီး မျက်နှာလေး နီရဲသွားလေ၏။

"တော်ပြီ၊ တော်ပြီ။ နောက်တစ်ခါ အဲဒီလိုမျိုးမပြင်ဖြစ်အောင် သတိထားရတော့မယ်"

"အဲဒီတစ်ခါပဲ ဖြစ်ခဲ့တာပါ။ ဒီနေ့အထိ အဲဒီလိုမျိုး မဖြစ်ခဲ့ဘူး။ အဲဒီနေ့ကလိုမျိုးတစ်ခါလောက်ပြင်လာပါလားဟင်"

"မလုပ်ရဲတော့ပါဘူးနော်"

နှစ်ယောက်စလုံး ကြည်နူးလို့မဆုံးခင် သူမဆင်းမည့် မှတ်တိုင်သို့ ရောက်တော့သည်။ ကားကို ဒီအတိုင်းဆက်စီးသွားပြီး သုံးလေးမှတ်တိုင်လွန်မှ ဆင်းကာ ကားပြန်စီးဖို့ သူမမှာ၏။

ကားအောက်ရောက်တော့ အပြုံးနှင့်ရော၊ အမူအယာနှင့်ပါ သူမ နှုတ်ဆက်သည်။

(၆)

ကျွန်တော်သည် သူမကိုယ်တိုင် ဖျော်တိုက်သော စံပယ်ရောင်ကော်ဖီကို စွဲလမ်းသူဖြစ်၏။

သူမကို ချစ်သည်ဟု နှုတ်ထွက်စကား ဆိုပြီးသား။

သူမ၏ အဖြေစကားကိုတော့ မကြားရသေးပေ။

သူမကိုယ်တိုင် အမည်ပေးခဲ့သောစံပယ်ရောင်ကော်ဖီရှေ့မှာ ရိုမန့်တစ်ဆိုသော အမည်တစ်ခု ထပ်တိုးဖို့ ပြောရပေဦးမည်။

ထိုအခါ "စံပယ်ရောင်ကော်ဖီ"မှာ "ရိုမန့်တစ် စံပယ်ရောင်ကော်ဖီ" ဖြစ်သွားပေလိမ့်မည်။

ထိုအချိန်၌ သူမ၏ "ချစ်တယ်"ဆိုသော အဖြေစကားကို ကြားရပြီးသား ဖြစ်ကောင်းဖြစ်နေပေလိမ့်မည်။ ထိုနေ့၌ပင် ပထမဆုံး တွေ့ခဲ့သည့်နေ့က ပုံစံလေးအတိုင်း သူမ ပြင်ဆင်ထားပေလိမ့်မည်။

ကျွန်တော်ကိုယ်တိုင်ကလည်း စိတ်ကူးဖြင့် နမ်းဖြစ်ခဲ့သော သူမ၏ ဆံစနှင့် ဘယ်ဘက်ပါးပြင်ပေါ်က မှဲ့နက်လေးကို ကာယကံမြောက် နမ်းကောင်းနမ်းဖြစ်မည့်နေ့ တစ်နေ့လည်း ဖြစ်သွားနိုင်၏။

* * * *

*မောင်ညိုအေး (ပန်းတော)*


www.burmeseclassic.com

www.burmeseclassic.com

ပုပ္ပါး

# နွေလယ်မိုးစက်များ



www.burmeseclassic.com



(၁)

သူမမျက်ဝန်းမှာ သံယောဇဉ်စာတမ်းလေးတွေကို ပြက်ပြက်ထင်ထင် ဖတ်ရှုရနေ[illegible]ည်။ ကျွန်တော့် မျက်ဝန်းမှချစ်စကားတွေကိုလည်း သူမနှလုံးသားကကောင်း စွာလက်ခံထားခဲ့ပြီဆိုတာ ကျွန်တော်အသေအချာ ယုံကြည်ထားပြီးဖြစ်၏။ သူမ၏အပြုအမူတိုင်း၊ သူမ၏စကားလုံးတိုင်းက ကျွန်တော့်ယုံကြည်မှုတွေကို ပိုမိုအားကောင်းနေစေခဲ့ သည်ပဲလေ။ ချစ်စကားတစ်ခွန်းမှ မပြောဖြစ်ခဲ့ကြသေးပါဘဲ ကျွန်တော်တို့နှစ်ယောက်က ချစ်သူချင်းနားလည်သိမှုတွေနှင့် နက်နက်ရှိုင်းရှိုင်းရင်းနှီး ကျွမ်းဝင်နေခဲ့ကြခြင်းပင်ဖြစ်သည်။

သူငယ်ချင်းတွေ အားလုံးကလည်းကျွန်တော်တို့နှစ်ယောက်ကို ချစ်သူတွေဟုသာတစ်ထစ်ချ သတ်မှတ်ထားခဲ့ကြ၏။ ကျွန်တော့်ထက် သုံးနှစ်နီးပါးကြီးသည့် သူမကို အားလုံးရှေ့မှာပင် 'မမ' ဟု ကျွန်တော်ခေါ်ဖြစ်သည်။ သူမကမူ ကျွန်တော့်ကို 'လင်း'ဟု တစ်လုံးတည်းခေါ်၏။ တစ်ခါတစ်လေတော့ မောင်လေးဟုခေါ်တာမျိုးလည်း ရှိသည်။ သည်လို[illegible] ကျွန်[illegible]တို့[illegible]ယောဇဉ်မြစ်နှစ်စင်း၏ အပြန်အလှန်စီးဆင်[illegible]အဟုန်တွေက ပြင်းထန်လာခဲ့သည်။

နောက်ဆုံးနှစ် စာမေးပွဲရက်များသည် ကျွန်တော့်အိပ်မက်တွေ၏ အရုဏ်တက်ချိန်ပဲဖြစ်သည်။ စာမေးပွဲအတွက်ရော နှလုံးသားအတွက်ပါ ပန်းဝင်တေးတစ်ပုဒ်ကို ထွေးပိုက်လိုက်ဖို့ ကျွန်တော့်ယုံကြည်ချက်ခြေလှမ်းတွေ အရှိန်အဟုန် မြင့်တက်လာခဲ့ချိန်ပင်ဖြစ်သည်။

သို့သော်ထိုရက်တွေမှာပဲ သူမအပြုံးတွေ ရှော့ရဲနေတာကို နည်းနည်းလေးမှ ကျွန်တော်သတိမထားမိခဲ့။ သို့မဟုတ် ကျွန်တော်လုံးဝမရိပ်မိအောင် တမင်ထိန်းထိန်းသိမ်းသိမ်း နေပြခဲ့ခြင်းလည်း ဖြစ်နိုင်ပါသည်။ စာမေးပွဲရက်တွေအတွင်း အရင်ကထက်ပိုပြီး ဂရုတစိုက်ရှိနေပေးခဲ့တာကိုပင် ကျွန်တော်က ကျေနပ်စွာ ကြည်နူးနေမိခဲ့လေသေးသည်။ စာမေးပွဲပြီးသည့်နောက်တစ်ရက်ကိုတော့ ကျွန်တော့်ဆီက်မှ တရားဝင်ချစ် ခွင့်ပန်စကားတွေကို မဖြစ်မနေဖွင့်ဟ



www.burmeseclassic.com

www.burmeseclassic.com

ရတော့မည့်နေ့ဟု အခိုင်အမာဆုံးဖြတ်ထားခဲ့မိ၏။ ထိုနေ့က ကျွန်တော့်စိတ်တွေထူးပြီးလှုပ်ရှားမနေတော့ပေမယ့် အရင်နေ့တွေကထက် ပိုပြီးရင်ခုန်ကြည်နူးနေမိတာ အမှန်ပင်ဖြစ်သည်။ ကျွန်တော့်ရင်ခုန်သံတွေထဲမှာ ယုံကြည်မှုတွေ ပွင့်ဝေနေသေးတာလည်း အသေအချာပဲဖြစ်သည်။ သို့သော် တကယ့်လက်တွေ့တွင် မူ ထိုနေ့က ကျွန်တော့်ဘက်ကဘာမှ ကြေငြာခွင့်မရခဲ့ လိုက်ဘဲလုံးဝထင်မှတ်မထားသည့် တံတိုင်းကြီးတစ်ခု ရုတ်တရက်ကာရံလာတာကိုသာထိတ်လန့်အံ့သြစွာ ခံလိုက်ရတော့သည်။

"လင်းကို မမ အရေးတကြီးတိုင်ပင်စရာ တစ်ခု ပေါ်လာတယ်ကွာ။ ဒီကိစ္စကို မမတမင်မေ့ထားခဲ့တာ ကြာပြီ။ ပြီးပြတ်သွားခဲ့ပြီလို့လည်း ထင်ထားခဲ့တာ။ လင်းတို့ စာမေးပွဲရက်ကမှ ပြုန်းစားကြီးပြန်ပေါ်လာခဲ့တာလေ။ မမလည်း အရမ်း စိတ်ရှုပ်သွားခဲ့ရတယ်"

သူမ၏မျက်ဝန်းညိုတို့တွင် ကြေကွဲရိပ်တို့ဖြင့် ညို့ဆိုင်း၍လာသည်။ သည်အချိန် အထိ ကျွန်တော့် ရင်ထဲသို့ တစ်စုံတစ်ရာဝင်ရောက်ဟန့်တားလာတော့မည်ဆိုတာကို ကျွန်တော်နည်းနည်းမှမရိပ်မိခဲ့သေး။

"မမမှာ ဘာစိတ်အနှောင့်အယှက်ဖြစ်စရာ ရှိလို့လဲ။ ကျွန်တော့်ကို ပြောပြလေ"

ကျွန်တော့်ကို ငေးစိုက်ကြည့်နေသည့် သူမ မျက်ဝန်းတွေမှာ ကြင်နာမှုတွေ ရောထွေးလို့နေတာ ကျွန်တော်မြင်နေရဆဲဖြစ်သည်။ ထိုကြင်နာရိပ်တွေက နွမ်းနွမ်း ယဲ့ယဲ့ဖြစ်နေတာကိုလည်း သတိပြုမိလိုက်ပါသေးသည်။ မျက်လွှာချသွားရင်း သူမထံမှ သက်ပြင်း မောလေးတစ်ခု မသိမသာလွင့်ကျသွား၏။

"ဒီကိစ္စကို မမသူငယ်ချင်းတွေကိုတောင် လုံးဝဖွင့်မပြောဖြစ်သေးဘူး။ အခု လင်းတစ်ယောက်တည်းကိုပဲ စပြီးတိုင်ပင်တာပါ။ တကယ်ပါ။ မောင်လေးကိုတော့ မမသံယောဇဉ်အရှိဆုံးနဲ့ အယုံကြည်ဆုံးသူမို့"

"ယုံပါတယ် မမရယ်။ မမကိစ္စကိုသာ ပွင့်ပွင့်လင်းလင်းပြောပြပါ။ ကျွန်တော် ကူစဉ်းစားပေးမယ်လေ။ မမကိစ္စမှန်သမျှ ကျွန်တော့်ကိစ္စပဲမဟုတ်လားဗျာ"

ထိုစကားကို ပြန်ပြောလိုက်ပြီးချိန်မှာတော့ စိတ်တွင်အလိုလိုထင့်ခနဲဖြစ်သွားမိသည်။ သူမ မျက်ဝန်းတွေ ရီဝေဆွတ်ပျံ့လာ၏။ သူမဘာပြောချင် နေပါလိမ့်။ ခဏကြာမှ စိတ်တင်းပြီး ပြောလိုက်ရ ဟန်တူသည့် သူမထံမှစကားလုံးတချို့ကတစ်လုံးချင်း လွင့်စင်ကျလာတော့သည်။

"ဒီလိုကွာ။ မမမှာ နှစ်ဘက်လူကြီးတွေရဲ့ဆန္ဒနဲ့တရားဝင်စေ့စပ်ထားခဲ့သူရှိခဲ့တယ်" ကျွန်တော့် ရင်ထဲသို့ လျှပ်လှိုင်းတွေ အထပ်ထပ် ဖြတ်သန်းသွား လိုက်သည်ထင်၏။ ကျွန်တော့်တစ်ကိုယ်လုံး ထုံကျင်

www.burmeseclassic.com

အေးခဲသွားခဲ့သည်။ သူမမျက်ဝန်းဆီသို့ မယုံကြည်နိုင်စွာ လှမ်းကြည့်လိုက်မိသေး၏။ သူမအကြည့်တို့က ကျွန်တော့်မျက်နှာမှ တမင်လွှဲဖယ်ထားလေသည်။

သူမနှုတ်ခမ်းထက်မှ စကားလုံးတွေကမူ တိုးတိတ်ထက်ရှစွာဖြင့် ထပ်မံပျံ့သန်းလာပြီးကျွန်တော့်ရင်ကိုအရှိန်ပြင်းစွာဖြင့်ထိမှန်လာကြပြန်သည်။

'သူက ဩဇီမှာနေတာ။ မမတို့စေ့စပ်ပြီးနောက်မှ ဟိုနိုင်ငံသားအဖြစ်သူခံယူ ခဲ့လိုက်တယ်ကွာ။ အဲဒါကို မမတို့ဘက်က လုံးဝမကျေနပ်လို့ အဆက်ပြတ်သွားသလို ဖြစ်နေခဲ့တာတော်တော်ကြာပြီ။ အခုမှဘယ်လိုနည်းနဲ့ ညှိနှိုင်းပြီးအဆင်ပြေသွားကြတယ်မသိပါဘူး။ မမတို့ကို လက်ထပ်ဖို့လူကြီးတွေက ပြန်ပြောလာကြတယ်။ သူကလည်း မမဆီကိုဖုန်းဆက်လာတယ်လေ။ လက်ထပ်ပြီးတာနဲ့မမလည်း အဲဒီကိုလိုက် သွားရမယ်ထင်တာပဲ။ အဲ…အဲဒါ……"

သိလိုက်ပါပြီ။ ဖြည်းဖြည်းချင်းအရှိန်မြှင့်လျှက်ခုတ်မောင်းလာခဲ့သည့် ရထားတစ်စင်းကို အရှိန်အဟုန်အပြင်းဆုံးအချိန်ရောက်မှ ရုတ်တရက် အလံနီပြကာ ဟန့်တားလိုက်ပြီပဲ။ ကိုယ့်ကိုယ်ကိုယ် လဲပြိုမသွားအောင် ကျွန်တော် အားတင်းထားလိုက်ရသည်။ ကျွန်တော့်ရင်ထဲတွင် လေးလံထိုင်းမှိုင်းသွားခဲ့၏။ လောကကြီးတစ်ခုလုံး အုံ့မှိုင်းသွားခဲ့ပြီထင်သည်။

ကျွန်တော့်ယုံကြည်ချက်တွေကလည်း လုံးဝမှောင်မိုက်သွားခဲ့လေပြီ။ ကျွန်တော့်အသိစိတ်တွေဆူဝေသွားခဲ့တာကိုလည်းသိနေသည်။ ဘာစကားတစ်ခွန်းမျှပင် ဆက်ပြီးပြန်ပြောနိုင်စွမ်းမရှိတော့။ ကျွန်တော့်မျက်နှာတွင်ကြေကွဲရိပ်တို့ဖြင့်ရုပ်ပျက်ဆင်းပျက်ဖြစ်နေမှာသေချာပါသည်။ ဩော်…ဒီကိစ္စအတွက်တိုင်ပင်ဖို့အလို အပ်ဆုံးလူက ကျွန်တော်တဲ့လား။ စောစောက မမရဲ့ဂရုဏာမျက်ဝန်းတွေက ကျွန်တော့်ကို တစ်သက်စာနှုတ်သိမ့်ပေးခဲ့ခြင်းများလား။ တရားဝင်စေ့စပ်ထားပြီး သူဆိုတော့ မမရဲ့ဘဝဖော်အဖြစ် အတိအလင်း သတ်မှတ်ပြီးခဲ့သူပဲပေါ့နော်။ မမမှာ လက်တွဲဖော်ရှိပြီးသားမို့ မင်းရဲ့ သံယောဇဉ်ကြိုးမေတ္တာမိုးတွေဆက်ပြီး ရွေဖြိုးမနေနဲ့တော့လို့ ပွင့်လင်းလိုက်ခြင်းပဲမဟုတ်လား။

ထိုနေ့က သူမလည်းဘာစကားမှထပ်ပြီး ပြောမထွက်တော့ဘဲ နှုတ်ဆွံ့သွားခဲ့သည်။ ကျွန်တော်ကမူ တစ်ဘဝစာအားတင်းပြုံးလေးနှင့်သာသူမကိုငေးစိုက်ကြည့်နေဖြစ်ခဲ့ပါလေသည်။

* * * * *

(၂)

"မနက်ဖြန်ပြန်တော့မယ်"ဟုဆိုတော့ သူမငိုသည်။ ကျွန်တော်တုန်လှုပ်သွားရပြန်၏။

"မမဘဝမှာ ခင်မင်မှုသံယောဇဉ်နဲ့ပတ်သက်လို့တော့ ဒါဟာပထမဦးဆုံး ကျတဲ့မျက်ရည်ပဲလင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com

သူမ၏ရှိုက်သံသည် ကျွန်တော့်ရင်ကို နာကျင်စေလှပါသည်။ တော်သင့်ပြီပေါ့ မမရယ်။ ထပ်ပြီးနှောင်ရစ်လာမယ့်သံယောဇဉ်တွေကို ကျွန်တော်တို့တားဆီးသင့်ပြီပဲလေ။ အမှန်တော့ အပြီး ဖြတ်တောက်ပစ်သင့်ချိန်ရောက်နေပြီဆိုက ပိုမှန်လေမလား။ ပြီးတော့ လူ့ကျင့်ဝတ်အရ ထားရှိရမယ့်စည်းတစ်ကြောင်းက ကျွန်တော့်ကို ပြင်းထန်စွာ တပ်လှန့်လိုက်ပြီပဲလေ။

ကျွန်တော့်ရင်ထဲမှာပြောချင်လှသည့်စကားလုံးများစွာ ရှိနေသေးပေမယ့် နှုတ်ခမ်းထက်သို့တိုးထွက်လာနိုင်စွမ်းမရှိတော့ပါ။

“သင်္ကြန်မှာ တို့မောင်နှမတွေ အတူလည်ကြပြီးမှ ပြန်ပါလားလင်းရယ်။ အဆောင်မှာနေရတာအခက်အခဲရှိရင် မမတို့အိမ်မှာ လာတည်းနေပေါ့”

သည်လိုနွေးထွေးတတ်သည့် မျက်ဝန်းညို့ညို့တွေကိုပဲ ကျွန်တော်စွဲစွဲနစ်နစ် ချစ်မိသွားခဲ့ရခြင်းဖြစ်သည်။ သို့သော် ကျွန်တော့်နှလုံးသားကလုံးဝ နောက်ကျနေခဲ့ပြီပဲ။

ကျွန်တော်ပြန်သည့်နေ့က ကားဂိတ်အထိ သူမလိုက်ပို့သည်။ ကားစထွက်ချိန်မှာ မျက်ရည်တစ်စနှင့် လက်ပြနှုတ်ဆက်ရင်း ကျန်ရစ်ခဲ့သည့် သူမကိုကြည့်ပြီး ကျွန်တော်အပြုံးတစစဖြင့်ပင် နှုတ်ဆက်ဖြစ်သည်။ ခပ်ယဲ့ယဲ့မချိုပြုံးလေးသာ ဖြစ်နေပါလိမ့်မည်။ နေရစ်ခဲ့ပါတော့လေ။ ကျွန်တော်ကဧည့်သည်ပဲ။ သူစိမ်းမြို့ကြီးမှာ အဆောင်နေကျောင်းသားဘဝဖြင့် တက္ကသိုလ်၏ နေ့ရက်တွေ ဖြတ်သန်းခဲ့ရသည့်အချိန်တွေအတွင်း သူမကြောင့် ကျွန်တော်များစွာနေပျော်ခဲ့ရပါသည်။

သို့မဟုတ် တစ်သက်စာအမှတ်တရတွေနှင့် အဓိပ္ပါယ်အရှိဆုံးအချိန်တွေဟုပင်ဆိုချင်ပါသည်။ သူမကကျွန်တော့် အချစ်ဦးစာမျက်နှာတစ်ခုပဲလေ။ အခုတော့အချိန်တန်လို့ အိမ်ကိုပြန်ခဲ့ရခြင်းပဲလား။ ဘတ်စ်ကားကြီးက ကျွန်တော့်ကိုသူမနှင့်ဝေးရာသို့ သယ်ဆောင်သွားနေသည်။ တကယ်ဝေးကြ ရပြီဆိုသည့်အသိက ကျွန်တော့်ရင်ကို နာကျင်မွန်းကြပ်စေလှ၏။

လမ်းဘေးဝဲယာ မြင်ကွင်းတွေကလည်း လွမ်းမောစရာကောင်းနေပြန်သည်။ ဟိုရောက်မှဖွင့်ကြည့်နော်ဟု မှာလိုက်သည့် သူမ၏လက်ဆောင်ဘူးလေးကို ကားပေါ်မှာပဲဖွင့်ကြည့်ဖြစ်သည်။ ကျွန်တော်ကြိုက်သည့် ကြည်ပြာရောင် နေ့စဉ်မှတ်တမ်းစာအုပ် လေးတစ်အုပ်။ အနီရောင်ပတ်ကားဘောလ်ပင်လေးတစ်ချောင်း။ အပြာနုရောင် လက်ကိုင်ပုဝါလေးတစ်ထည်။ ပြီးတော့ အဖြူရောင်စာရွက်လေးပေါ်မှာ သူမ၏လက်ရေးလှလှ လေးနှင့်ရေးထားသည့်ကဗျာတိုလေးတစ်ပိုဒ်။

“နောက်ကျအသည်း
ရင်ထဲသိမ်းထား
ဘဝများစွာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာဦးမယ်
မင့်နဲ့ကွယ်..''..တဲ့။

ကျွန်တော့်ရင်တွင်နာကျင်လှိုက်မောနေသည်။ သူမ၏ ဂရုဏာမျက်ဝန်းများနှင့် ကြင်နာတတ်သည့် အပြုံးတွေကိုသာ တသသပြန်လည်မြင်ယောင်နေမိသည်။ ကျွန်တော့် နှလုံးသားဝိဉာဉ်က သူမထံမှာအပြီး ကျန်ရစ်ခဲ့ပြီထင်၏။ မင့်နဲ့ကွယ်ဟုဆိုခဲ့သည့် သူမကိုယ်တိုင်က ငိုနေဦးမည်ဆိုတာ ကျွန်တော်သိနေပါသည်လေ။ သူမဆီ အပြေးပြန်သွားချင်သည့်စိတ်တွေက တရိပ်ရိပ် လှုပ်ခတ်နိုးဆော်လာကြပြန်သည်။ ဘယ်နည်းနှင့် ဖြစ်ဖြစ်သူမကိုအရ ခေါ်ယူကာ ဘယ်တော့မှ မခွဲဘဲအတူနေ လိုက်ချင်သည့် ဆန္ဒရိုင်းတွေကလည်းပြင်းပြင်းပြပြလူးလွန့်လာနေကြ၏။ ထိုစိတ်အရိုင်းတွေကို အသိတစ်ခုနှင့် ချုပ်နှိမ်ထားရသည်မှာ ရင်ကို တစစ်စစ် နာကျင်စေပါသည်လေ။

* * * * *

(၃)

ဘတ်စ်ကားကြီးက ခရီးရှည်၏တစ်ဝက်လောက်အရောက်တွင် ခဏနားသည်။ ခရီးသည်တွေကို ထမင်းစားကြဖို့ပြောသည်။ ကားရပ်နားသည့် စားသောက်ဆိုင်ကြီး အတွင်းသို့ ခရီးသည်တွေဝင်သွားကြ၏။ အပြင်တွင် နေရှိန်ကြောင့် လောင်မြိုက်နေသည်။ ဘာမှစားချင်စိတ်မရှိ၍ ကျွန်တော်က စားသောက်ဆိုင်ကြီးထဲသို့ မဝင်ဖြစ်သေးဘဲ ဘေးဘီဝဲယာကိုတစ်ချက် ဝေ့ကြည့်လိုက်သည်။

''မိသားစု..ကဖေး''

လမ်းတစ်ဘက်မှဆိုင်လေးကို လှမ်းတွေ့လိုက်တော့ ကျွန်တော့်ခြေလှမ်းတွေ အလိုလိုရွေ့လျားပြီးဖြစ်နေသည်။ ဆိုင်ထဲမှာလူသိပ်မရှိ။ နေအိမ်၏ရှေ့ဘက်တွင် အဖီ ဆွဲပြီးဆိုင်ကိုသေသေသပ်သပ်ဖွဲ့စည်းထားသည်။ သည်ဒေသ၏အခြေခံအလုပ်ဖြစ်သည့် ခြံလုပ်ငန်းကို ပင်မ လုပ်ငန်းအဖြစ်လုပ်ပြီးသည့်ဆိုင်ကို မိသားစု အပိုဝင်ငွေအဖြစ် ဖွင့်ထားဟန်တူသည်။ဆိုင်ကရိုးရိုးရှင်းရှင်းနှင့် သန့်သန့်ပြန့်ပြန့်လေးဖြစ်သည်။ကော်ဖီတစ်မျိုးတည်းသာရသည်တဲ့။ ကောင်တာမှ မှန်ဘီဒိုထဲတွင် ပေါင်မုန့်၊ ကိတ်မုန့်၊ ကိတ်ခြောက် စသည့် ရယ်ဒီမိတ်မုန့်ကောင်းကောင်း တချို့တော့ ကော်ဖီနှင့်တွဲဘက်စားသုံးနိုင်ဖို့ တင်ထားသည်။ ဆိုင်ရှင်တွေက မိသားစုဝင်တွေဖြစ်ပြီးဈေးရောင်းနေသည်နှင့်မတူ။ အိမ်ကို ရောက်လာသည့် ဧည့်သည်ကို ဧည့်ခံကြပုံမျိုးဖြစ်နေသည်။

လာချပေးသည့် ကော်ဖီကိုမွှေပြီး တစ်ငုံသောက်ကြည့်လိုက်သည်နှင့် ကော်ဖီ၏ အရသာကလည်း ဆိုင်ရှင်တွေ၏ စေတနာမျက်ဝန်းတွေလိုပင် လှပနေတာတွေ့ရသည်။ အရည်အသွေးမီ ကော်ဖီ



www.burmeseclassic.com

www.burmeseclassic.com

သန့်သန့်ကို ဣန္ဒြေရရရောင်းသည့်ဆိုင်ပဲဟုသိလိုက်၏။ ကော်ဖီကို အရသာခံပြီးတစ်ငုံချင်းသောက်ရင်းပင် သူမကို သတိတရလွမ်းဆွတ်စရာတွေက ပေါ်လာပြန်သည်။

သည်အခိုက်မှာပင် လမ်းတစ်ဘက်မှ စားသောက်ဆိုင်ကြီး၏ရှေ့သို့ ဘတ်စ်ကားကြီးတစ်စီး ထိုးဆိုက်လာတာ လှမ်းမြင်လိုက်သည်။ ထိုဘတ်စ်ကားကြီးက ကျွန်တော်လာခဲ့ရာအရပ်၏ ဆန့်ကျင်ဘက်အရပ်မှ ဝင်လာခဲ့ခြင်းဖြစ်၏။

ခရီးသည်တွေက စားသောက်ဆိုင်ကြီးထဲသို့ပြုံဆင်းစီးဝင်သွားကြပြန်သည်။ သို့သော် အသက်လေးဆယ် ကျော်အရွယ်လူ တစ်ယောက်ကမူ ဆယ်နှစ်လောက်အရွယ် ကောင်လေးနှစ်ယောက် လက်ကိုဆွဲကာ ဟိုဟိုသည်သည်ဝေ့ဝိုက်ကြည့်နေသည်။ သားအဖသုံးယောက်ဖြစ်မည် ဟုတွေးမိ၏။ ကျွန်တော်ထိုင်နေသည့် 'မိသားစု…ကဖေး' ဆိုင်လေးကိုမြင်တော့ လမ်းတစ်ဘက်သို့ ကူးလာကြတာတွေ့သည်။

ဆိုင်ထဲရောက်တော့ ကျွန်တော်နှင့်ကပ်လျှက်ဝိုင်းမှာ သူတို့ဝင်ထိုင်ကြသည်။ လူကြီးက သန့်သန့်ခန့်ခန့်ဖြစ်ပြီး ရုပ်ရှင်မင်းသားရန်အောင်နှင့်ခပ်ဆင်ဆင်တူသည်။ ကောင်လေးနှစ်ယောက်က အမြွှာညီအစ်ကိုဖြစ်ဟန်တူ၏။ သားအဖသုံးယောက် ကော်ဖီသုံးခွက်မှာသောက်နေကြသည်။ ကောင်လေးနှစ်ယောက်ကိုတော့ ကိတ်မုန့်တစ်ပွဲမှာပြီး ကျွေးသည်။

"ဘဘတို့ မေမေကြီးတို့မြို့က ရောက်ဖို့နီးနေပြီ။ အခုတော့ သားတို့ကကော် ဖီနဲ့မုန့်ပဲစားထားကြနော်။ ဘဘတို့အိမ်ရောက်မှ ထမင်းကောင်းကောင်းစားကြမယ်ဟုတ်ပြီလား"

စားပွဲဝိုင်းချင်းက နီးကပ်နေသည်မို့ အားလုံးမြင်နေကြားနေရသည်။ ကလေးတွေကလည်း ရည်ရည်မွန်မွန်လေးတွေပဲဖြစ်၏။ ကော်ဖီသောက်ရင်း ထိုလူက သူ့သားနှစ်ယောက်ကို ဆုံးမစကားတွေပြောနေသည်။ သူ့စကားထဲတွင် ဘယ်တော့မှသားတို့ ကိုအဖေပစ်မထားဘူးဆိုသည့် အားပေးစကားမျိုးတွေလည်းပါသည်။ ကိုယ်နှင့်မဆိုင်၍ တမင်နားမထောင်လိုသော်လည်း ကျွန်တော်ကြားနေရသည်။ နောက်တော့ ထိုလူက ကျွန်တော့်ကိုသတိထားမိသွားကာ ကလေးတွေကိုပြောနေရင်းမှကျွန်တော့်ကိုလှမ်း၍ ပြုံးပြ၏။ သူ့အပြုံးတွေက အတော်နွမ်းယဲ့နေသည်။ ထို့နောက် ကျွန်တော့်ကိုပါ စကားပြောလာလေသည်။ သူသည် ရင်တွင်းဝေဒနာတစ်ရပ်ကို နင့်နင့်သည်းသည်းခံစားနေရ ဟန်တူ၏။ ယခုမှ တွေ့ဖူးသော ကျွန်တော့်အား သူ့ဘဝဇာတ်ကြောင်းတစ်စိပ်တဒေသကို တရင်းတနှီး ရင်ဖွင့်ရှာလေတော့သည်။

"ညီလေးရေ အစ်ကိုတို့မြို့မှာတော့ အစ်ကိုက တော်တော်အောင်မြင်တဲ့ ကျူရှင်ဆရာတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုပါတော့ကွာ။ အစ်ကို့ဇနီးကလည်း နာမည်ကျော် အငြိမ့်မင်းသမီးတစ်ယောက်ကွ။ အစ်ကိုတို့သား အကြီးက ဆေးတက္ကသိုလ်ဒုတိယနှစ်ရောက်နေပြီ။ ဟောဒီ အမွှာညီနောင်သားငယ်လေးနှစ်ယောက်က အလယ်တန်းမှာတက်နေတာ။ အစ်ကိုတို့မိသားစု လေးရဲ့ဘဝက ထိုက်သင့်သလောက်အောင်လည်းအောင်မြင်ခဲ့တယ်။ တော်တော်လည်း ပြည့်ပြည့်စုံစုံရှိခဲ့ပါတယ်။ အစစအဆင်ပြေ ချောမွေ့နေခဲ့တယ်ဆိုပါတော့ကွာ။ ကိုယ်ပိုင်ခြံ၊ ကိုယ်ပိုင်တိုက်၊ ကိုယ်ပိုင်ကားနဲ့ လူအများအားကျငေးမောရတဲ့ မိသားစုလေး ပါပဲ"

ကလေးနှစ်ယောက်က မုန့်ကိုအားပါးတရစားနေကြသည်။ သူကသူ့သားတွေကို ကြေကြေကွဲကွဲ တစ်ချက်ကြည့်၏။

"အဲဒီလိုသာယာနေတဲ့ အသိုက်အမြုံလေးကို အစ်ကို့ဇနီးမင်းသမီးချောက စတင်ဖြိုဖျက်ပစ်လိုက်တယ်လေကွာ။ အစ်ကို့နဲ့သားတွေရဲ့မျက်နှာကို လုံးဝမငဲ့ညှာဘဲ အိမ်ထောင်သက်နှစ်ပေါင်းနှစ် ဆယ်ကျော်ရောက်မှ တခြားတစ်မျက်နှာနောက်ကို ကောက်ကောက်ပါအောင် လိုက်သွားခဲ့တယ်။ ပိုင်ဆိုင်ခွင့်တွေကိုလည်း အားလုံးအမိအရဆုပ် ကိုင်သွားခဲ့တာလေ"

ပြောနေရင်းသူ့မျက်နှာက ဒေါသနှင့်သောကတွေဖြင့် နီမြန်းလာပြန်သည်။

"အဲဒီပိုင်ဆိုင်ခွင့်တွေကို အစ်ကိုမနှမြောပါဘူး။ အစ်ကို့မိသားစုဘဝလေးကိုပဲ နှမြောတာ။ အခုဆို အစ်ကို့သားကြီးဆေးကျောင်းသားက ရှက်လွန်းလို့ ခြေဦးတည့်ရာ ထွက်သွားခဲ့တာ ဘယ်ရောက်နေတယ်တောင်မသိတော့ဘူး။ လုံးဝဆက်သွယ်လို့မရသေးဘူး။ အစ်ကိုကိုယ်တိုင်လည်း ဒီသားနှစ်ယောက်နဲ့ ခရီးစရိတ်လောက်ပိုက်ဆံလေးနဲ့ လက်ချည်းဗလာဆင်းလာခဲ့ရတာကွ။ အဲဒါကြောင့် ကလေးတွေကို ကော်ဖီပဲတိုက်နေရတာ။ လောလောဆယ်တော့ အစ်ကို့မိဘအိုတွေဆီပဲ ပြန်ပြီးခိုလှုံရဦးမှာပေါ့ကွာ"

သူ့မျက်ဝန်းတွင် နာကျင်မှု၊ ခံပြင်းမှုဝေဒနာတို့သာမကအခြားဝေဒနာရိပ်တွေပါ နှင့်နှင့်သည်းသည်း ထင်ဟပ်နေတာသတိပြုမိလိုက်သည်။ ကျွန်တော့်မှာ ကိုယ့်ဝေဒနာကိုပင် ခဏမေ့သွားရသည်။ သူတို့မိသားစု၏ ဘဝပုံရိပ်တွေက ကျွန်တော့်စိတ်တွေပေါ်ဝဲပျံနေကြလေသည်။ သည်အခိုက်မှာပဲ ကျွန်တော် စီးလာသည့် ဘတ်စ်ကားကြီးက ခရီးသည်တွေကို ပြန်စုနေတာတွေ့သည်။ သည်တော့မှ သူ့ကိုနှုတ်ဆက်ပြီး ကားဆီသို့အပြေး ပြန်လာလိုက်ရသည်။

* * * * *

(၅)

ကားပေါ်ရောက်သည်အထိသူတို့မိသားစုဘဝလေးက ကျွန်တော့်အတွေးတွေ ထဲမှာကပ်ပါလာပြန်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အချစ်သစ်နှင့် ပျော်နေမည့် ရွှေမင်းသမီး။ ကျန်ရစ်သူရင်ခွင်ပေါင်း၏ သောကဝေဒနာ။ မိသားစုသိုက်မြုံပျက်ဒုက္ခများ။ သည်ဇာတ်လမ်း လေးက ကျွန်တော့်အား ကြီးမားသောသင်ခန်းစာတစ်ခုကို သင်ပြပေးနေပြီထင်၏။ မျက်ရည်စက်တွေတွဲခိုနေသည့် မျက်ဝန်းရွဲကြီးတွေနှင့် ကျွန်တော့်ကို နှုတ်ဆက်ရင်း ကျန်ရစ်ခဲ့သည့်မျက်နှာတစ်ခုကိုပါမြင်ယောင်လာမိပြန်သည်။ သူမနှင့် ဇာတ်စပ်ထားသည်ဆိုသူကို လည်းစိတ်ကူးနှင့်ပြေးပြီးသတိရလိုက်မိသေးသည်။သည် အခိုက်အတန့်လေးမှာပဲ အသိတစ်ခုက ကျွန်တော့် နှလုံးသားကို ဆွဲကိုင်လှုပ်ခါ နေသလို ခံစားလာရသည်။ ရင်တွင်ခြောက်သွေ့မှုန်းကြပ်လာ၏။

> ကျွန်တော်က
> ကော်ဖီခွက်ကိုရွှေ့ပေးရင်း
> ကိတ်မုန့်ဘူးလေး
> ကိုပါဖွင့်ပေးလိုက်သည်။
> ကျွန်တော်ပြုံးသမျှကို
> မျက်ဝန်းလက်လက်လေးနှင့်
> သူမတော့ကြည့်နေရှာသည်။

မျက်နှာတွင် စို့ထွက်လာသည့် ချွေးစတွေကို သူမထည့်ပေးလိုက်သည့် ပုဝါလေးနှင့်ပဲ သုတ်ပစ် လိုက်မိသည်။ ကျွန်တော့်အချစ်ဦး စာမျက်နှာထက်မှသူမ နှင့်ပတ်သက်သည့် အလှပဆုံးအမှတ်တရ ဆေးရောင်တွေကိုလည်း အပိုင်းအကန့်နယ်ပယ်တစ်ခု ထဲမှာ အပြီးဖြတ်တောက်ထားခဲ့ရပေတော့မည်။ ဘယ် အချိန် ဘယ်ကာလတွင်မှ ထပ်မံနိုးထမလာရအောင် ပိုင်းကန့်ဖြတ်တောက်ခြင်းမျိုးလည်းဖြစ်ရပေမည်။သည်အခြေအနေမျိုးတွင် သူမတို့အိမ်ထောင်ရေး ခရီးဖြောင့်ဖြောင့်ဖြူးဖြူး စီးဆင်းနိုင်ဖို့တစ်ခုတည်းကို သာဦးစားပေးသင့်သည်မဟုတ်လား။

ထိုသို့ဆုံးဖြတ်လိုက်မိစဉ်မှာပဲ ကျွန်တော့် ရင်မှာတင်းတင်း ကြပ်ကြပ်တွဲခိုနေခဲ့သည့် အလွမ်းစိတ်တွေကအတိုင်းအတာတစ်ခုအထိ လွင့်ပြယ်ပါးလျှသွား သည်ထင်ရ၏။ ရင်တွင် သိသိသာသာ ပေါ့ပါး လာသည်ပဲ။ ဘဝမှာ မချစ်သင့်တဲ့အချစ်ဆိုတာရှိနေ ပါလား။ မလွမ်းသင့်တဲ့အလွမ်းဆိုတာလည်းရှိနေပါ သေးလား။ ကားက ဖြည်းဖြည်းမှန်မှန်ပင် ခရီးဆက်နေသည်။ ဘေးဘက် မှန်တံခါးကိုပင့်တင်ကာဖွင့်ကြည့်လိုက်တော့ အလွယ် တကူဖွင့်လို့ရတာ တွေ့ရ သည်။ အပြင်မှလေတချို့က ကျွန်တော့်ကို တို့ထိနှုတ်ဆက်ကာအားပေးလာကြ၏။ ထို လေအတွေကြောင့် ထိုင်းထိုင်း မှိုင်းမှိုင်းဖြစ် နေခဲ့သည့်စိတ်က

www.burmeseclassic.com

www.burmeseclassic.com



ပို့ပြီးကြည်လင် လန်းဆန်းသွားစေသည်။ သည့်နောက်တွင်တော့ သူမ ပေးလိုက်သည့် အမှတ်တရ လက်ဆောင် ပစ္စည်းလေးတွေကို ကား ပြတင်းမှတစ်ဆင့် တစ်ခုချင်း ပစ်ချနေလိုက်မိရင်း ကျွန်တော်ဘာသာ ကျေနပ်နေမိပြန်တော့သည်။

* * * * *

(၆)

နွေထဲမှာပင် အချိန်အခါမဟုတ်တဲ့ မိုးရွာတာနှင့်ကြုံရသည်။ တစိမ့်စိမ့်ရွာ သွန်းနေသည့် မိုးရေထဲမှာကားကို ထိန်းထိန်းသိမ်းသိမ်းမောင်းခဲ့ရသည်။ တစ်ညလုံး ခရီးပန်းလာသည်မို့ သူမမျက်နှာနုထွေးလေး နွမ်းနယ်နေသည်ထင်၏။ တစ်လမ်းလုံး သူ့ပခုံးကို လှမ်းမှီပြီးမှေး အိပ်လိုက်၊ နိုးလာတော့ စကားတွေ တွတ်ထိုး လိုက်နှင့်။ သည်မျက်နှာလေးကိုငေးရင်း ကျွန်တော့်ရင်တွင် ကြည်နူး ရိပ်လေးတွေလည်း ပျံ့ဝဲနေခဲ့သည်။ သက်ပြင်း မောလေးတွေ မသိမသာလွှင့်ကျသွားခဲ့ရတာလည်း အကြိမ်ကြိမ်။

"ရှေ့မှာကားတွေခဏဝင်နားကြတဲ့နေရာရောက်တော့မယ်။ ဆာရင်လည်း ထမင်းစားလို့ရတယ်"

"ဟင့်အင်း...သမီးမဆာဘူး။ ဦးပဲစားချင်စား။ သမီးတော့ ကော်ဖီလောက်ပဲ သောက်မယ်"

စားသောက်ဆိုင်ကြီးတစ်ဆိုင်၏ ရှေ့မှာ အဝေးပြေးဘတ်စ်ကားကြီး ထိုးဆိုက်ထားသည်။ ထိုကားကြီးနှင့်အနီးမှာပဲ ကျွန်တော့်ပါဂျဲရိုးကားလေးကိုဝင်ပြီးထိုးရပ်လိုက်မိ၏။ ကားပေါ်မှမဆင်းသေးဘဲ အပြင်ကိုတစ်ချက်ဝေ့ကြည့်တော့ လမ်းတစ်ဘက်မှ ဆိုင်လေးကို လှမ်းတွေ့လိုက်သည်။

"မိသားစု...ကဖေး"

ကျွန်တော့်အသိစိတ်က ထိုဆိုင်လေးကို ချက်ချင်းမှတ်မိသွားခဲ့၏။ နှစ်တွေ ကြာခဲ့တာတောင် သည်ဆိုင်လေးရှိနေသေးတာပဲ။ အနီးဝန်းကျင်တွင် စားသောက်ဆိုင်ကြီးတွေ နှစ်ဆိုင်သုံးဆိုင်လောက်တိုးလာတာကိုလည်း သတိပြုမိလိုက်သည်။

"ဦးလည်း ကော်ဖီလောက်ပဲသောက်မယ်လေ။ ဟောဟိုမှာ ကော်ဖီသိပ်ကောင်းတဲ့ဆိုင်လေးရှိတယ်"

ပြောရင်း ကျွန်တော်က ကားပေါ်မှဦးစွာဆင်းသည်။ အပြင်တွင် မိုးက ခပ်ဖွဲဖွဲရွာနေ၏။ သူမဘက်မှ ကားတံခါးကိုဖွင့်ပြီး ဖေးဖေးမမတွဲခေါ်ရင်း ကားပေါ်မှဆင်းစေသည်။ ထီးယူလာဖို့အထိ အေးအေးဆေးဆေးစီစဉ်ချိန်မရခဲ့သည့်ခရီးမို့ အနွေး ထည်ဂျက်ကင်အင်္ကျီကိုပဲ သူမခေါင်းထက်မှ မိုးပေးရင်း လမ်းတစ်ဘက်သို့ ခပ်သွက်သွက်ကူးရသည်။ ကျွန်တော့်လက်မောင်းကိုခပ်ဖွဖွဖက်တွယ်ရင်း သူမလိုက်ပါလာ၏။

ကော်ဖီဆိုင်လေးထဲရောက်တော့ ထောင့်မှစားပွဲတစ်ခုမှာဝင်ထိုင်ရင်း သူမကိုယ်ပေါ် တင်နေဆဲ

www.burmeseclassic.com

မိုးရေစက်တချို့ကို ခါချပေးနေမိပြန်သည်။ ဆိုင်ရှင်တွေရော ဆိုင်ထဲမှာရောက်နှင့်သူတချို့ကပါ အရွယ်ကွာလွန်းနေသည့် ကျွန်တော်တို့စုံတွဲကို မသိမသာအကဲခတ်နေကြသည်ထင်၏။

"လမ်းမှာဆာနေလိမ့်မယ်။ မုန့်တစ်ခုခုပါ စားထားလိုက်နော်"

ကျွန်တော်က ကော်ဖီခွက်ကိုမွှေပေးရင်း ကိတ်မုန့်ဘူးလေးကိုပါဖွင့်ပေးလိုက်သည်။ ကျွန်တော်ပြုမူသမျှကို မျက်ဝန်းလက်လက်လေးနှင့်သူမ မော့ကြည့်နေရှာသည်။

"သမီးသိပ်မဆာပါဘူး။ ဦးလည်းစားဦးလေ"

ကော်ဖီဆိုင်လေး၏ကော်ဖီလက်ရာက ဟိုတုန်းကလိုပင် ကောင်းနေဆဲ။ သန့်နေဆဲ။ လှနေအိမ်နှင့်တွဲထားသည့် ဆိုင်အခင်းအကျင်းက ဟိုတုန်းက ထက်ပိုပြီး သပ်ရပ်လှပအောင်ပြင်ထားတာတွေ့သည်။ ဆိုင်ထဲမှာ အယ်လ်စီဒီတီဗွီနှင့် သီချင်းကိုခပ်တိုးတိုးဖွင့်ထား၏။ ကော်ဖီရနံ့မွှေးမွှေးက သီချင်းသံသဲ့သဲ့နှင့် အတူပျံ့ဝဲလာသည်။ သည်ခရီးကို နှစ်ခေါက် သုံးခေါက်လောက် ဖြတ်သွားဖြစ်ခဲ့သေးပေမယ့် သည်ဆိုင်လေးမှာတစ်ခါမှဝင် မနားဖြစ်ခဲ့တော့။ မိုးက ခပ်စိပ်စိပ်ပြန်ရွာလာသည်။ အပြင်မှ မြင်ကွင်းတွေက သိပ်ပြောင်းလဲ မသွားပေမဲ့ အရင်ကထက်ပိုစည်နေသည်ပဲ။

"ဦး…။ ကော်ဖီသောက်ဦးလေ။ ကော်ဖီတွေအေးကုန်မယ်။ ဘာတွေငေးပြီး ဆွေးနေတာလဲ"

ပုခုံးစွန်းလေးဖြင့် ကျွန်တော့်ကိုယ်ကို ခပ်ဆဆလှမ်းတိုက်ရင်းမျက်စောင်းလေးခဲလိုက်သည့် အမူအရာကြောင့် ကျွန်တော်ပြုံးဖြစ်သည်။

"ဘာမှမငေးပါဘူး၊ ဘာမှလည်းမဆွေးပါဘူးကလေးရယ်။ ဒီနေရာကိုမ ရောက်တာကြာလို့ ဘာတွေပြောင်းလဲသွားလဲကြည့်နေတာပါ။ ကလေးပဲစားနော်။ ဦးက လုံးဝမဆာဘူး"

ပြောရင်း ကိတ်မုန့်တစ်ဖဲ့ကိုယူကာ သူမကိုခွံ့ကျွေးလိုက်တော့ စားရင်း ကျေနပ်စွာပြုံး၍နေသည်။ ဆိုင်ရှင်တွေနှင့် ဆိုင်ထဲမှ လူတချို့၏ စူးစူးစမ်းစမ်းအကြည့်တွေက ကျွန်တော်တို့နှစ်ယောက်ထံ မကြာခဏ ဝေ့ဝဲ ရောက်ရှိလာတတ်တာ သတိပြုမိပြန်၏။

"သိပါဘူး။ ဦးက အိမ်ကိုများပြန်လွမ်းနေတာလားလို့"

သူမမျက်ဝန်းလေးကို ပြုံး၍ငုံ့ကြည့်ရင်း မိုးရေစက်တချို့ကပ်ငြိနေဆဲသူမ၏ ဆံပင်လေးတွေကို ယုယုယယသပ်တင် ပေးလိုက်မိပြန်သည်။

"ဦးက ဘာကိုပြန်လွမ်းနေရဦးမှာလဲ ကလေးရယ်။ ဦးအလိုချင်ဆုံး၊ ဦးအမြတ်နိုးဆုံး ရွှေရုပ်လေးက ဦးဘေးမှာပါလာနေပြီပဲလေ"

"အပိုတွေပါ…"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောရင်း သူမရယ်သည်။ သို့သော် သူမရင်ထဲမှ ကြည်နူးရိပ်တွေက မျက်ဝန်း မှာသိသိသာသာထင်ဟပ်နေတာကိုကျွန်တော်မြင်နေရသည်။

"တကယ်ပြောတာ။ ဦး…သမီးကို သိပ်တန်ဖိုးထားပြီးချစ်ခဲ့တာပါ။ အဲဒါကြောင့်လည်း အားလုံးကိုစွန့်လွှတ်ပစ်ခဲ့တာပေါ့"

ပြောနေရင်းနှင့်ပင် ကျွန်တော့်စိတ်က လွန်ခဲ့သည့်နှစ်ပေါင်းများစွာဆီသို့ ပြန်ရောက်သွားပြန်သည်။ ကျောင်းသားဘဝတုန်းက သည်ဆိုင်လေးမှာဆုံခဲ့ဖူးသည့် ကျူရှင်ဆရာသားအဖသုံးယောက်ကို သတိရလိုက်မိတော့ နည်းနည်းတုန်လှုပ်သွားမိတာအမှန်ပင်။ တစ်ဆက်တည်းပင် နာကျင်ကြေကွဲစွာဖြင့် တရားရုံးတော်တွင် တရားဝင်ကွာရှင်း ခွင့်တောင်းခဲ့သူ၊ နှစ်ပေါင်းနှစ်ဆယ်လောက်ကြာအောင်ကျွန်တော့်လက်ကိုခိုတွဲပြီး ခရီးတစ်ခုကိုအတူလျှောက်နေဖြစ်ခဲ့သည့် မျက်နှာတစ်ခုကိုလည်း အမှတ်ထင်ထင်ပြေးမြင်ယောင်လိုက်မိသေး၏။ ယုံကြည်မှုအပြည့်နှင့် ဘဝကိုပုံအောပြီး အတူလျှောက် နေကြရင်းမထင်မှတ်ချိန်မှာနောက်ကျောကို ဓားဖြင့်ထိုးစိုက်ချလိုက်သလို ကျွန်တော်၏ သစ္စာမဲ့မှုကိုခံလိုက်ရသည့်အတွက် သူမဘယ်လောက်များတုန်လှုပ် ကြေကွဲသွားလိုက်လေမလဲ။ သတင်းစာတွင် နာနာကျည်းကျည်းကြော်ငြာခဲ့သည့် သူမနှင့်သက်ဆိုင်မှု လုံးဝမရှိတော့ကြောင်းသတင်းကိုဖတ်ရစဉ်ကလည်း စိတ်ထိခိုက်မိခဲ့ရ တာအမှန်။ ပြီးတော့ ကျွန်တော်ခွဲချန်ထားရစ်ခဲ့ရသည့်ကျွန်တော့် အသိုက် အမြုံလေးမှ မျက်နှာလေးများ…။ ထို မျက်နှာလေး တွေက ကျွန်တော့်ကိုကောင်းကင်ကြီးတစ်ခုလို ခိုလှုံထားကြတာ ပဲလေ။ တွေးရင်းတွေးရင်း ရင်တွင်အုံ့မှိုင်းလာရပြန်သည်။

"ဟော…ကြည့် ပါလား။ လူကိုဘေးမှာထားပြီး သူ့စိတ်တွေကဘယ်ကို ရောက်သွားပြန်တာလဲ၊ စိတ်ကောက်မိတော့မယ်နော်"

နှုတ်ခမ်းလေးကိုတမင် လုလှပပစူပြီး စိတ်ကောက်ဟန်ပြုသည်။ ကျွန်တော်ချော့ရပြန်၏။ မိုးကတစ်ကျော့ထပ်ရွာလာပြန်သည်။မိုးရေထဲမှာမြင်ကွင်းတွေက ဝေဝေဝါးဝါး ဖြစ်သွားပြန်၏။ မနေ့ညက ခရီးစထွက်စဉ်ကပင် ရွှေခေါင်ခေါင်ဖြစ်နေခဲ့သေးသည်။ သည်မနက်မှမထင်မှတ်ဘဲ မိုးရွာလာခြင်းဖြစ်၏။ သည်လိုပဲ လူ့ဘဝဆိုတာကလည်း အမှတ်မထင်သော ကံကြမ္မာ အချိုး အကွေ့အလှည့်အပြောင်းတွေထဲမှာ ခရီးနှင်နေရ ခြင်းမျိုးပဲလား။ ကျွန်တော့်အတွေးတို့ကသိမ်းဆည်းလို့မရအောင် ခုန်ခုန်ထွက်သွားနေကြသည်။

"ဦးရေကော်ဖီကကောင်းလိုက်တာနော်။ သည်လိုနေရာ မှာ သည်လောက်ကောင်းတဲ့ကော်ဖီမျိုး သောက်ရလိမ့်မယ်လို့ မထင်ထားမိဘူး"



www.burmeseclassic.com

www.burmeseclassic.com

သူမက ကော်ဖီကိုတစ်ငုံချင်းအရသာခံပြီးသောက်ရင်းပြော၏။မိုးဓါတ်ကြောင့် ဆိုင်ထဲမှာအေးအေးမြမြဖြစ်နေသည်။ သူမ၏ကိုယ်လေးက ကျွန်တော့်ဘက်သို့တိုးမှီလာ၏။ကလေးစိတ်ကလေးအတွေးနှင့် အဖြူစင်ဆုံးအရွယ်လေးပဲရှိသေးသည့် သူမ။ အချစ်စိတ်ကြောင့်ပဲလား၊ အားကိုးစိတ်ကြောင့်ပဲလား၊ သို့မဟုတ် ဘဝအထုံရေစက်တွေကြောင့်ပဲလား။ ဘာကြောင့်များသည် အနှောင်အတည်း တွင်းနက်ထဲကို စူးစူးရဲရဲတိုး ဝင်လာခဲ့ပါလိမ့်။ အပြစ်ကင်းနေသည့် မျက်နှာလေးကိုငုံ့ကြည့်နေမိသည့် ကျွန်တော့်မြတ်နိုးမှုတွေမှာ ဝေဒနာတချို့ရိုက်ခတ်လာပြန်သည်။ သည် အခိုက်မှာပဲ ကော်ဖီဆိုင်လေးထဲသို့ လူနှစ်ယောက်ဝင်လာသည်။

"မိုးကလည်း အချိန်မဟုတ် အခါမဟုတ်ကွာ။ ဒီမိုးနဲ့တော့ လူတွေဖျားကုန် နာကုန်တော့မှာပါပဲ"

ဆိုင်ဝမှာရပ်လျှက်ထီးကိုပိတ်နေရင်း တစ်ယောက်ကပြောလိုက်းခြင်းဖြစ်သည်။

"အချိန်အခါမဟုတ်မိုးရွာလို့ လူတွေ ရောဂါဖြစ်မဖြစ်တော့မသိဘူး။ လောလောဆယ် နေလို့ထိုင်လို့ကောင်းသွားတာတော့အမှန်ပဲ"

ကျန်တစ်ယောက်က စားပွဲတစ်ခုမှာဝင်ထိုင်ရင်း ပြန်ပြောလေသည်။ ပြောရင်းအကြည့်ကကျွန်တော်တို့ထံရောက်လာ၏။ ဆိုင်ထဲသို့ဝင်လာသည့်သူတိုင်းက ကျွန်တော်တို့နှစ် ယောက်ကို စိတ်ဝင်တစားလှမ်းကြည့်လိုက်တတ်သည်ချည်း။

အချစ်ကို
ရှူးရှူးရိုက်ရိုက်
ကိုးကွယ်မိတတ်သည့်
အရွယ်တန်းကာပင်
လူ့ကျင့်ဝတ်တွေကို
စောင့်ထိန်းပြီး
တည့်တည့်မတ်မတ်လျှောက်
လှမ်းနိုင်ခဲ့သေး၏။

"သွားကြရအောင်ဦးရယ်။ ဟိုရောက်မှပဲ အေးအေးဆေးဆေးနားတော့မယ်"

ကော်ဖီဖိုးပြန်အမ်းငွေကို စောင့်နေရစဉ် အပြင်ကိုလှမ်းငေးနေသည့် သူမမျက်ဝန်းလေးကိုငဲ့ကြည့်ရင်း ကျွန်တော် သက်ပြင်းဖွဖွချမိလိုက်၏။ ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဘဝခရီးတွင် ပတ်ဝန်းကျင်မှ အကြည့်ရိုင်းတွေ၏ဒဏ်ကို သူမဘယ်အထိ ခံနေရဦးမည်မသိ။ ကျွန်တော်ကိုယ်တိုင်လည်း သူမနှင့်အတူ ကိုယ့် ဘဝကိုယ်ဘယ်အထိပုန်းရှောင်ပြီး ရှင်သန်သွားရဦးမည်မသိ။ လူ့အသိုင်းအဝိုင်းက တန်ဖိုးထားသည့်ကျင့်ဝတ်တွေကို ဆန့်ကျင်ပြီးလျှောက်လှမ်းမိခဲ့သည်ကြောင့် လောကကြီးက ကျွန်တော်တို့အတွက် သိသိသာသာကျဉ်းမြောင်းသွားခဲ့ရသည်ပဲ။ ဒါပေမယ့် တချို့ကိစ္စတွေမှာ အသိဉာဏ်နှင့်ထိန်း၍မရနိုင်သည့် အနေအထားမျိုးတွေကိုလည်း မရှောင်လွှဲနိုင် အောင်ကြုံလာရတတ်ပြန်သည်ပဲလေ။ အချစ်ကိုရှူးရှူးမိုက်မိုက်ကိုးကွယ်မိတတ်သည့်အရွယ်တုန်းကပင် လူ့ကျင့်ဝတ်တွေကို စောင့်ထိန်းပြီး တည့်တည့်မတ်မတ်လျှောက်လှမ်းနိုင်ခဲ့သေး၏။ ထိုက်သင့် သည့်ဘဝအသိတွေ၊ ဘဝအတွေ့အကြုံတွေများစွာနှင့် တည်ငြိမ် ရင့်ကျက်နေပြီ ထင်ရသည့်အရွယ်ရောက်မှ မှားယွင်းမှုကို သိသိနှင့်တိုးဝင်ပျော်မောမိခဲ့တာက ကံကြမ္မာကြောင့်ပဲလား၊ ကိုယ်တိုင် ကြောင့်ပဲလား။ ကျွန်တော်မစဉ်းစားချင်တော့ပါ။ ဘာပဲဖြစ်ဖြစ် သူမ၏နုနုနယ်နယ်ဘဝလေးကို အားနာစိတ်တွေကြားမှပင် နားလည်မှု၊ စာနာမှုတွေနှင့်ပဲ ဖေးမလျှောက်လှမ်းသွားရ ပေဦး တော့မည်။

* * * * *

(၇)

ကော်ဖီဆိုင်လေးမှထွက်လာပြီး နှစ်ယောက်သား ကားဆီသို့အပြေးတစ်ပိုင်း လျှောက်လာခဲ့ကြသည်။ ခပ်ဖွဲဖွဲ ရွာနေဆဲမိုးရေထဲမှာပင် ကျွန်တော့်လက်မောင်းကို တင်းတင်း ကြပ်ကြပ်တွယ်ဖက်ရင်းကြည်ကြည်နူးနူးလိုက်ပါလာသည့် မျက်ဝန်းနုနုလေးကို မြတ်နိုးစွာ ငုံကြည့်ဖြစ်သေး၏။ ဂျက်ကင်အင်္ကျီကိုဆောင်းပေးထားသည့်ကြားမှပင် သူမမျက်နှာပေါ်သို့ မိုးရေစက်တချို့ပက်စင်လာတာတွေ့သည်။ ကားပေါ်ရောက်မှပဲ မိုးရေစက်တွေကို သုတ်ပေးဦးမည်ဟုတွေးရင်း ကားတံခါး ကိုဖွင့်ပေးဖြစ်၏။ ကျွန်တော့်အတွေးတိုင်း၊ ကျွန်တော့်အကြည့်တိုင်း၊ကျွန်တော့်စကားလုံးတိုင်း၊ ကျွန်တော့်အပြုအမူတိုင်းမှာ သူမအတွက် မြတ်နိုးမှုမိုးရေစက်တွေ တွဲခိုနေမှာတော့သေချာ ပါသည်။ သို့သော် နွေလယ်မှာရွာသည့်မိုးရေစက်တွေများဖြစ် နေခဲ့လေပြီလား··မသိ။


သက်နှင်းဆွေ-ပုပ္ပါး

*(၂၇·၉·၂၀၁၁။ညနေ၅း၂၀)*



www.burmeseclassic.com

www.burmeseclassic.com





ကော်ဖိဒေးဒ်ပရာ

www.burmeseclassic.com

www.burmeseclassic.com

ဟိုအရှေ့၌ ကောင်းကင်သည် မယုံချင်စရာ ကောင်းလောက်အောင် ညွှတ်ကျွေးသွားသည်ကို တွေ့ရသည်။ ဒါဟာ…တကယ်ပဲလား…။ တကယ် ဆိုလျှင်တော့ ထိုအဆုံးတစ်နေရာတွင် မြေကြီးနှင့် ထိနေနိုင်သည်ဟု သူတွေးကြည့်နေ၏။ ထိုသံသယ ကြောင့်ပဲ ညွှတ်ကျွေးသွားသော ကောင်းကင်သည် မြေကြီးနှင့် ထိ,မထိ ဆိုတာကို သူ ပြေးပြေးပြီးကြည့် နေသည်။ ဘယ်လောက်ပြေးပြေး ထိုအဆုံးနေရာကို တော့ဖြင့် မရောက်နိုင်။ ကြာတော့ သူမောဟိုက်လာ သည်။ မောဟိုက်မှုများ အထွတ်အထိပ်သို့ ရောက်ရှိ၍ ချောက်တစ်ခုထဲသို့ သူ တဟုန်ထိုး ပြုတ်ကျသွားလေ သည်။

'အား…'

ထိတ်လန့်တုန်လှုပ်မှုက သူ့ကို ပစ္စက္ခသို့တွန်း ပို့လိုက်သည်။ သည်မှာပဲ ချွေးစီးများဖြင့် တုန်ရင်မော ဟိုက်နေသော သူ့အဖြစ်ကို သူကိုယ်တိုင် ရိပ်စားမိ သွားသည်။

"ဪ… အိပ်မက်မက်နေတာပဲ…"

ခြောက်ကပ်နေသောသူ၏ လည်ချောင်းထဲ သို့ အိပ်ရာနံဘေးရှိ ရေဘူးထဲက ရေများကို လောင်းချ လိုက်သည်။ မောမောကြီးမှာတော့ သူ အမောပြေသ လို ရှိသွားသည်။ တည်ငြိမ်စပြုနေပြီဖြစ်သော စိတ် တို့ဖြင့် သူ ပြန်အိပ်သည်။ သူ အိပ်ပြီး သိပ်မကြာခင်မှာ ပဲ ကံမကောင်းစွာ ထိုအိပ်မက်ထဲသို့ပင် သူပြန်ရောက် ရှိသွားပြန်သည်။ ပြီးလျှင်တော့ စောစောကလို အထိတ်တလန့်ဖြင့် သူ နိုးထလာလိမ့်မည်။ သည်လို နှင့်ပင် မိုးသောက်အရှက်ဆီသို့ရောက်မှန်းမသိ ရောက် သွားကာ နောက်ဆုံးတော့လည်းထုံးစံအတိုင်း အိပ်ယာဝင် ညကသာ သူ့ကိုတစ်ဖက်သတ်အနိုင်ယူသွားပေလိမ့်ဦး မည်။



www.burmeseclassic.com

www.burmeseclassic.com



■

ဘယ်တော့အိပ်အိပ် ဘယ်အချိန်အိပ်အိပ် ထိုအိပ်မက်တစ်ခုတည်းကိုသာ သူ အမြဲမက်လေ့ရှိသည်။ ကြာတော့ အိပ်ရမှာကိုပင် သူ ကြောက်လာသည်။ ထိုအိပ်မက်နှင့်လည်း မျက်နှာချင်း မဆိုင်ချင်တော့။ ဒါနှင့်ပင် သူသည် မအိပ်ခြင်းနှင့် မိတ်ဆွေဖွဲ့နေလိုက်တော့သည်။ အိပ်မက်ကတော့ တစ္ဆေတစ်ကောင်လို သူ့ကို အမြဲခြောက်လှန့်နေတတ်စမြဲ။ တဖြည်းဖြည်း ပိုဆိုးလာသည်က အိပ်မက်သည် သူ ဘယ်ကိုသွားသွား နောက်က တကောက်ကောက် လိုက်၍ နှောင့်ယှက်နေခြင်းပင်။

အခုလည်း သူ့နောက်က ဘယ်အချိန်က ဘယ်လိုလိုက်လာသည် မသိ။ အမှတ်မထင် သူ လှည့်ကြည့်တော့ အိပ်မက်သည် ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းကာ နောက်ကနေ မယောင်မလည် လိုက်လာသည်ကို တွေ့လိုက်ရသည်။ ရုတ်ချည်းဆိုသလို သူ ချွေးစေးများ ပြန်လာကာ လက်ဖျားများလည်း အေးစက်လာသည်။ ခြေလှမ်းများ၏အရှိန်ကို ခပ်သွက်သွက်မြှင့်တင်လိုက်၏။ အိပ်မက်ကို အမြန်ဆုံး မျက်ခြည်ဖြတ်မှဖြစ်မည်။ ထို့ကြောင့် လမ်းမကြီးပေါ်ကနေ လမ်းချိုးတစ်ခုထဲသို့ ရုတ်တရက် ချိုးကွေ့လိုက်သည်။ ထိုလမ်းသွယ်လေးသည် လူနည်းနည်းရှုပ်သဖြင့် သူ့အတွက် အကာအကွယ်ဖြစ်လောက်ရဲ့ဟု သူတွေး၏။ သို့သော် အိပ်မက်သည် သူ ထင်သလောက် မအ…။ သူ ချိုးကွေ့ဝင်လာရာ လမ်းသွယ်လေးထဲသို့ လှစ်ခနဲ လိုက်ဝင်လာသည်ကို ရိုးတိုးရိပ်တိတ် မြင်လိုက်ရသည်။

သူစဉ်းစားသည်။ ဒီအတိုင်း ဆက်သွားနေလျှင် တစ်နေရာမဟုတ် တစ်နေရာတွင် အိပ်မက်က သူ့ကို မှီသွားနိုင်သည်။ ဒီလိုတော့ သူ အဖြစ်မခံနိုင်…။ ရုတ်တရက် သူ့ခေါင်းထဲတွင် အကြံတစ်ခု လက်ခနဲ ဖြစ်သွားသည်။ ထိုနည်းသည် အိပ်မက်ကို အကောင်းဆုံး မျက်ခြည်ဖြတ်သောနည်းလည်း ဖြစ်နိုင်ပါသည်။ အမှတ်မထင် ကော်ဖီဆိုင်ထဲသို့ ဝင်ကာ ကိုယ်ရောင်ဖျောက်လိုက်ခြင်းပဲ ဖြစ်လေသည်။

ကော်ဖီဆိုင်ထဲ ရောက်သွားသောအခါ သူ့နောက်ကို နောက်ယောင်ခံလိုက်လာသော အိပ်မက်၏ အရိပ်အယောင်ကို သူတစ်စွန်းတစ်စမျှ မမြင်ရတော့။

"ကဲ…အခုတော့ ဘာတတ်နိုင်သေးလဲ" အိပ်မက်ကို အနိုင်ရလိုက်သော သူသည် စစ်ပွဲတစ်ခုကို အောင်လိုက်သော စစ်သူကြီးတစ်ဦး၏ ဟန်ပန်လို မောက်မောက်ကြွားကြွား ဖြစ်သွားသလားတောင် မပြောတတ်။ ကော်ဖီဆိုင်က ဖွင့်ထားသောတေးသွား အတိုင်း စားပွဲပေါ်သို့ သူ့လက်ချောင်းများဖြင့် စည်းချက်ကိုက်အောင် လိုက်ခေါက်နေသေးတော့။ ကော်ဖီ



www.burmeseclassic.com

www.burmeseclassic.com



မွှေးမွှေး သီချင်းအေးအေးဖြင့် ငြိမ့်နေလိုက်မည်ဟု လည်း သူ စိတ်ကူးသည်။ ထိုအခိုက်အတန့်မှာပင် ကော်ဖီဆိုင်နံရံတွင် ကပ်ထားသောမှန်ချပ်ကြီးပေါ်သို့ သူ့ အကြည့်ရောက်သွားသည်။

'ဘုရားသခင်…'

သူ သွေးပျက်မတတ် ထိတ်လန့်သွားသည်။ မှန်ထဲတွင်မြင်နေရသော သူသည် သူမဟုတ်တော့..။ သူသည် အိပ်မက်ဖြစ်နေသည်ကို အံ့သြဖွယ် တွေ့ လိုက်ရလေသည်။

■

ချောင်ကျကျစားပွဲတစ်ခုတွင် ထိုင်နေမိသော သူတစ်ဖြစ်လဲ အိပ်မက်၏အနီးသို့ စားပွဲထိုးလေးက လာရပ်သည်။ ကဏှာမငြိမ်ဖြစ်နေသော သူ၏အဖြစ်ကို စားပွဲထိုးကောင်လေး ရိပ်မိမသွားခင် ထိုကောင်လေး ၏မျက်နှာကို ခပ်တည်တည်စိုက်ကြည့်၍ 'ကော်ဖီ တစ်ခွက်'ဟု သိုးသိုးသွက်သွက် မှာလိုက်သည်။ 'ဟန်ကိုယ်ဖို့' ဆိုတဲ့စကားကလည်း ရှိသေးတယ် မဟုတ်လား။ ခဏနေတော့ ကော်ဖီတစ်ခွက်နှင့်အတူ အငွေ့တထောင်းထောင်းထနေသော ရေနွေးတစ်ခွက် ကို ကောင်လေးက လာချပေးသွားသည်။ ဆိုင်ထဲတွင် ဖွင့်ထားသော လွမ်းစရာကောင်းသည့် ပီယာနိုတေး သွားတစ်ခုက ငြိမ့်ညောင်းညင်သာစွာ သူ့ရင်ကို ဖြတ် စီးသွားသည်။

ဆိုင်ထဲရှိ စားပွဲဝိုင်း လေးငါးဝိုင်းတွင် ထိုင်နေကြသူများအချင်းချင်း တီးတိုးစကားပြောဆို နေကြသည်။ မျက်မှန်းတန်းမိနေသော အကြောင်း သိတချို့ကတော့ သူ့ကို ကွက်ကြည့်ကွက်ကြည့်လုပ် နေသည်။ သူ၏စားပွဲဝိုင်းတွင်တော့ သူရယ်၊ ကော်ဖီ တစ်ခွက်ရယ်၊ ရေနွေးတစ်ခွက်ရယ်၊ တိတ်ဆိတ်ခြင်း ရယ် အတူတကွ ရှိနေကြလေသည်။

ထိုသက်ငြိမ်ပန်းချီကားထဲတွင် မငြိမ်မသက် ရွေ့လျားနေသည်က သူ၏အတွေးပဲဖြစ်သည်။ သူ သည်လို တွေးကြည့်နေသည်။ ကော်ဖီခွက်၏အပေါ် ယံမျက်နှာပြင်ပေါ်က ပလုံစီထနေသော အမြှုပ်ကလေး များသည် ထိုကော်ဖီ၏ ရင်ခုန်သံများသာလျှင် ဖြစ်ပါ လိမ့်မည်။ ဒါဆိုလျှင်တော့ ထိုကော်ဖီတစ်ခွက်ကို သောက်၍မဖြစ်ဟု သူ ချက်ချင်းဆုံးဖြတ်လိုက်သည်။ သူ သောက်လိုက်သဖြင့် ကော်ဖီတစ်ခွက် သေဆုံး သွားမှာကို ဘယ်နည်းနှင့်မှ အဖြစ်မခံနိုင်။ ကော်ဖီကို သူ့ဘဝနှင့်အတူ ရှင်သန်နေစေချင်၍ပဲဖြစ်သည်။

ပြီးတော့ သူ၏အရင်းနှီးဆုံးမိတ်ဆွေတချို့ကို အရေးပေါ်ခေါ်ယူ၍ တစ်စုံတစ်ခုမှာထားရန်ကိုလည်း သူက စဉ်းစားနေသေးသည်။ တခြားတော့မဟုတ်ပါ။ တကယ်လို့ သူ တစ်ခုခုဖြစ်ကာ ဆေးရုံပေါ်ရောက် သွားပြီ ဆိုကြပါစို့ရဲ့။ သတိလစ်မေ့မြောနေသော

www.burmeseclassic.com

www.burmeseclassic.com

သူ့အတွက် သွေးသွင်းဖို့ လိုအပ်ကောင်း လိုအပ်လာပါလိမ့်မည်။ ထိုအခါ သူ၏သွေးကြောထဲသို့ ကော်ဖီများကိုသာ သွင်းပေးဖို့ပဲဖြစ်သည်။ ကော်ဖီအမျိုးအစားကိုတော့ဖြစ်နိုင်လျှင် Blue Mountain ကို ရအောင်ရှာစေချင်သည်။ ဘယ်လိုမှ ရှာမရတော့ဘူးဆိုပါမှ Cappucino ကို သွင်းပေးကြဖို့ လိုပါလိမ့်မည်။ ထိုအခါ သူသည် အဆန်းတကြယ် ရှင်သန်နိုးထလာသည်ကို တွေ့ကြရမည်ဖြစ်သည်။

စိတ်ပျက်စရာကောင်းသည့် ကိစ္စတစ်ခုကတော့ သူသည် မကြာခဏဆိုသလို ကံကြမ္မာကို တောင်းပန်နေရခြင်းပဲဖြစ်သည်။ သူက ဘယ်လောက်တောင်းပန်တောင်းပန် နောက်ဆုံးတော့လည်းကံကြမ္မာက ထုံးစံအတိုင်း အနိုင်နဲ့ပိုင်းသွားချည်းပင်။ သူ့တွင် နောက်ထပ်ဆုံးရှုံးစရာ ဘာဆိုဘာမျှမရှိတော့။ ဒါပေမဲ့လည်း သူ့အပေါ်ငယ်နိုင်လိုဖြစ်နေခဲ့သော ကံကြမ္မာကိုတော့ဖြင့် သူသည်တောင်းပန်နေရစမြဲ။ ဘယ်လောက်အထိများလည်းဆို ကိုရီးယားဇာတ်လမ်းတွဲများတွင် ပါလေ့ရှိသော ဒူးထောက်တောင်းပန်နေသူများကိုမြင်လျှင် အဲဒီလူဟာ သူများဖြစ်နေမလားဆိုပြီး အလန့်တကြား ထ,ထကြည့်မိသည်မှာအမော…။ ဒါနှင့်ပဲ ခုနောက်ပိုင်း သူသည် ကိုရီးယားဇာတ်ကားတွေကို လုံးဝမကြည့်ဖြစ်တော့ပေ။

လွင့်ချင်ရာလွင့်နေခဲ့သော သူ၏စိတ်ရွက်လှေသည်။ ကော်ဖီဆိပ်ကမ်းဆီသို့ ပြန်လည်ဆိုက်ကပ်ခဲ့လေပြီ။ စားပွဲပေါ်က ရေနွေးပူပူတွေကို လက်ခံပြီးနေရာပေးထားသည့် ဖန်ခွက်ကလေး ဖျတ်ခနဲ ကွဲကြေမသွားသည့်အတွက် ရိုကျိုးစွာဖြင့် ‘ကျေးဇူးတင်ပါတယ် ဖန်ခွက်ကလေးရယ်’ ဟု သူ လှမ်းပြောလိုက်သည်။ ထိုအချိန်မှာပင် ဘယ်ကဘယ်လို ရောက်လာမှန်းမသိသော ယင်တစ်ကောင်သည် သူ၏ မျက်စိရှေ့တွင်ပင် ကော်ဖီခွက်ထဲသို့ ပြုတ်ကျသွားခဲ့သည်။ ယင်ကောင်သည် နှစ်ခါ…သုံးခါ ကြိုးစား၍ လူးလွန့်ကြည့်နေသေးသည်။ သို့သော် အဆုံး၌ လုံးဝငြိမ်သက်သွားပါတော့သည်။

ကော်ဖီကန်ထဲသို့ ခွတ်တိုးခုန်ချခဲ့ခြင်းအတွက် ယင်ကောင်တွင် အပြစ်ရှိကောင်းရှိပါလိမ့်မည်။ သို့သော် ထိုယင်ကောင်ကို သူခွင့်လွှတ်ရပါမည်။ အဘယ်ကြောင့်ဆိုသော် ယင်ကောင်ခုန်ချခဲ့သောနေရာမှာ ကော်ဖီထဲသို့ဖြစ်ကာ သေဆုံးသွားသည့်နေရာမှာလည်း ကော်ဖီထဲမှာပင် ဖြစ်နေသောကြောင့်ပင်။

အခုတော့ ကော်ဖီခွက်ထဲတွင် ပြုတ်ကျသေဆုံးသွားသည့် ယင်ကောင်တစ်ကောင်၏ ဈာပနာကို ကျင်းပရန်အတွက် သူ တိတ်တဆိတ်သည် ပြင်ဆင်နေခဲ့ပါသည်။ အရင်ဆုံး စားပွဲထိုးကောင်လေးမှတစ်ဆင့် ဆိုင်ရှင်အား ဖွင့်ထားသောသီချင်းကို ပိတ်

www.burmeseclassic.com



ပေးဖို့ မေတ္တာရပ်ခံရပါမည်။ ပြီးလျှင်တော့ ဆိုင်ထဲတွင် ရှိနေကြသော နှလုံးသားရှိသည့်မည်သူမဆို ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် မတ်တပ်ရပ်ကာ တစ်မိနစ်ခန့် ငြိမ်သက်ပေးကြရပါလိမ့်မည်။ ထိုအခါ သူ၏ရင်ထဲက အောက်မေ့တသခြင်းကတ္တီပါကားလိပ်သည် တအိအိ ပြုဆင်းလာလေတော့သည်။

အစီအစဉ်များ အားလုံးပြီးစီးသွားပြီဖြစ်သဖြင့် ထုံးစံအတိုင်း ကောင်တာဆီသို့ထသွားကာ မသောက်ဖြစ်သော ကော်ဖီတစ်ခွက်ဖိုးကို သူရှင်းလိုက်သည်။ ပြီးတော့ စစ်ရှုံးသွားသော သုံ့ပန်းတစ်ဦး၏ လေးကန်နှေးဖင့်သော ခြေလှမ်းမျိုးဖြင့် ဆိုင်အပြင်ဘက်ဆီသို့ တရွေ့ရွေ့ ထွက်ခွာသွားပါတော့သည်။

သူ ဆိုင်ရှေ့သို့ ရောက်ရှိချိန်လောက်မှာပင် ဆိုင်ထဲတွင်ကျန်ရစ်ခဲ့သော စားစားက သူ့ကို ကွက်ကြည့်ကွက်ကြည့် လုပ်နေသည့်ဝိုင်းမှ စကားပြောသံအချို့ကို အောက်ပါအတိုင်းကြားလိုက်ရပါသည်။

"ဘယ်လိုလဲဗျ..၊ ဒီလူကဦးနှောက်လား"

"အဲဒီသဘောလို့ပဲ ပြောရမလား မသိဘူး၊ ဒီဆိုင်ကိုတော့ နေ့တိုင်းလာတယ်ဗျ၊ ကော်ဖီတစ်ခွက်မှာပြီး အကြာကြီး ထိုင်နေတတ်တယ်၊ တစ်ခါတလေ အဝေးကြီးကို ငေးနေတယ်၊ တစ်ခါတစ်ခါဆို တစ်ယောက်တည်း စကားတွေ ပြောချင်ပြောနေပြန်ရော၊ ပြီးရင် သူ မသောက်တဲ့ ကော်ဖီဖိုးကို ရှင်းပြီး ပြန်သွားလေ့ရှိတယ်ဗျ"

"အရင်ကတော့ ဒီဆိုင်ကို ကောင်မလေး တစ်ယောက်နဲ့ အတူလာနေကျပေါ့။ ရောက်လာရင် ကော်ဖီတစ်ခွက်မှာပြီး နှစ်ယောက်တစ်ခွက်ကို တစ်ယောက်တစ်ဝက် သောက်နေကျဗျ။ သိပ်ချစ်ကြတဲ့ ချစ်သူတွေ ဆိုပါတော့ဗျာ။ သူတို့အကြောင်းကို ကောင်မလေးအိမ်က သိသွားပြီး ဘာသာမတူလို့ဆိုလား အမျိုးမျိုးကြိုးစားပြီး ခွဲကြည့်တယ်။ မရတဲ့အဆုံးမှာ ကောင်မလေးဘက်က မိသားစုလိုက် နိုင်ငံခြားကို အပြီးပြောင်းသွားခဲ့ကြတယ်လို့ ပြောတာပဲ။ အဲဒီနောက်ပိုင်းမှာ တဖြည်းဖြည်း သူလည်း အခုလိုပုံစံမျိုးနဲ့ ဒီကော်ဖီဆိုင်လေးကို နေ့တိုင်းရောက်လာတော့တာပါပဲ…"။

**နွယ်ဦးလှိုင်**



www.burmeseclassic.com

www.burmeseclassic.com

■

သူ့ကို ကျွန်တော် သတိထားကြည့်မိတာ နှစ်ပတ်မကတော့ပေ။ သူ ဆိုတာထက် သူမဆိုရလျှင် ပိုသင့်တော်မည် ထင်ပါ၏။ အသားဖြူဖွေးနေသော်လည်း ကပြားစပ်ထားခြင်း၊ တိုင်းရင်းသူ မဟုတ်နိုင်ခြင်းတို့က သူမ၏ မြန်မာဆန်လှသော မျက်နှာကျဖွဲ့စည်းပုံကြောင့် အတတ်သိနိုင်လေသည်။ မျက်ခုံးမွေးထူထူထဲထဲကို အမြဲပြေလျော့ထားလျှင် ဘယ်လောက်တောင် ကြည့်ကောင်းနေမည်ကိုလည်းတွေးနေမိပြန်သည်။ သူမ၏နှုတ်ခမ်းအစုံကတော့ သူမနှုတ်ခမ်းဝသို့ ရောက်သွားသော ကော်ဖီလေးကို တစ်ငုံစာငုံစဉ်မှလွဲ၍ အမြဲတစေ တင်းစေနေမည့်ဟန်လည်း ရှိပါသည်။ သူမ သောက်လေ့သောက်ထရှိသည့်ကော်ဖီမှာ အလွယ်တကူ ဖျော်နှပ်၍ရသော သရီးအင်ဝမ်း ကော်ဖီထုတ်များ မဟုတ်ကြောင်း





www.burmeseclassic.com

www.burmeseclassic.com



# နှင်းဝေချင်း

## အလွမ်းပြေနှစ်ခွက်

ကျွန်တော်ကိုယ်တိုင် သူမကော်ဖီခွက်လေးကိုငုံ့ကြည့်မိသည့် အခါက သတိထားမိခဲ့လေသည်။ သူမ၏ ကော်ဖီခွက်လေးကိုမှ ဆိုင်က စားပွဲထိုးလေးက မှားယွင်းစွာပဲ ကျွန်တော့်စားပွဲဆီ ယူလာခဲ့သည် မဟုတ်လား။

“အစ်ကိုမှာထားတဲ့ ကော်ဖီရပါပြီ”

“ကော်ဖီ . . .”

ကျွန်တော်ရှေ့ မျက်လုံးနှင့် တစ်တန်းတည်းသို့ ကော်ဖီတစ်ခွက်ရောက်လာ၏။ ကော်ဖီစေ့လေးများက ပန်းကန်လုံးနံရံမှာ ပြေးပြေးကပ်ကပ်။ ကော်ဖီစေ့ မည်းမည်းလေးများပေါ်အောင် ဖျော်ထားသော ကော်ဖီတစ်ခွက်ကို ကျွန်တော် မကြိုက်နှစ်



www.burmeseclassic.com

www.burmeseclassic.com



သက်ပါ။ ကျွန်တော်က ကော်ဖီကို နှပ်ပြီးသား အစေ့ပျောက်နေသော မွတ်ညက်နေသည့် နို့နှစ်လေး တွေ ဝေ့ဝဲနေပြီး ကော်ဖီရောင်က သက်တန့်လို အရည်လည်နေသော ကော်ဖီမျိုးကိုမှ နှစ်သက်သူပါ။ ကျွန်တော့်အလုပ်သည် ကော်ဖီဆိုင်တကာ လှည့် ထိုင်ပြီး ဖုန်းတစ်လုံးနှင့် အလုပ်လုပ်ရသော အရောင်း အဝယ်သမားအလုပ် ဖြစ်သော်လည်း ကော်ဖီတစ် ခွက်ကိုတော့ အရသာရှိရှိ လှလှပပ သောက်သုံးပြီးမှ ထိုဆိုင်လေးမှ ထွက်ခွာသွားတတ်သူလည်း ဖြစ်လေ ၏။ ထို့ထက်မက ကျွန်တော်အာရုံသည် ကျွန်တော့် နဘေးမှ ဖြတ်သန်းတိုက်ခတ်သွားသော လေကိုပင် နှသလား၊ မာသလား၊ အေးသလား၊ ပူသလားဟု သတိကြီးစွာ ထားတတ်ပြန်ရာ ကျွန်တော်အနေဖြင့် သူမကို သတိထားမိသွားသည်မှာ လုံးဝအဆန်းတ ကြယ် မဖြစ်နိုင်ပေ။

"ဟိတ်... ဟိုစားပွဲလေ... ဟိုစားပွဲက အစ်မဆီကို."

နောက်ရောက်လာသော waiter လေးက သူ့ဘော်ဒါကို လှမ်းသတိပေးစဉ် ကျွန်တော်က ကော်ဖီစေ့ မည်းမည်းလေးများကိုမှ နှစ်သက်သော အသားဖြူနု လှပလှပြီး ဆံနွယ်များဝေ့ဝဲ ခွေခေါက် နေသည့် နှုတ်ခမ်း တင်းတင်းလေးနှင့် သူမကို တအံ့တသြ ဖြစ်နေမိလေပြီ။ ခါးလိုက်သည့် ကော်ဖီ ဆိုတာ ကျွန်တော် အတတ်သိသည်။ သူမက ကျွန်တော်လှမ်းကြည့်သည်ကို လုံးဝ သတိမထား။ လက်ထဲမှ စာအုပ်တစ်အုပ်ကိုသာ စိတ်ဝင်တစား ဖတ်နေ၏။ ကော်ဖီခွက်ကို သူမဆီ ယူလာရမည့် အစား စားပွဲမှားချမိ၍ ကျွန်တော့်ထံ ရောက်သွား ကြောင်းလည်း သိဟန်မတူချေ။ ကော်ဖီဆိုင်၏ သမရိုးကျလှသော ဂီတသံ သဲ့သဲ့ကလည်း သူမကို စည်းရုံး ဆွဲဆောင်နိုင်ဟန်မတူပြန်။ သူမအတွက် စာတစ်အုပ်ဖတ်ဖို့ ဤမျှလောက် အချိန်ပေးရပါသ လား။ မသကာ ကိုယ့်အိပ်ခန်းက အိပ်ယာထဲ လှဲပြီး စာဖတ်လို့ လည်းရတာပဲ မဟုတ်လား။ အခုလိုကော်ဖီ ဆိုင်မှာ ကော်ဖီကောင်းကောင်းတစ်ခွက်သောက်ရင်း စာကို တစ်စိမ့်စိမ့် ဖတ်ရတာကိုက စတိုင် ထွင်နေ တာများလား။ ကျွန်တော့်အတွက် အကျိုးရှိလှသော ဤကော်ဖီဆိုင်သည် ထိုသူမအတွက် ငွေကုန်ပေါက် သာ ဖြစ်နေပြီး ဘာ ရပေါက်ရလမ်းမှလည်း မြင်စရာ မရှိပေ။ ကျွန်တော်က စီးပွားရေး အကွက်အကွင်း တစ်ခုအဖြစ် အသုံးချထားသော နေရာအား သူမက စိတ် အပန်းဖြေစရာနေရာအဖြစ် ရွေးချယ်ထားသည် ကလည်း ဆန့်ကျင်ဖက်အတွေးတို့ ဖြစ်စေပြန်၏။ ကျွန်တော် မသိမသာ ပြုံးမိလေ၏။ ကျွန်တော့်ရဲ့ အမြင်အားလုံး လောဘစိတ်တို့သာ ကြီးစိုးလေ့ရှိသူပီပီ ဘာကိုမြင်မြင် စီးပွားရေးအမြင်ပဲ ရှိနေသူမို့ သူမ

www.burmeseclassic.com

www.burmeseclassic.com



အပေါ် တွေးမြင်မိသွားသည်ကိုလည်း တစ်မျိုးတစ်ဖုံ အားနာမိ နေပြန်ပါသည်။

"အစ်ကိုပြန်တော့မလား"

ကျွန်တော် သောက်ချလိုက်ပြီးတစ်စက် ကလေးတောင် မကျန်တော့သည့် ကော်ဖီခွက်ကို မြင်သွားသော စားပွဲထိုး ချာတိတ်က နေရာပြောင်းထိုင်မည့် ကျွန်တော့်ကို ပြန်မည်ထင်ပြီး ကော်ဖီခွက်လာသိမ်းပါသည်။ ကျွန်တော် အသာလေး လက်ကာပြလိုက်ခါ သူမကိုပိုမြင်သာသည့် ထိုင်ခုံဆီရွှေ့ပြောင်းထိုင်လိုက်ပါ၏။ စားပွဲထိုးလေးက အထာပေါက်စွာ ပြုံးစစနှင့် ပြန်ထွက်သွား သည်။ ကျွန်တော့်စိတ်ထဲ သူမကို ဘာကြောင့်များ ပိုစိတ်ဝင်စားသွားသည် ထင်ပါသလဲ။ ကော်ဖီတစ်ခွက်ကို တအိအိသောက်ရင်း အရသာခံရမည့်အစား စာတစ်အုပ်ကိုသာ အရသာခံ ဖတ်နေရင်း ရှေ့မှာချထားသည့် ကော်ဖီကို တစ်ရှိန်ထိုး မော့သောက်ချလိုက်သော သူမကြောင့်ပါ။ ခါးသက်နေမည့် ကော်ဖီတစ်ခွက်ကို နည်းနည်းလေးမှ မရှုံ့မမဲ့ဘဲ ပြုံးပြုံးလေး သောက်ပြတာကိုက ကျွန်တော့်ရင်ကို အခုန်မြန်သွားစေခဲ့သည်။ ကျွန်တော် နှုတ်ခမ်းပြဲသွားမည် ထင်၏။ သို့ပေမယ့် သူမနှုတ်ခမ်းက ကော်ဖီခွက်ကိုပယ်လိုက်တာနှင့် စွေစွေ တင်းတင်း ပြန်ဖြစ်သွားပါသည်။ ကျွန်တော်…သူမကို ထားခဲ့ပြီး ဤဆိုင်လေးထဲမှ ဘယ်လိုထွက်သွားလို့မှ မရနိုင်ပေ။ ကျွန်တော့်ဆီသို့ အလုပ်ကိစ္စနှင့်ဖုန်းတွေ ဝင်လာ၏။ ကျွန်တော် ဘာတွေပြန်ပြောမိပါလိမ့်။

"အိုကေ…ကျွန်တော် လာခဲ့မယ်… အခုတော့··မဟုတ်ဘူးခင်ဗျ၊ နောက်တစ်နာရီလောက် ရွှေ့ချိန်းပေးပါ…အိုကေ"

"ဟုတ်ကဲ့··ဟုတ်ကဲ့… ပြီးတာပဲ…ပွဲခရသလောက်ပေါ့"

"ကျွန်တော်မအားဘူး…အရေးကြီးကိစ္စရှိလို့··နက်ဖြန်မှ လာတော့ဗျာ··ဆောရီး…"

ဘယ့်နှယ့် အရေးကြီးကိစ္စရှိသည်ဟုတစ်ဖက်လူကို ပြောလိုက်မိပါလိမ့်၊ ကျွန်တော့်ဖက်က အလုပ်ကိစ္စအတွက် အငြင်းဝါကျ အလွန်နည်းခဲ့ပါလျက် ထူးခြားစွာ ငြင်းနေမိသည်။ ကျွန်တော့်စိတ်နှင့်ကိုယ် ကပ်ရော ကပ်သေးရဲ့လား မဆိုနိုင်။ ကျွန်တော် ဖုန်းဆက်နေရတာကို ပင်ပန်းလာ၏။ စိတ်ကအလိုလို ဖုန်းသံကို မကြားနိုင်တော့ချေ။ ဖုန်းခလုတ်ကို ပိတ်ပစ်လိုက်ရာ ရင်ထဲ လန်းဆန်းသွားသလို သူမကများ ဖုန်းသံသင်္ကေတနှင့် အချက်ပြမှု သံစဉ်လှိုင်းများကို အထင်များသေးသွားလေမလားဟု စိုးထိတ်ကြောင့်ကြမိတာလည်းပါလေ၏။ ကျွန်တော်က လူတစ်ယောက်စီ၏ ဖုန်းကို တစ်သံနှစ်သံ ထည့်ထား တတ်လေသည်။ သူမနှင့် ကျွန်တော်သာမက ဆိုင်ထဲမှာ စားသုံးသူ တစ်ချို့လည်းရှိပါသည်။သူမကို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

သိပ်များ စပ်စုရာကျလေမလား။ ဒီဆိုင်က ကလေး တွေက ကျွန်တော့်ကို ခင်မင်ပြီးသား တွေမို့ သိပ်မမေးမမြန်းလိုက်ရပါ။

"ဆိုင်ရှင်ပြောတာကတော့..ဒီ ဆိုင်ဟောင်း လေးထဲက လာနေကျတဲ့...၊ အဲဒီတုန်းက အကိုကြီး ပါတယ်...၊ အခု ဆိုင်အသစ်ကျတော့ ဒီအစ်မ တစ်ယောက်ထဲပဲ လာတော့တယ်...အစ်ကိုကြီး ပါမလာတော့ဘူး၊ ဒါပေမယ့် အစ်မကြီးက အမြဲ ကော်ဖီနှစ်ခွက်မှာတယ်...၊ သောက်ရင် တစ်ခွက်ပဲ သောက် တယ်။ တစ်ခွက်ကို အမြဲချန်ခဲ့တယ်"

"ဟင်...စိတ်ကော ကောင်းသေးရဲ့လား၊ ရူးနေတာများလားကွာ... ဒီလောက် လှလှပပလေး က သူ့ရည်းစားများ တစ်ခုခုဖြစ်သွား......"

ကျွန်တော် ရှေ့မဆက်ဝံ့တော့ပါ။ သူမ၏ ဆံနွယ်လေးများ လှုပ်ခတ်သွားပြီး စာအုပ်ကလေးကို သိမ်းလိုက်၏။ သူမ ပြန်တော့မည် ထင်ရ၏။ ကျွန်တော် ကမန်းကတန်းရှေ့ကို ထွက်မည်ပြုရာ စကားတစ်ခွန်းက ကျွန်တော့်နောက်မှာ ကပ်ငြိပါလာ ခဲ့လေ၏။

"အသဲကွဲကော်ဖီတွေ လာသောက်နေတယ် ထင်တာပဲအစ်ကို"

အသည်းကွဲကော်ဖီတဲ့လား။ ကျွန်တော် ဘာမှ ပြန်မပြောဖြစ်ပေ။ ကျွန်တော့်နေရာလေးသို့

"""" ဒီအမျိုးသမီးက
ကော်ဖီလာသောက်တာလား၊
စာလာဖတ်တာလား ညီလေး
သူ့ကို
တွေ့တွေ့နေတာ ကြာပြီ""""
"""" နှစ်ခုစလုံးပဲ၊
စာဖတ်ရင်း ကော်ဖီသောက်တာ
ထင်တာပဲ၊
ဒါပေမယ့်
တစ်ခါမှာရင် နှစ်ခွက်ဗျ""""

www.burmeseclassic.com

www.burmeseclassic.com



သိသိသာသာပဲ စောင့်ကြည့်နေလိုက်၏။ ဒီအချက်ကတော့ လွတ်လပ်သော ယောကျ်ားတစ်ယောက်၏ အခွင့်အရေး သာဖြစ်သည်မို့ မည်သူမျှ တားမြစ်ပိုင်ခွင့် မရှိချေ။ သူမမျက်လုံးအစုံက စာအုပ်ထဲသာနစ်မြုပ်နေသော်လည်း သူမခန္ဓာကိုယ်သည် စိတ်နှင့်မကပ်ငြိဘူးဟု ကျွန်တော် ခံစားနေရ၏။ သူမဘာအတွက်ကြောင့် အချိန်ပေး ထိုင်နေပါလိမ့်။ ကျွန်တော်သိလိုစိတ်သည် ထိမ်းမရစွာပဲ ရှိလာရာ ဆိုင်အတွင်းဖက်သို့ အပေါ့အပါးသွားလိုဟန်ဖြင့် ဝင်လိုက်ပြီး ရင်းနှီးနေကျ ချာတိတ်လေးအား ကပ်မေးမိ၏။

"ဒီအမျိုးသမီးက ကော်ဖီလာသောက်တာလား၊ စာလာဖတ်တာလား ညီလေး...သူ့ကို တွေ့တွေ့နေတာ ကြာပြီ"

"နှစ်ခုစလုံးပဲ၊ စာဖတ်ရင်း ကော်ဖီသောက်တာ ထင်တာပဲ၊ ဒါပေမယ့် တစ်ခါမှာရင် နှစ်ခွက်ဗျ"

"ဟင်...နှစ်ခွက်"

ကျွန်တော်မျက်လုံး တော်တော် လျှမ်းပါသည်။ သူမ၏ ဆလင်းဘက် အိတ်နှင့် ကွယ်နေသော နောက်ထပ် ကော်ဖီတစ်ခွက်ကို ကျွန်တော်မမြင်မိပေ။ မျက်လုံးကျော်သွားတာပဲဖြစ်မည်။ ဒါမှမဟုတ် ရေနွေးကြမ်းဟု ထင်မိဟန်လည်း ဖြစ်ပါလိမ့်မည်။ ကျွန်တော် ဘာဆက်မေးရင် ကောင်းမလဲ။ ကျွန်တော်ပြန်ထိုင်နေလိုက်ပြီး သူမ၏ လှုပ်ရှားမှုမှန်သမျှကို အသာလေး စောင့်ကြည့်နေမိ၏။ သူမက ကျွန်တော့်ကို လုံးဝ စိတ်မဝင်စားပါ။ သူမလက်ထဲက စာအုပ်ကို ပိတ်ကာ ဆလင်းဘက်အိတ်ထဲသို့ ထည့်သည်။ ထို့နောက် လက်မှ နာရီကိုကြည့်သည်။ သူမနာရီကြည့်တော့ ကျွန်တော်ပါ ယောင်ယမ်းပြီး ကြည့်မိ၏။ ဩော်...နေ့လည်ခင်းတောင် ကုန်တော့မှာပါလားဟု ကျွန်တော်သတိထားမိသလို သူမလည်း သတိထားမိဟန်တူ၏။ သူမရှေ့မှာ ကွယ်ထားသည့် ဆလင်းဘက်အိတ်လေးကို ဖယ်လိုက်တာနှင့် ကော်ဖီစေ့လေးများ မျောနေသည့် ကော်ဖီပန်းကန်တစ်လုံးကို မြင်လိုက်ရလေ၏။ သူမက ကော်ဖီပန်းကန်ကို အသာလေးတွန်းလိုက်၏။ သူမ၏ရှေ့တည့်တည့် ထိုင်ခုံလေးဆီသို့...။ ထို့နောက် အိတ်ထဲမှ တစ်စုံတစ်ရာကို ထုတ်လေ၏။ ဩော် ပိုက်ဆံရှင်းတော့မှာကိုး...။

အလိုက်သိစွာပဲ စားပွဲထိုးလေးက ကျသင့်ငွေပြောလေ၏။ ဘီလ်ကို ကြည့်ကာ ပိုက်ဆံထုတ်ပေး၏။ ထို့နောက် ဆိုင်ထဲမှ ဂုဏ်ဓမ္မကြီးစွာ ထွက်ခွာသွားလေ၏။ ကျွန်တော် သူမကို ငေးကြည့်နေရင်း ကျွန်တော့် အသဲတွေ ကွဲသွားသလို ခံစားလိုက်ရလေ၏။

**နှင်းဝေငြိမ်း**



www.burmeseclassic.com

www.burmeseclassic.com



# ဆုံတွေ့ခဏ မိုးတာညနေ

တောင်ငူဆောင်

အပြင်မှာ မိုးတွေ သည်းသည်းမည်းမည်း ရွာချနေသည်ကို ဝင်ပေါက်မှန်တံခါးကိုကျော်၍ မြင်နေရသည်။ ကားမှတ်တိုင် အမိုးလေးအောက်မှာ လူတွေစုပြုံနေသည်။ နာရီကိုကြည့်လိုက်တော့ ညနေ(၃)နာရီခွန်းစွန်းလေးရှိပြီ။ ကားလမ်းကြောတွေ ပိတ်လို့ နောက်ကျနေတာဖြစ်မည်ဟုတွေးပြီး စိတ်ကို လျှော့ချထားပေမယ့်မျက်လုံးများကအဝင်တံခါးပေါက်ဆီ မျှော်ငေးမိနေဆဲပင်ဖြစ်နေသည်။

အမြန်ဆုံးတွေ့ချင်လှပြီဆိုတာကိုယ့်ကိုယ်ကိုဝန်ခံသည်။ (၁၈)နှစ်တိတိဝေးကွာနေခဲ့သော ငယ်ဘဝက သူငယ်ချင်းကို ဘယ်ပုံစံနှင့် ပြန်တွေ့ရမလဲတွေးကာ ရင်ခုန်နေမိသည်။ တက္ကသိုလ်ကျောင်းသား၏ဘဝစာမျက်နှာမျိုးများကို



www.burmeseclassic.com

www.burmeseclassic.com

ပြန်လည် လှန်လှောစဉ်းစားတွေးတောမိသည့် အခါတိုင်း ဖယ်ထုတ်ထား၍ မရခဲ့သော၊ ဖယ်ထုတ်ရန် မဖြစ်နိုင်သော မိန်းမ။ နိုင်ငံရပ်ခြား အဝေးတစ်နေရာသို့ ရောက်နေခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ငယ်စဉ်ဘဝ အတိတ်ကိုအမြဲ သတိတရရှိနေတတ်တာကို မညာချင်ပါ။



ကိုယ်က ဟိုမှာမွေး ဟိုမှာကြီးခဲ့သူ မဟုတ်၍လားမသိပေ။ ထွက်သွားတုန်းကလည်း ကိုယ့်တိုင်းပြည်ကို မချစ်၍သွားခဲ့ခြင်းမှ မဟုတ်တာ။ သံယောဇဉ်ရှိသူတွေကိုထားခဲ့ပြီး အကြောင်းကြောင်းကြောင့် ထွက်သွားခဲ့ရတာမဟုတ်လား။ဟိုကိုရောက်ပြီး နေသားတကျရှိချိန်မှာ ရန်ကုန်ကိုတစ်ခေါက်ပြန်လာခဲ့သေးသည်။ သူ့ကို လိုက်ခဲ့ဖို့ခေါ်မိ၏။ သူစိတ်ပျက်လက်ပျက်ခေါင်းခါပြသည်ကို ဒီကနေ့ထိမျက်စိထဲမှ မထွက်သေးပေ။ သူ့မောင်လေးတွေ ညီမလေးတွေ လူလားမမြောက်သေး၍သူမလိုက်နိုင်ကြောင်း ပြတ်ပြတ်သားသားငြင်းသည်။ မိဘနှစ်ပါးကို ဝန်ထုပ်ဝန်ပိုးတွေနဲ့ထားခဲ့ပြီး ကိုယ်လွတ်မရုန်းနိုင်ဟု မျက်နှာထားတင်းတင်းနှင့်ဆိုခဲ့သည်။ သူ့ မိသားစုနှင့်သူ့ကို ခွဲထုတ်သွားသည့် အဓိကတရားခံအဖြစ်မှ ကိုယ်သီသီလေးလွတ်ခဲ့ရသည်။

သူနှင့်ပတ်သက်ပြီးမက်ခဲ့သော အိပ်မက်တို့



www.burmeseclassic.com

www.burmeseclassic.com

ပျက်ပြယ်သွားပြီ····· ဟု ကိုယ့်နှုတ်က မထွက်ရဲလောက်အောင် အာစေးမိနေသည်။ အဝေးကြီးကလာခဲ့သူကို သူ့စကားတွေကအသေသတ်လိုက်တာ သူသိဟန်မတူပေ။ သူ့စကားတွေက ဓားတစ်စင်းလို၊ သူ့မျှော်လင့်ချက်တို့ကို အပိုင်းပိုင်းခုတ်ထစ်ပစ်လိုက်တာ ဒီကနေ့အထိရော သူစဉ်းစားမိရဲ့လား။ ထိုအချိန်ကတည်းက သူနှင့် အဆက် အသွယ် ပြတ်တောက်ခဲ့သည်မှာ ဒီကနေ့အထိပင်။ ဆက်သွယ်ရေးနည်းစနစ်တွေ ဤမျှ ကောင်းမွန်နေသည့်ခေတ်တွင် သူတို့နှစ်ဦးကတော့ ဝေးကွာခြင်းကို တုပြိုင်ပြုံးနေကြဆဲပင် ဖြစ်သည်။ ငယ်စာရင်းမှာ သူငယ်ချင်းအဖြစ်ရှိနေသော သူတို့နှစ်ဦးသည် တစ်ဦးကတစ်ဦးကိုရှာဖွေဆက်သွယ်ကြဖို့ တွန့်ဆုတ်ကာ နေကြသည်။ နှစ်တွေကြာလာသည့်အခါ အသက်အရွယ်အားဖြင့်လည်း အချိန်မနှောင်းခင်မှာ အမေရိကန်နိုင်ငံသူကို သူ လက်ထပ်လိုက်သည်။ လူဆိုတာ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ရမှာ မဟုတ်လား။ သူကတော့ ဒီလိုပဲ ခံယူသည်။

မိဇော်····လို့ ကိုယ်ခေါ်သည့် မိန်းမကတော့ မိသားစု၏ စီးပွားရေး လုပ်ငန်းတစ်ခုကို ဦးဆောင်ရင်း ပရဟိတဖောင်ဒေးရှင်းတစ်ခုမှာ အမိက ငွေပံ့ပိုးသူ လုပ်နေကြောင်း သတင်းရသည်။ သူ့လိပ်စာနှင့် ဖုန်းနံပါတ်ကို စုံစမ်းမိသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် သူတို့အထက်တန်း တက်ခဲ့သော ကျောင်းတွင် ပထမအကြိမ် အာစရိယပူဇော်ပွဲလုပ်သည့်သတင်းဖတ်ရသည်။ မိဇော်က ထိုပွဲဖြစ်မြောက်ရေး ကော်မတီအဖွဲ့ဝင်အဖြစ် သူ့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ကြော်ငြာထားသည့်သတင်းကို On Line ပေါ်တွင် ဖတ်၍ရသော ဂျာနယ်တစ်စောင်၌ တွေ့ရှိလိုက်ရသည်။ ချက်ချင်းပင် ဝမ်းသာအားရ ဖုန်းဆက်မိသည်။ ဖုန်းထဲတွင် မိဇော်၏ အံ့ဩဝမ်းသာသံကို နားနှင့်ဆတ်ဆတ် ကြားခဲ့ရသည်။

"ကိုနိုင်ရယ်··· နင်အသက်ရှိသေးတယ်ပေါ့နော်···၊ ငါပျော်လိုက် တာ··"

ဆိုသည့်စကားကို ဘယ်နှစ်ကြိမ်မြောက်မှန်း မသိအောင်ကို တစ်တွတ်တွတ် ရွတ်နေသည်။

"ကိုယ်လည်း မင်းနဲ့ ထပ်တူပါပဲ···"

ဆိုသည့်စကားကို ပြောမထွက်ဘဲ၊ ဆွံ့အနေခဲ့သည်။ ကိုယ့်ရင်ထဲက ခံစားချက်ကို ကိုယ်သာ အသိဆုံး ဖြစ်သည်။ မညာချင်ပါ၊ အသက် (၂၀)ငယ်သွားသလို ခံစားနေရသည်။ ထိုအချိန်မှစ၍ ရန်ကုန်သို့ ပြန်ချင်စိတ်ကို မထိန်း ချုပ်တော့ဘဲ၊ အကောင်အထည်ဖော်ဖို့ ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ ခုတော့ သူ မိဇော်နှင့် ပြန်တွေ့ရတော့မည်။ မကြာမီအချိန်ခဏငယ်အတွင်းမှာလေ။

ကြိုတင်ငွေရှင်းပြီး ကော်ဖီနှင့်မုန့်ရောက်လာသဖြင့် အတွေးစတို့ ပြတ်တောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အပြင်ကို ဖြတ်ကာနဲ့ လှမ်းကြည့်တော့ မိုးတိတ်သွားပြီ၊ ရွှေဝါရောင်နေခြည်တန်းတို့ တိုက်ကြိုတိုက်ကြားမှ ထိုးထွက်နေသည်ကို မြင်ရသည်။ ရန်ကုန်မိုးက မျက်လှည့်ပြကွက်တစ်ခုနှင့် တူလှသည်။ မိုးရွာပေမယ့် မအေးပေ။ အိုက်စပ်စပ်ကြီးခံစားနေရသည်။ ကမ္ဘာကြီး နာနေသည့်သဘောကို ရန်ကုန်မှာလည်း ခံစားနေရသည်။ မှန်လုံအအေးခန်းထဲမှာတော့ နေသာ ထိုင်သာ ရှိပါသည်။ ရောက်တတ်ရာရာအတွေး ဖြန့်ကျက်နေဆဲမှာ မှန်တံခါးကိုတွန်းပြီးဝင်လာသည့် အမျိုးသမီးတစ်ဦးကို မြင်လိုက်ရသည်။ ညို့ကြို့ ကောင်မလေးတွေက ဦးညွတ်ခါးကိုင်းကာ ကြိုဆိုနေကြသည်။

မိဇော် မှ မိဇော် အသေအချာပါပဲ၊ သူချက်ချင်းမှတ်မိသည်။ ဝင်ပေါက်နှင့်တည့်တည့် အလယ်တန်း ဒုတိယစားပွဲတွင် လမ်းမဖက် မျက်နှာစာဆီ မျက်နှာမူ၍ထိုင်နေသော သူ့ဆီ တန်းတန်းမတ်မတ်ဝင်လာသည်။ မျက်နှာကို အနည်းငယ် မော့သယောင်ပြု၍ နှုတ်ခမ်းတို့မှာ အပြုံးရောင်သန်းနေသည်။ သူနှင့်အကြည့်ချင်း ဆုံတော့ ရယ်ပြသည်။ မိဇော်ရယ်လိုက်လျှင် ညီညီညာညာပေါ်လာတတ်သော သွားဖြူတန်းတွေကိုတွေ့ရသည်။ ဆံပင်ကို ဘေးခွဲပြီး ကလစ်နှင့်ညှပ်ထားသော်လည်း နဖူးပေါ်မှာ ဆံနွယ်စအချို့ ကပိုကယိုကျနေသည်။ ဆံပင်ကို လျော့တိလျော့ရဲ စည်းနှောင်ထားသဖြင့် နားသယ်စပ်ဆီမှ ဆံနွယ်စတို့က လူးလူးလွင့်လွင့် ရှိနေသည်။ နဂိုက သွယ်လျလျမျက်နှာမှာ အနည်းငယ် ပြည့်တင်းတင်း ဖြစ်နေသည်။ ငယ်ငယ်ကလို ပိန်ပိန်လေးမဟုတ် တော့တာ သေချာသည်။ ခပ်ပြုံးပြုံး အမူအရာနှင့် သူ့ရှေ့တည့်တည့်ခုံတွင် ဝင်ထိုင်သည်။

“ဆောရီး ကိုနိုင်၊ ငါနည်းနည်းနောက်ကျသွားတယ်၊ ကျောင်းဆင်းချိန်မို့ လမ်းမှာ ကားတွေကျပ်နေလို့ပါ။ နင် လူကြီးဖြစ်သွားပြီနော်၊ နဖူးနည်းနည်းပြောင်လာတယ်…သိလား”

ရယ်ကျဲကျဲနှင့်ဆိုသည်၊ ကားသော့နှင့် လက်ကိုင်ဖုန်းကို စားပွဲပေါ်သို့ ချသည်။

“ကိုယ့်ချစ်ချစ်က နဖူးကိုပဲ အမြဲနမ်းတတ်လို့လေ..”

သူနှင့်တွေ့လျှင် စချင်စိတ်က ရှန်းကြွလာတတ်သည်။ သူ့ကိုပျော်စေသည်။ ကိုယ့်ကြောင့် မျက်စမျက်နလေးချိုပြီး ခပ်ကြွားကြွားမျက်နှာထားနှင့် သူပြောလိုက်သည်။ မိဇော်၏ မျက်စောင်းပြင်းပြင်းတစ်ချက်က သူ့ဆီ ဒိုင်းကနဲ ရောက်လာသည်။ သူ့နှုတ်ခမ်းတွေမှာ အပြုံးပန်းများဝေနေလိမ့်မည်ဆိုတာ သူ ကိုယ်တိုင်သိသည်။

“ကြွားမျိုးစေ့တွေက ကြွားပင်တွေပေါက်ပြီး ကြွားသီးတွေ တဝေဝေနဲ့ ပါလား”



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကလေးငုံ့၍ အရှက်ပြေဆိုသည်၊ သူ မတ်တတ်ရပ်လိုက်သည် ကြိုတင်ငွေပေးကာ မှာရသည့် မုန့်လုံးခန်းကဖီးဆိုင်မို့ မိဇော်အတွက် တစ်ခုခု မှာပေးရမည်လေ။

"မိဇော်...နှင် ကော်ဖီခါးခါးပဲ မဟုတ်လား၊ ငါသွားယူပေးမယ်.."

"နီး...နီး"

ကမန်းကတန်းလက်ကာပြတာမို့ သူရုတ်တရက်အံ့အားသင့်သွားသည်၊

*ကော်ဖီဆိုရင်ခါးခါးကြိုက်မိတယ်....ရင်ခုန်သံတွေတောင် ဘဝမှာ မချိုနိုင်တယ်...*

ဆိုသည့် ချစ်ကောင်း၏ ကော်ဖီခါးခါး သီချင်းကို ကြိုက်သလို ကော်ဖီခါး ကြိုက်တတ်သည့်မိဇော်က ကော်ဖီကို ခါးခါးသီးသီးငြင်းနေပါလား။

"ငါ ကော်ဖီ မသောက်တော့တာ ကြာပါပြီ၊ ဒိန်ချဉ်ပဲသောက်မယ်"

သူ့ရှေ့တွင်ချထားသော ကော်ဖီခွက်ကို မျက်စိဝေ့ဝဲကြည့်ရင်းဆိုသည်။

"နင်ကတော့ ကော်ဖီ ကြိုက်တုန်းပဲနော်၊ လူဆိုတာ အသက်အရွယ် အလိုက် ပြောင်းလဲတတ်ရတယ်၊ မပြောင်းလဲရင်လဲ ပြောင်းလဲအောင် ကျင့်ယူရတယ်...သိလား ကိုနိုင်"

သူဘာမှမဖြေဘဲ ငွေရှင်းကောင်တာဆီ ထွက်ခဲ့သည်။ မိဇော်နှင့်အတူတူ ကော်ဖီကြိုက်ခဲ့သည့် ဘဝဆီ အတွေး နောက်သို့ပြန်လှည့်နေမိသည်။ ကိုယ့်ကိုယ် ကို ရှက်သလို ခံစားလိုက်ရသည်။ ဘာဖြစ်လဲလေ၊ ဒါအမှန်တရားပဲဟာ။

ဒိန်ချဉ်ဖိုး ပိုက်ဆံပေးပြီး ရေနွေးကြမ်းတစ်အိုးမှာကာ ပြန်လာခဲ့သည်။

"ဒီဆိုင်က ရေနွေးကြမ်းဖိုးလည်း ပေးရတယ်နော်"

"အင်းလေ ငါတို့ငယ်ငယ်က ထိုင်ခဲ့တဲ့ဆိုင်တွေလို အကြမ်းအိုးကို တစ်အိုးပြီးတစ်အိုး အလကားမပေးတော့ဘူး၊ ခေတ်ပြောင်းသွားပြီ"

ဆရာမကြီးလေသံနှင့် ဆိုသည်။ မျက်နှာလေးက ကြည်ပြီးချိနေသည်၊ မိန်းကလေးပီပီ နုနွဲ့မနေသည့်ဟန်က အရင်တုန်းကအတိုင်းပါပဲ... ဆိုတာ ကာယကံရှင် မိဇော်က သိချင်မှ သိပေမည်။

"ငါ့အမေက ကော်ဖီအရမ်းကြိုက်တာ၊ မတ်ခွက်ကြီးနဲ့ ဖျော်ဖျော်ပြီး သောက်တာလေ၊ ခုလိုအသင့်ဖျော် ကော်ဖီမစ်တွေ မပေါ်သေးဘူး မဟုတ်လား၊ ကော်ဖီမှုန့်ကို နှပ်ပြီးဖျော်ရတာ ငါတို့မောင်နှမတွေကို တကူးသိုလ်ထားရတော့ကော်ဖီအနံ့လေးရရင် ပြီးရောဆိုပြီး ကော်ဖီကြမ်းပဲသောက် ငွေစုပြီး ငါတို့ကို ငွေပို့ခဲ့တာ၊ အဲဒါကို ငါ့အမေ ဆုံးပြီးမှ ငါ့ကြီးတော်က သူ့ကို အမေပြော ပြခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com



■

ကော်ဖီအရမ်းကြိုက်တာ၊
မတ်ခွက်ကြီးနဲ့ ဖျော်ဖျော်ပြီး
သောက်တာလေ၊ ခုလိုအသင့်ဖျော်
ကော်ဖီမစ်တွေ မပေါ်သေးဘူး
မဟုတ်လား။
ကော်ဖီမှုန့်ကို
နယ်ပြီးဖျော်ရတာ
ငါတို့ မောင်နှမတွေကို
တက္ကသိုလ်ထားရတော့
ကော်ဖီအနံ့လေးရရင် ပြီးရောဆိုပြီး
ကော်ဖီကြမ်းပဲသောက်၊ ငွေစုပြီး
ငါတို့ကို ငွေပို့ခဲ့တာ၊

■

လေး ပြန်ပြောပြတာ၊ အဲဒီအချိန်ကတည်းက ငါ ကော်ဖီ မသောက်ချင်တော့တာ၊ ငါကတော့ကျောင်းမှာ ကော်ဖီတွေ သောက်နေချိန်မှာ ငါ့အမေက နယ်မှာ ကော်ဖီကြမ်းပဲ သောက်နေရရှာတယ်"... ပြောရင်း သက်ပြင်းချသည်။ မျက်လုံးတွေမှာ မျက်ရည်တွေဝိုင်းလာသလို သူမြင်နေရသည်။ သူ့ရင်ထဲမှာလည်း မကောင်းလှပေ၊ မိဇော်ကိုစကားပြောမှ ဖြစ်တော့မည်။

"မိဇော် နှင်းဒီလိုပဲ နေတော့မှာလားနှင်းသိပ်ချစ်ခဲ့တဲ့ကောင်ရော သေပြီလား..."

မိဇော်မျက်နှာတစ်ချက် ညှိုးရော်သွားသည်၊ စက္ကန့်ပိုင်းမျှသာပါ။ ချက်ချင်းပင် ဣန္ဒြေပြန်ဆယ်နိုင်ပါသည်။ ပြီးတော့ မဲ့ပြုံးဟုယူဆရသော အပြုံးကိုဖန်ဆင်းသည်။ မျက်နှာလေးငယ်သွားသည်ကိုတော့ မဖုံးဖိနိုင်ရှာပါ။ အရှိက် ကိုများ ထိသွားလေသလားဟုတွေးမိတော့၊ ကိုယ့်မေးခွန်းအတွက် စိတ်မကောင်းဖြစ်သွားရသည်။

"သူနဲ့ငါ မတွေ့တာလည်း (၂၁)နှစ်ရှိသွားပါပြီ၊ တစ်နေရာရာမှာ ရှိနေမှာပေါ့။ သေတော့ မသေနိုင်သေးဘူး ထင်တာပဲ၊ နာရေးကြော်ငြာမှာ မတွေ့သေးဘူး"

မိဇော်အသံက တိုးတိုးလျှလျှလေး၊ ဒီကောင့်အကြောင်း ပြောလိုက်လျှင် ခြသေ့်တစ်ကောင်လို



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်ထက်မြက်မာကျောသော မိဇော်က ယုန်လေးတစ်ကောင်လို နူးညံ့ပျော့ပျောင်း သိမ်ငယ်သွားတော့သည်။နေရာတကာမှာ မဟုတ်မခံစိတ်ရှိသော မိဇော်က ခွင့်လွှတ်သည်းခံစိတ်တွေနှင့် နားလည်တတ်သူဖြစ်သွားတော့သည်။ ဒါကို သူအမုန်းဆုံးဖြစ်ခဲ့သည်။ အဝေးကလူဆီ လှမ်းမျှော် ငေးကြည့်နေခဲ့ပြီး အနီးဆုံးလူတွေ၏မေတ္တာတရားတွေကိုကြတော့ မမြင်တော့ပေ။ မမြင်ချင်ယောင်ဆောင်ခြင်းမဟုတ်၊ နီးလွန်း၍ အမြင်တွေ မှုန်ဝါးသွား သည့်သဘောဟု သူထင်သည်။ ဒါတွေထားလိုက်ပါတော့လေ။ မိဇော်အတွက် ဒိန်ချဉ်ခွက်လာချပေးသူ ကောင်မလေးကို ကြည့်ပြီး တူညီဝတ်စုံနှင့် ဝန်ထမ်းများဆီ အကြည့်ရောက်မိသည်။ ရုပ်ရည်သန့်သန့်ပြန့်ပြန့်လေးတွေ ဖြစ်သည်။

“မြန်မာပြည်မှာ ကော်ဖီဆိုင် ယဉ်ကျေးမှုက တော်တော်တိုးတက် လာပြီနော် အရင်ကဆို စားပွဲထိုးလေးတွေက စွပ်ကျယ်လက်ပြတ်ကလေးတွေနဲ့ အသက်လည်းပိုငယ်ပြီး ပညာလည်းသိပ်တတ်ပုံမရဘူး”

မိဇော် ခေါင်းညိတ်သည်။ ပြီးတော့ ဖြည်းညင်းစွာခေါင်းခါသည်။

“မှန်တယ်...မှားလည်းမှားတယ်”

“ဘာစကားလည်းဟ...နင့်စကားလေ”

“နင့်စကားက တစ်ဝက်မှန်ပြီး တစ်ဝက်

ကော်ဖီဆိုရင်
ခါးခါးကြိုက်မိတယ်
ရင်ခုန်သံတွေ
တောင်
ဘဝမှာ
မချိုနိုင်တယ်
ဆိုသည့်
ချစ်ကောင်း၏
ကော်ဖီခါးခါးသီချင်းကို
ကြိုက်သလို
ကော်ဖီခါးကြိုက်တတ်သည့်
မိဇော်က
ကော်ဖီကိုခါးခါးသီးသီး
ငြင်းနေပါလား။



www.burmeseclassic.com

www.burmeseclassic.com



မှားတယ်၊ နင်ပြောတဲ့ဆိုင်မျိုး လေးတွေလည်း ရှိသေးတယ်၊ နင် ငါ့ကို အမြဲဝယ်ကျွေးတဲ့ ရန်ကင်းက ဘိန်းမုန့်ဆိုင်လည်း မရှိတော့ဘူး၊ ဒါကိုလည်း နင် မအံ့ဩနဲ့၊ တစ်သက်လုံး ဘိန်းမုန့်ပဲ ရောင်းနေလို့ မဖြစ်ဘူးလေ၊ ဒါရောင်းရင်း တိုးတက်ရာကို ရှာကြံရမှာပေါ့ ၊ ဒီထက်ပို အဆင်ပြေတဲ့ အလုပ်မျိုးလုပ်ပြီး ကြီးပွားသွားတာလည်း ဖြစ်နိုင်တယ်။ သားသမီးတွေက မလေးရှားသွားပြီး လုပ်ကျွေးနေလို့ အိမ်မှာ အေးအေးဆေးဆေး ထိုင်စားနေတာလည်း ဖြစ်နိုင်တာပဲ…၊ မတည်မြဲခြင်းရဲ့ သဘောတွေပေါ့ ကိုနိုင်ရယ်''

''ဩော်…ဩော်''

သူ ခေါင်းတဆတ်ဆတ်ညိတ်မိသည်၊ မိဇော်မှာ အတွေးနက်နက် တွေးတတ်သည်။ အကျင့်က မပျောက်သေးပဲကို ပြောရင်းဆိုရင်း မိဇော်က ဒိန်ချဉ်ခွက်ကိုမွှေပြီး ပိုက်ကို ဘေးသို့ချကာ မော့သောက်သည်။ ခွက်ထဲမှာ တစ်ဝက်ပဲ ကျန်တော့သည်။ စိတ်မြန်လက်မြန်ရှိသည့် စရိုက်ကလည်း ရှိနေဆဲပဲကိုး။ အရင်တုန်းက ဆံပင်အရှည်ကြီးကလည်ဂုတ်ကျော်ကျော်လေးသာ ရှိတော့သည်။

''နင့်ဆံပင်တွေ….''ဟု သူက ဆိုရုံရှိသေးသည်။

''ငယ်ငယ်တုန်းက အချိန်တွေ ပိုတယ်လေ၊ ဆံပင်ကို သဖို့ အချိန်ပေးနိုင်တယ်၊ ခုတော့ ငါက ဘဝသမားလေ၊ ဆံပင်အတွက်မှ မဟုတ်ဘူး၊ အပေါ်ယံ အလှအတွက် အချိန်ကို မပေးချင်တာ''သူ့နှုတ်ခမ်းတို့ မဲ့ကျသွားရသည်။ ''ဒါပေမယ့် နင့်မျက်နှာလေးကြည်ပြီး ကြည့်လို့ ကောင်းသေးလို့ ဒီလိုပြောနေတာပါ'' ဆိုသည့်စကားကိုတော့ မျိုချပစ်လိုက်သည်။ စကားတတ်သည့် မိဇော်နှင့်ပြိုင်လျှင် အမြဲရှုံးခဲ့ရတာမို့လေ။

''ဒီနေ့တော့…ငါပြောချင်တဲ့ အကြောင်းတွေပဲပြောမယ် ကိုနိုင်၊ နောက်တစ်ခါတွေ့မှ နင့်အကြောင်းတွေ ငါ နားထောင်မယ်၊ ငါ့ကို အတ္တကြီးတယ်လို့ ပြောရင်လည်း ခံပါ့မယ်၊ ငါ နင့်ကို စကားမပြောရတာ (၁၈)နှစ်တောင် ရှိပြီလေ၊ ပြောပါရစေနော်၊ နင် နားထောင်ပေးမယ် မဟုတ်လား''

''နားထောင်မှာပေါ့ သူငယ်ချင်းရာ…''

သူ လိုက်လိုက်လဲ့လဲ့ ပြောဖြစ်သွားရသည်။ မိဇော် မျက်လုံးတွေ ရီဝေနေသည်။

''ငါလေ…မိသားစုအတွက်၊ ငါ့ပတ်ဝန်းကျင်က လူတွေအတွက် တတ်နိုင်သလောက် လုပ်ပေးတယ်၊ မတတ်နိုင်တဲ့အခါမှာတော့ ဥပေက္ခာတရားထားရတာပေါ့၊ ပြီးရင် ငါတစ်ယောက်တည်း ငါ့နိဗ္ဗာန်ဘုံဖြစ်တဲ့ ငါ့အခန်းထဲမှာ စာဖတ်တယ်၊ သီချင်းနားထောင်တယ်၊ ဟင်းလင်းပြင် ပြတင်းပေါက်



www.burmeseclassic.com

www.burmeseclassic.com



ကနေ ကောင်းကင်ကို ကြည့်တယ်၊ သစ်ပင်တွေကို ကြည့်တယ်၊ ငှက်ကလေးတွေရဲ့ သီချင်းသံကို နားထောင်တယ်၊ အိပ်တယ်၊ တရားထိုင်တယ်၊ စိတ်ထဲကို မသိမသာ ဝင်ဝင်နေတတ်တဲ့ ဖုန်နဲ့တူတဲ့ အမှိုက်တွေကို ရှင်းတယ်၊ ကိုယ်လက် လှုပ်ရှား လေ့ကျင့်ခန်းလုပ်တယ်၊ အသင့်ဖျော်ကော်ဖီတွေ မသောက်ဘူး၊ ငါတို့နိုင်ငံကို အမှိုက်တွေပဲပို့နေတဲ့ အိမ်နီးချင်းနိုင်ငံလုပ် ဈေးပေါပစ္စည်းတွေကို အတတ်နိုင်ဆုံး ရှောင်တယ်၊ မျိုးရိုးဗီဇကို ဖျက်ထားတဲ့ အသားတွေနဲ့ အသီးတွေကို မစားဘူး၊ ဆေးလိပ် မီးခိုးငွေ့တွေ မှုတ်ထုတ်တတ်တဲ့ လူတွေနဲ့ ဝေးအောင် နေတယ်၊ ဘီယာသောက်ပြီး ရစ်တတ်တဲ့လူတွေကို အချိန်ပေးပြီး စကားမပြောဘူး၊ ငါ့ရဲ့အချိန်တွေကို တစ်ခုခုအကျိုးရှိဖို့အတွက်ပဲ လုပ်တယ်၊ ကုသိုလ်၊ ပိုက်ဆံနဲ့ တစ်ခုခုရအောင် နေတယ် သီလား…"

သီလား…သီလားနှင့် အဆုံးသတ်စကားကို ပြောတတ်တဲ့ အကျင့်လေး လည်း မြဲနေဆဲပါပဲလား မိဇော်ရယ်…ဟု သူ တွေးနေမိသည်။

"ရူပဗေဒပညာရှင် အိုင်စတိုင်းကို နင်သိတယ်မဟုတ်လား… သူကလေ ချော့ကလက် သိပ်ကြိုက်တယ်တဲ့၊ ဒါပေမယ့် သူက စားချင်တိုင်း မစားဘူးတဲ့‥၊ သူ့စိတ်ကိုသူ အလိုမလိုက်ဘူးဆိုတဲ့ သဘောပေါ့။ သူများတွေကို ကျွေးပစ်လိုက်တယ်တဲ့၊ အစမှာတော့ ခံစားရတာပေါ့၊ သူစားချင်တဲ့ သူ ကြိုက်တဲ့အရာကို ပေးပစ်ရတာ မဟုတ်လား…၊ ကြာလာတော့ ခံနိုင်ရည် ရှိလာတယ်တဲ့၊ ကိုယ်တန်ဖိုးထားတဲ့ အရာတစ်ခု ဆုံးရှုံးသွားတဲ့အခါမှာလည်း ခံနိုင်ရည် ရှိလာတယ်တဲ့၊ လိုချင်တဲ့အရာတစ်ခုကို ရလာရင်လည်း သိပ်ပြီး ဝမ်းသာအားရ မဖြစ်တော့ဘူးတဲ့၊ ကောင်းလိုက်တာ…ငါလေ အဲဒီလို လိုက်လုပ်ကြည့်တာ တကယ်ကောင်းတယ် သီလား၊ တကယ်စစ်မှန်တဲ့ ဘဝရဲ့ သုခချမ်းသာပဲ။ ကိုယ့်ကိုယ်ကို ထိန်းကျောင်းနိုင်အောင် အမြဲနေတယ်၊ ကော်ဖီကို ငါ အရင်က စွဲခဲ့တယ်၊ ဒါပေမယ့် ငါ ဖြတ်နိုင်ခဲ့တယ်၊ ငါ့ကို ရောဂါရစေမယ်ဆိုရင် ငါဖြတ်မှာပဲ။ ခု ငါ လက်ဖက်ရည်ကြမ်းပဲ သောက်နေတယ်၊ သူက ကျန်းမာရေးကောင်းစေတယ်လေ၊ သူက ငါ့ကိုရောဂါ တစ်ခုခု ရစေမယ် ဆိုရင် ငါက ဖြတ်ဦးမှာပဲ…၊ ခဏတော့ ခံစားရတာပေါ့ဟာ၊ နောက်တော့လည်း နေသားကျသွားပါတယ်"

ခေါင်းတဆတ်ဆတ်ညိတ်၍ သူ နားထောင်နေမိသည်။ မိဇော်က သူ့ကို ပုတ်သင်ညိုတစ်ကောင်လို ခေါင်းညိတ်အောင် သင်ပေးခဲ့တာ လွန်ခဲ့တဲ့ နှစ်ပေါင်း(၂၀)ကတည်းကပဲလေ။ မဆန်းတော့ပါဘူး။ မိဇော်လို ပြောင်းလဲချင်ယောင်လည်း မဆောင်ချင်ပါဘူး။ ပြောင်းလဲချင်တိုင်း ပြောင်းလဲလို့ မရတဲ့



www.burmeseclassic.com

www.burmeseclassic.com



အရာတွေလည်းရှိတယ်ဆိုတာ သူ့အလှည့်ကျရင် ထည့်ပြောရမယ်။

"တစ်ယောက်တည်းနေရတဲ့ အရသာကို ငါ အရမ်းကြိုက်တာပဲ၊ ငါရွေးချယ်ခဲ့တဲ့ Life ကို ခုထိ ကျေနပ်နေတယ်၊ အရသာတွေ့နေတယ်၊ နောင်တ မရဘူး သိလား ကိုနိုင်၊ တွေးလေတွေးလေကိုယ့်ဘဝ ကို ကိုယ်ကြိုက်လေပဲ သိလား"

သူ့ မျက်လုံးနှစ်ဘက် အလိုလိုမြင့်တက် သွားရသည်။ နှလုံးသားဆီမှ စူးကနဲ နာ၏။ နင့်ကို မချစ်တဲ့ ယောကျ်ားတစ်ယောက်ကို မျှော်လင့်ရင်း နင် သေမှာပဲ… ဟူသောစကားကိုတော့ သူ စိတ် ထဲမှာပဲ ပြောရ၏။ သူထင်နေတာ လည်း ဖြစ်ချင် ဖြစ်မှာပါလေ။

"ကိုနိုင်…နင် ငါ့ကို စိတ်ထဲက ဆဲနေပြီ မဟုတ်လား၊ ငါသိတာပေါ့၊ ငါ တကယ်ပျော်တာပါ၊ လူဆိုတာ ကိုယ်ရွေးချယ်ခဲ့တဲ့ လမ်းအတွက် အမြဲပဲ ကျေနပ်နေရမယ်၊ အဲဒါမှ လူဖြစ်ရကျိုးနပ်တဲ့သူ ဖြစ်မှာ သိလား၊ နင်လည်း နင့်ဘဝကို ကျေနပ်တယ် မဟုတ်လား၊ ပျော်တယ် မဟုတ်လား"

"ဟာ…သိပ်ကျေနပ်တာပေါ့၊ သိပ်ပျော် တာပေါ့၊ ငါ့မှာလည်း ဘာနောင်တမှ မရှိဘူးဆိုတာ ဒီနေ့ ပဏာမအနေနဲ့ ပြောလိုက်မယ်၊ နောက်တစ်ခါ ငါ့အလှည့်နော်၊ အဲဒီအခါကျရင် နင်က နားထောင် သမား သက်သက်ပဲ၊ နင့်အကြောင်း ဒီနေ့ ပြီးအောင် ပြော…နားနားပြီးပြော သိလား…"

"သိလား"ကို သူ့လေသံအတိုင်း လိုက်ပြောတော့ မိဇော်က အသံထွက်၍ ရယ်မောနေပါသည်။ကလေး လေးတစ်ယောက်လို ပေါ့ပေါ့ပါးပါး ရယ်မောနေသော မိဇော်က ဟိုတုန်းက တက္ကသိုလ်ကျောင်းသူလေး မိဇော်လို သွက်လက်နေပါသည်။ မိဇော်ရယ်… ငါလာမှ နင့်ရဲ့ ပြောစရာစကားတွေက ပြောစရာလူ ရှိတာလား၊ နင့်မှာ ရင်ဖွင့်ရမယ့်လူ မရှိဘူးလား။ ငါ နင့်ကို သနားလိုက်တာလို့လည်း ငါ မပြောရဲဘူး၊ နင့်ကိုသနားရင် နင်မကြိုက်ဘူးလေ…။

ထိုနေ့က မိဇော်စကားကို နားထောင်ရင်း မိုးချုပ်သွားခဲ့ပါသည်။ မိဇော်နှင့်သူ ကော်ဖီးဆိုင်မှ ထွက်တော့ မိုးတွေက သည်းသည်းမည်းမည်း ရွာချ ပြန်လေသည်။ ရွာချင်သလိုသာ ရွာပါတော့ မိုး ရယ်…ဟု စိတ်ထဲက ရေရွတ်လိုက်မိသည်။ ။

ရာသက်ပန်၊တောင်ငူဆောင်၊



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

(၁)

Bristo ကော်ဖီဆိုင်လေးမှာ ကျွန်တော်ထိုင်စောင့်နေသည်မှာ နာရီဝက် မကကြာခဲ့ပြီ။ကျွန်တော့်ချစ်သူကော်ဖီမလေး ရောက်မလာသေး။ သည့်ကော်ဖီဆိုင်လေးမှာ ဆုံကြဖို့ချိန်းဆိုတိုင်း ချစ်သုဆွေက အမြဲလို စောရောက်နှင့်ကာ သူ့ဘာသာ ကော်ဖီ တစ်ခွက်မှာ သောက်နေခဲ့သည် ချည်းသာ။ ကျွန်တော်ဘယ်လောက်နောက် ကျကျ သူမမှု။ အအေးခန်းလေးထဲမှာ သည်လို ကော်ဖီလေးတစ်ခွက် အေးအေး လူလူ ထိုင်သောက်တိုင်း ကျွန်တော့်ကို မေ့နေတတ်သည်မှာသူ့အကျင့်ပင်။

"ကိုကို ရောက်မလာတာ ပိုတောင်



www.burmeseclassic.com

www.burmeseclassic.com

ကောင်းသေး၊ ကော်ဖီလေး တစိမ့်စိမ့်သောက်ရင်း တွေးချင်ရာတွေးနေရတာ အရသာပဲ' ကျွန်တော် နောက်ကျတတ်သည့်အခါတိုင်း သူ သည်လို ပြော တတ်သည်။ သည်လိုပြောတိုင်း ကျွန်တော်သူ့ကို မနာလိုဖြစ်ရသည်။ မဟုတ်ဘူး၊ ကော်ဖီကို မနာ လိုဖြစ်တာ ထင်ပါရဲ့။

ကျွန်တော့်ကိုရှေ့မှာထားပြီး ကော်ဖီထဲပဲ စိတ် ရောက်ကာ ဒီနေ့ကော်ဖီက ဘယ်လိုကောင်းကြောင်း၊ ဒီဆိုင်လေးကဘယ်လောက် ကော်ဖီဆိုင်ပီသကြောင်း၊ ခင်းကျင်းထားသည့် decoration ကကော်ဖီသောက် ချင်စိတ် ကို ဘယ်လိုပံ့ပိုးနေကြောင်း သူတဖွဲ့တနွဲ့ ပြောတတ်သည်။

သည်လိုနဲ့ပဲ ကျွန်တော်တို့နှစ်ယောက်ရဲ့ ညနေခင်းတွေ့ဆုံချိန်များမှာ ရင်ခုန်စရာ အချစ်စကား များ တစ်စတစ်စ ကျဲပါးကာ ကော်ဖီစကားလုံးများက စေးစေး ပိုင်ပိုင် နေရာဝင်ယူသွားသည်။ ကော်ဖီဆိုင် သက်သက်မဟုတ်သည့် အခြားဆိုင်များသို့ သွားထိုင် လျှင်လည်း ပိုဆိုးတတ် သေးသည်။

"ဘာလို့ ဒီဆိုင်ကြီးကိုလာတာလဲ၊ ဒီရောက် မှတော့ ဟိုဘက်လမ်းကြားထဲမှာ တစ်နေ့ကမှအသစ် ဖွင့်ထား တဲ့ ကော်ဖီဆိုင်လေး သွားထိုင်တော့ မှာပေါ့။ Dream ဆိုလားပဲ သူငယ်ချင်းပြောတာ၊ အဲဒီမှာ ရှုခင်းသိပ်ကောင်း တာပဲတဲ့၊ နံရံမှာလည်း စုံတွဲလေး တွေ ကော်ဖီထိုင်သောက်နေတဲ့ ဓာတ်ပုံကားချပ်လေး တွေ၊ပန်းချီကားလေးတွေ ချိတ်ထားတယ်တဲ့၊သိလား"

ချစ်ဆုချွေက ဂျာနယ်သတင်းထောက် မလေးပီပီ ဘယ်နေရာမှာ ဘာကော်ဖီဆိုင်ဖွင့်သည် ကအစ သူသိနှင့်နေတတ်သည်။ သိတာက အကြောင်းမဟုတ်။ မထိုင်ဖြစ်သည့် ဆိုင်ကို တမ်းတမှန်းမျှော်ကာ တသသ ပြောနေတာနဲ့ပဲ ထုံးစံအတိုင်း ပြောဖို့ရည်ရွယ်ထားသည့် အချစ်စကား များက ရင်ထဲမှာသာ အနည်ထိုင်သွားကာ ဒုက္ခအကြီး အကျယ် ရောက်ရသူက ကျွန်တော်။

'ဒါဖြင့်လည်း အဲဒီမှာ သွားထိုင်ရအောင် ဘာခက် လို့လဲ' ပြောပြန်တော့လည်း 'ပိုက်ဆံအပိုထပ်ကုန် မှာပေါ့၊ မသွားပါဘူး'တဲ့။ သည်လိုတော့လည်း နှမြောပြန်သေးသည်။

ကျွန်တော့်မှာ ကော်ဖီဆိုင်မထိုင်လျှင်လည်း တစ်ဒုက္ခ၊ ထိုင်ပြန်လျှင်လည်း တစ်ဒုက္ခ၊ ကော်ဖီဆိုင်မှာ ထိုင်နေလျက်နှင့်လည်း ကော်ဖီက ကောင်းနေပြန်လျှင်တစ်ဒုက္ခ(ကော်ဖီတစိမ့်စိမ့်သောက် ရင်းကောင်းကြောင်း ချီးမွမ်းစကားဆိုနေတာနဲ့)၊ မကောင်းလျှင်လည်း တစ်ဒုက္ခ (ကော်ဖီက မကောင်း ကြောင်း၊ ဘာလိုကြောင်း တပျစ် တောက်တောက် ပြောနေတာနဲ့)။ ဒါကြောင့်ပဲ ကော်ဖီကို မနာလို ဖြစ်လာကာ နောက်ဆုံး ချစ်ဆုချွေကို ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီမလေးဟု ခပ်ရွဲ့ရွဲ့ နာမည်ပေးထားသည်။

"ကြိုက်တယ်၊ ချစ်ဆု ပိုက်ဆံရှိလို့ကတော့ အပျံစား ကော်ဖီဆိုင်ဖွင့်မှာ။ ဟော်လို ဂစ်တာသံငြိမ့်ငြိမ့်လေးနဲ့၊ နံရံမှာ ဓာတ်ပုံ၊ ပန်းချီကားချပ် လေးတွေနဲ့၊ တစ်ဆိုင်လုံး အဖြူနဲ့အနက် နှစ်ရောင်တည်း ခင်းကျင်းမယ်"

"ဟော်လိုဂစ်တာထက် စန္ဒရားထားမယ်၊ ဂျက်ဇ်တေးသွားတွေနဲ့ ဖျော်ဖြေမယ်" ကျွန်တော်က ဟိုဟာထပ်ဖြည့်၊ ဒီဟာထပ်ဖြည့်နှင့် စိတ်ကူးထဲမှာ ကော်ဖီ ဆိုင်လေးတစ်ဆိုင် မကြာခဏ ဆောက်ဖြစ်ကြသည်။

သည်နေ့တော့ ထူးထူးဆန်းဆန်း ကျွန်တော့်ရဲ့ ကော်ဖီမလေးက တစ်ခါမှ နောက်မကျစဖူး နောက်ကျနေလေတော့ ကျွန်တော် စိတ်ပူလာသည်။ သောက်လက်စ ကော်ဖီပင် အရသာကပိုမို ခါးသီးဆိုးဝါးလာသလိုလို၊ အနားမှာ ကော်ဖီမလေး မရှိလျှင် နာရီတွေက ခါးသက် နေတတ်သည်။ တံခါးချပ်လေးတစ်ခါတွန်းဖွင့်လိုက်တိုင်း၊ တစ်စုံတစ်ယောက် ဝင်လာလိုက်တိုင်း ကျွန်တော့်မျက်လုံးတွေက တဖျပ်ဖျပ်လိုက်ရွေ့ကာ ကော်ဖီမလေး ရောက်လာနိုးနိုး စူးစမ်းရှာဖွေနေမိသည်။

လာမယ့်လာတော့လည်း သူ့မျက်နှာက စားမယ့်သူမရှိတဲ့ ဘယ်ရီးသီးခြောက်လို ရှုံ့တွပုပ်သိုးလို့။ ကျွန်တော် နှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်ရင်း လွှတ်ခနဲ ချစ်ဆုဆွေ ပြောသည်။

"သိပ်စိတ်ပျက်ဖို့ကောင်းတာပဲ"

စောင့်နေသူကို အားနာစကားမဆိုလာဘဲ စိတ်ပျက်စကား ဆိုလာသည့်အတွက် ရုတ်တရက် စိတ်ထဲ တင်းကာ ကျွန်တော်သူ့ကို မျက်လုံးလှန်ကြည့်မိ၏။ ချစ်ဆု ဆွေက လက်ဝါးလေးကာလျက် 'ကိုကို့ကို ပြောတာ မဟုတ်ပါဘူး၊ ရုံးကလူတွေ ပြောတာပါ'ဟု ပြေပြေကလေး ပြုံးကာပြောသည်။

"ချစ်ဆု အလုပ်ထွက်တော့မယ်"

ကျွန်တော် ထူးပြီးမအံ့ဩမိပါ။ သည်ဂျာနယ် တိုက်မှာ သူ့အဆင်မပြေမှန်းကျွန်တော်သိထားလို့ပဲဖြစ်သည်။

ချစ်ဆုဆွေက မိန်းကလေး နုနုငယ်ငယ်လေးဆိုပေမဲ့ တော်တော် အပင်ပန်းခံနိုင်သည်။ သတင်းရေးသားရာမှာ တိကျသေသပ်သည်။ ကိုယ်တိုင် သတင်းလိုက်ကာ ဇာစ်ဇာစ်မြစ်မြစ် ရေးလေ့ရှိသည်။ တချို့အလွယ်လိုက် သတင်းသမားတွေလို စောထွက်သည့် သူများ ဂျာနယ်ထဲက သတင်းတွေ ဟိုပြောင်းသည်ပြောင်း အလွယ်ရေးသူမဟုတ်။ (ဒါ သူပြောပြလို့ ကျွန်တော်သိရတာဖြစ်သည်)။ ကျွန်တော့် မှာဖြင့် 'ကော်ပီလုပ်တာ သီချင်းမှာပဲရှိတာမို့လား၊ သတင်းတွေကို ဒီလိုကော်ပီကူးရေးလို့ရသလား' ဟုအံ့တဩ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍ မဆုံး။

'ဟုတ်ရဲ့လား ချစ်ဆုရာ'

'ဟုတ်လွန်းလို့မှ၊ ချစ်ဆုတို့အခန်းထဲမှာ သတင်းသမားမဟုတ်ဘဲ ပျင်းသမားသတ်သတ် ရှိသေးတယ် ကိုကိုရဲ့'။ 'ဘယ်လို ဘယ်လို'ဆိုကာ ကျွန်တော် မျက်လုံး မျက်ဆန်ပြူးရပြန်သေးသည်။ ဖုန်းတစ်လုံးဖြင့် ဟိုဟိုဒီဒီ အနုပညာရှင်တွေကို ဖုန်းဆက် မေးမြန်း၊ အသံဖမ်းထားပြီး တစ်ချီတည်း ပြန်ကူးရေးသည့် ထိုင်ရာမထ သတင်းထောက်တွေလည်း ရှိသည်တဲ့။ ကျွန်တော်ကတော့ ချစ်ဆုဆွေ နောက်ပြောင်ပြောဆိုတာလို့ပဲ ထင်မိသည်။

'အမလေး ကိုကို့ကို ခေါ်လို့ရရင်ခေါ်သွားပြီး တစ်နေ့လောက် ပြလိုက်ချင်တယ်။ ဒါမှ ကိုကို ယုံမှာ'

ချစ်ဆုဆွေ အလုပ်လုပ်သည့် ဂျာနယ်က မီဒီယာလောကမှာ အစောဆုံးထုတ်လုပ်ဖြန့်ချိခဲ့သည့် ဂျာနယ်ဟု ဆိုရမည်။ ရုပ်ရှင်၊ ဂီတ ၊ စာပေ၊ ပန်းချီ နယ်ပယ်အသီးသီးက နာမည်ကျော်ကြားသူတို့၏ အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပရဟိတ စသဖြင့် ကဏ္ဍခွဲကာ သတင်း ရယူ ရေးသားကြရသည်။

ချစ်ဆုဆွေက သည်ဂျာနယ်တိုက်မှာ နောက်ဆုံးမှ အလုပ်ဝင် လာသူဆိုတော့ စီနီယာများ၏ ပညာပြမှုကိုအများဆုံးခံစားရသည်။ ချစ်ဆုဆွေ တာဝန်ယူထားသည်က စာပေနှင့် ပန်းချီကဏ္ဍ။ စာအုပ်ရောင်းပွဲ၊ စာပေဟောပြောပွဲ၊ ပန်းချီပြပွဲ သတင်းများရေးသည်။ တစ်ပတ်လုံး ဘယ် လောက် ရေးရေး ချစ်ဆုဆွေရေးသည့်သတင်းများက ဂျာနယ် ထွက်သည့်အခါ တစ်ပုဒ်စ နှစ်ပုဒ်စသာ ပါသည်ဟု ဆိုသည်။

''ဒါတွေက အရေး မကြီးပါဘူး၊ နေရာမလောက်လို့ နောက်တစ်ပတ်မှ ထည့်မယ်' 'ဟု တာဝန်ခံ ကချွေး သိပ်ကာနောက်တစ်ပတ်လည်း ပြန်တင်မပေး တော့ပါဘူးတဲ့။

''မင်းသမီး ကလေးမွေးတဲ့သတင်း၊ နိုင်ငံခြားမှာ သီချင်းသွားဆိုတာ၊ ရည်းစားနဲ့ကွဲတာ၊ ကောလာဟာလ ထွက်တာ၊ မျက်နှာ ခွဲစိတ်ပြုပြင်တာ၊ နိုင်ငံခြားကို ရွှေ့ပြောင်းထွက်တာ၊ ဘယ်မင်းသမီးကို ဘယ်သူက စပွန်ဆာပေး တာ··၊ ဒါမျိုးတွေကိုပဲ ဦးစားပေးပြီး ထည့်တာပါကိုကိုရယ်၊ ပြည်သူလူထုကို ပေါပေါပဲပဲ သတင်းတွေနဲ့ မှိုင်းတိုက်နေတာပါ။ ပြောလိုက်ရင် ပရိသတ်က ဒါပဲကြိုက်နေလို့ ဒါပဲချကျွေး တာတဲ့။ အမှန်က အသစ်ကို ပြောင်းကျွေးရမှာ ပင်ပန်းလို့ အားလုံးအလွယ်လိုက်နေကြတာ။ အရသာရှိအောင် ချက်ပြုတ်ကျွေးနိုင်ရင်ဘယ်သူမဆို စားမှာပဲ။ ခုတော့ သူတို့လုပ်ပုံက စာပေ၊ပန်းချီဟာ စားလို့မရတဲ့ လမ်းဘေးက မြက်ပင်တွေလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီ''

ငယ်ပင်ငယ်သော်ငြားသည်လိုအတွေးကောင်းကောင်းလေးတွေ၊ စိတ်ကူးမှန်မှန်လေးတွေရှိသည့်အတွက် ကျွန်တော် တကယ်ပဲ ချစ်ဆုဆွေကို လေးစားမြတ်နိုး မိသည်။ ကိုယ့်ကောင်မလေးမို့ ချစ်ဆုဆွေ အမြဲမှန်သည်ဟု ကျွန်တော်ထောက်ခံခြင်း မဟုတ်ပါ။ ပြင်ပကိစ္စတွေမှာ ချစ်ဆုတွေ ဆုံးဖြတ်ပုံမှားချင်မှားနိုင်သည်။ သည် အလုပ်တိုက်မှာ ဖြစ်ပျက်သည့်ကိစ္စတွေမှာတော့ ချစ်ဆုဆွေဘက်က မှန်သည်ဟု ကျွန်တော် ယုံကြည်ပြီးသား။

(၂)

''ဘာငိုင်နေတာလဲ ကိုကိုကလည်း၊ ချစ်ဆု အလုပ်ထွက်မယ် ပြောနေတာ၊ ဘာဖြစ်လို့လဲ မေးဦးလေ''

ချစ်ဆုဆွေက စိတ်မရှည်ဟန်ဖြင့် အေးစပြနေသည့် ကော်ဖီတွေကို တစ်ခါတည်းမော့သောက်ပစ်ရင်းဆိုသည်။

''ကိုယ် မမေးလည်း ချစ်ဆုပြောပြမှာပဲလေ မဟုတ်ဘူးလား''

''မဟုတ်ဘူး မဟုတ်ဘူး၊ မေးမှပြောလို့ ပိုကောင်းတာ''

''ကဲ မေးပါပြီဗျာ၊ ပြောပြော ဘာဖြစ်လို့ အလုပ်ထွက်မှာလဲ''

ချစ်ဆုဆွေ စိတ်ဆိုးနေသလောက် ကျွန်တော်ကတော့ရယ်ချင်နေသည်။ ကော်ဖီမလေးက ဒီနေ့တော့ ကော်ဖီအကြောင်း တစ်ခွန်းတစ်စမှ မဟနိုင်တော့ဘူးလေ။ သူ့ရှေ့က ကော်ဖီအကြောင်းပင် ကောင်း၊ မကောင်းတစ်ခွန်းမှမဟ။

''အလုပ်ထွက်မယ့်အကြောင်းရင်းက ကော်ဖီ ကြောင့်ပဲ''

ကျွန်တော်အံ့သြသွားသည်။ တိုက်ဆိုင်လိုက်တာ။ ကော်ဖီအကြောင်း သူ စကားမစသေးဟု စဉ်းစားနေချိန်မှာ ကော်ဖီဟုဆိုလာချေပြီ၊ စိတ်ဝင်စားစရာက ကော်ဖီကြောင့် အလုပ်ထွက်ခြင်းတဲ့။

''ကိုယ် နားမလည်ဘူး''

''ချစ်ဆုတို့ အလုပ်တိုက်က ခြောက်ထပ်တောင်ရှိတယ်မို့လား''

''အင်း ကိုယ်သိတယ်လေ၊ ရောက်ဖူးနေတာပဲ''

''သိလည်း ငြိမ်ငြိမ်လေးနားထောင်၊ စာရေးသလိုပဲ ဒါနိဒါန်း ပျိုးနေတာရှင့်''

ကျွန်တော်ဇက်ကို ပုထားကာ ငြိမ်ပေးလိုက်ရသည်။

''အဲဒီခြောက်လွှာမှာ နေ့ခင်း ၂နာရီဆိုဝန်ထမ်း အားလုံးကိုကော်ဖီတိုက်တယ်လေ''

ဒါလည်း ကျွန်တော်သိပြီးသား။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



မလှုပ်ရဲ။ ငြိမ် နားထောင်။

"ချစ်ဆုလည်း သတိမထားမိဘူး၊ ဒီဂျာနယ်တိုက်ကို ရောက်ကတည်းက ခြောက်လွှာကို ကော်ဖီ တက် တက်သောက်နေတာ၊ တစ်အုပ်စုလုံး တက်သောက်တာ မတွေ့ပေမဲ့ ချစ်ဆုက သူတို့ဘာ သူတို့ သွေးရိုးသားရိုး မကြိုက်လို့ မသောက်တာလို့ ပဲထင်ထားတာ အခု အဲဒီလို မဟုတ်ဘူးတဲ့ ကိုကိုရဲ့ သိလား။ တာဝန်ခံနဲ့ လက်ထောက်က ဒီနေ့ပြောတယ်လေ။ ဒီဂျာနယ် အုပ်စုမှာ စည်းကမ်းလေး လုပ်ထားတယ်တဲ့၊ စာကြည့်တိုက်အခန်းကလွဲပြီး၊ ဘယ်ကိုမှမသွားရဘူး' တဲ့။

'အခန်းထဲမှာပဲ ပိုက်ဆံထည့်ပြီး ကော်ဖီထုပ်တွေ ဝယ်သောက်တယ် တဲ့"

"အဲဒီတော့"

"အမှန်က သူဌေးက သူ့ဝန်ထမ်းအားလုံးကို သောက်စေချင်လို့ ကော်ဖီရော၊ လက်ဖက်ရည်ရော အဲဒီ ခြောက်လွှာမှာ သောက်ဖို့လုပ် ပေးထားတဲ့ဟာ၊ ဘာလို့ မသောက်ရမှာလဲ"

"အင်းလေ သူတို့မသောက်လည်း တရားဝင်သောက်
ခွင့်ပြုထားတဲ့ကော်ဖီ ကိုယ့်ဘာသာ တက်သောက်ပေါ့၊ ရတာပဲ။ဒါနဲ့ပဲ အလုပ်ထွက်မယ်ဆိုတော့မဟုတ်သေးပါဘူး"

"ကိုကိုဘာသိလို့လဲ၊ ဒီနေ့ meeting ဆိုပြီး လူလေးယောက်ထဲလုပ်ပြီး အလုပ်ကိစ္စကနည်းနည်း၊ ဒီကော်ဖီကိစ္စကို ထည့်ပြောတာက ခပ်များများ။ ပြောတာ ရိုးရိုးမပြောဘူးကိုကိုရဲ့။ လူကို ခြိမ်းသလို ခြောက်သလို ညှပ်ပူးညှပ်ပိတ်ပြောတာ။ အရင်က ချစ်ဆုနေရာမှာ အလုပ်လုပ်သွားတဲ့ ကောင်မလေး တစ်ယောက်ရှိတယ်တဲ့။အဲဒီကောင်မလေးက အခန်း ထဲမှာပဲ ကော်ဖီသောက်ခိုင်းတာ မသောက်ဘူးတဲ့၊ ခြောက်လွှာကိုပဲ ကော်ဖီတက်တက် သောက်တယ်တဲ့။ နောက်တော့ အဲဒီကောင်မလေးကို အလုပ် ထုတ်ပစ်လိုက်ရောတဲ့။ သူတို့အုပ်စုချထားတဲ့စည်းကမ်းကို မလိုက်နာလို့တဲ့။သူတို့သဘောကို ချစ်ဆု ကောင်း ကောင်းသိ ပြီကိုကိုရဲ့။ သူတို့က သူတို့အုပ်စု အောက်မှာပဲဝပ်ပြီး နေစေချင်တာ။ ချစ်ဆုက ကိုယ့်အတောင်ပံနဲ့ကိုယ် လွတ်လွတ်လပ်လပ် ပျံချင်တာ။ ခြောက်လွှာမှာ ကော်ဖီသောက်တာ ချစ်ဆု အတွက်အဓိပ္ပာယ်မဲ့မဟုတ်ဘူး။ အပေါ်ဆုံးထပ် ဆိုတော့ အိမ်ခေါင်မိုးတွေကြည့်လိုက်၊ တိမ်တွေပျံ နေတာ ကြည့်လိုက်၊ ဝန်ထမ်းအချင်းချင်း ချစ်ချစ် ခင်ခင် စကား ပြောလိုက်နဲ့ကော်ဖီသောက်ရတာ တကယ်ပျော်တယ်၊ ကော်ဖီ ကတော့ ဒီကော်ဖီတွေပါပဲ။ ဒါပေမဲ့ ဝန်းကျင်အနေ အထား ပြောင်းသွားတဲ့အခါ ကော်ဖီရဲ့အရသာကလည်း ပြောင်းသွားတယ်၊ လိုအပ်



www.burmeseclassic.com

www.burmeseclassic.com



ဘဲ အသံမျိုးစုံတွေထွက်၊ ဆူညံ ပွက်လောရိုက်နေတဲ့ အခန်းထဲမှာ သောက်ရတာနဲ့ ဘယ်တူမှာလဲ"

"ကိုယ့်အုပ်စုနဲ့ကိုယ်နေတာ ပိုမကောင်းဘူးလား ချစ်ဆုရဲ့"

"ဘယ်ကောင်းမလဲ။ ချစ်ဆုက အားလုံးနဲ့ ရင်းရင်းနှီးနှီးနေချင်တာ။သူတို့သဘောကို ချစ်ဆုသိပြီ။ တခြားသူနဲ့ ပိုရင်းနှီးသွားတာနဲ့ ငါတို့အကြောင်း ပြောတော့မှာပဲဆိုတဲ့ သံသယစိတ်ကြီးနဲ့ ကြိုပြီး ကျားကန်ထားတာ။ ဝန်ထမ်းတစ်ယောက်ဟာ ဒီကုမ္ပဏီကြီးတစ်ခု လုံးမှာရှိတဲ့ ဘယ်ဌာနက ဝန်ထမ်းကိုမဆိုရင်းနှီးချစ်ခင်စွာ နေခွင့်ရှိတာပဲ။ တစ်ဌာနမှာ တစ်အုပ်စုဖွဲ့ပြီး သူတစ်လူငါ တစ်မင်း စည်းလုံးနေရုံနဲ့ ဖြစ်မလား။ ဒါက အစွန်းရောက် စည်းလုံးမှုကြီးပါ။ အမိုးတစ်မိုးတည်းအောက်မှာနေပြီး တခြား depertment ကလူတွေ ဘာဖြစ်၊ ဘယ်လိုနေ၊ ဘာလုပ်စိတ်မဝင်စားဘဲ ကိုယ့်အုပ်စု ကွက်ကွက်လေးပဲ အတင်းချုပ်နှောင် စည်းလုံးအောင် လုပ်ပြီး ကိုယ့်ကိုယ် ကိုယ်ပဲအဟုတ်ထင်နေရင် မှားမှာပေါ့။ သူတို့အချင်းချင်းပြောနေသံတွေ ချစ်ဆုကြားသားပဲ၊ 'ဒီအခန်းထဲကလူတွေကိုပဲ ချစ်တယ်။ အခြားဌာနကလူတွေတစ်ယောက်မှ ကြည့်မရ ဘူး၊ ဌာနစုံအစည်းအဝေးများဘယ်တော့မှ မတက်ချင်ဘူး၊ ဘယ်သူနဲ့မှ စကားမပြောချင်ဘူး၊ ကိုယ့်အခန်းထဲက လူတွေ နဲ့ပဲ နေချင်တယ်' ဆိုတာမျိုး သူတို့ထဲမှာ ခဏခဏ ကြား နေရတာ။ တာဝန်ခံက သူ့လူတွေ အဲဒီလိုပြောပြီဆို သွားဖြကြီးနဲ့၊ တဟီးဟီး သဘောတွေကျလို့။ ကိုယ့်လူတွေ ကိုယ့်ကိုပဲချစ်အောင် ရိုက်သွင်းထားတာလေ။ ခေါင်းဆောင် ကောင်းဆိုတာ ကိုယ့်လူတွေ ကိုယ့်တစ်ယောက်တည်းကို ပြုချစ်ဖို့ အတ္တဆန်ဆန် ကြိုးကိုင်ထားတာထက် သူတစ်ပါးကို မျှဝေချစ်တတ်အောင် လေ့ကျင့်ပေးရမှာမဟုတ်ဘူးလား"

"ဟုတ်တာပေါ့၊ လောလောဆယ်အနားကလူကို ချစ်ဖို့ မေ့မသွားအောင် ချစ်ဆုကို အရင်သင်ပေးရတော့မယ်"

အခုလို ကျိုးကြောင်းတိုက်ဆိုင်မှပဲ အချစ်ကိစ္စကို ကျွန်တော် စကားစခွင့်ရတော့သည်။

"အို ဟုတ်ပါရဲ့၊ ကိုကိုတော့ ချစ်ဆုကိုစိတ်ပျက်မှာပဲ။ ချစ်ဆုက အမြဲဖြစ်ပျက်ကြုံဆုံတာတွေကိုပဲ ကိုကို့ ကိုပြောပြောပြနေတာနဲ့ပဲ။ တကယ်ဆိုကိုကိုနဲ့တွေ့ချိန်မှာ အေးအေးလူလူကော်ဖီလေးသောက်ရင်း ကိုကိုစိတ် ဝင်စား မယ့်စကားတွေပဲ ပြောရမှာနော်"

"ချစ်ဆုဘာပြောပြော ကိုယ်စိတ်ဝင်စားပြီးသားပါ"

"ဒါနဲ့ ကိုကို့အလုပ်ရော အဆင်ပြေရဲ့လား"

သည်လိုတော့လည်း မေးဖော်ရသား။



www.burmeseclassic.com

www.burmeseclassic.com



'ပြေပါတယ်'

ပြောတာကို သူသဘောကျပုံမရ။

"ကိုကို့လေသံကလည်း လျှော့တိလျှော့ရဲ နဲ့"

ကျွန်တော့်စိတ်ကို လေ့ကျက်မိဟန်ဖြင့် သူပြောသည်။

ချစ်ဆုဆွေကို ကျွန်တော်မပြောရသေး။ ရှေ့တစ်ပတ်အတွင်း ပရောဂျက်အသစ်တစ်ခုအစအဆုံး တာဝန်ယူရဖို့ရှိသည်။ အပျံစား ကော်ဖီဆိုင်တစ်ဆိုင် တည်မည်ဟုသာ ကျွန်တော် သိရသေးသည်။ ပိုင်ရှင်က ဩစတြေးလျနိုင်ငံမှာ လက်ရှိအလုပ်သွားလုပ်နေသူ၊ ကော်ဖီဆိုင်တည်မည့် ကိစ္စအဝဝကိုမန်နေဂျာဖြင့်လွှဲထားသည်။ ကျွန်တော်က ကျွန် တော်ကျွမ်းကျင်သည့် နည်းပညာဖြင့် စီမံတွက်ချက်ကာ ဒီဇိုင်းထုတ်ပေးရမည်။

ကော်ဖီဆိုင် ရုပ်လုံးပေါ်ပြီး အချောသတ်ပြီးစီးသည်အထိ တာဝန်ယူပေးရမည်။ ဘယ်လို ကော်ဖီဆိုင်နဲ့မှမတူသည့် စိတ်ကူးဒီဇိုင်းအသစ်တို့ဖြင့် ထုတ်လုပ်ရမည့် ကော်ဖီဆိုင်။ ချစ်ဆုဆွေသိလျှင် စွေစွေခုန် အပိုင်လိုချင်ရှာမည့် ကော်ဖီဆိုင်မျိုးလေးပေါ့။ သည်တော့လည်း ကော်ဖီမလေးကို အသိမပေးရက်။ ဖြစ်နိုင်လျှင်တော့ သည်လို စိတ်ကူး ဒီဇိုင်းအသစ်နှင့် ဆောက်လုပ်ထားသည့် ကော်ဖီဆိုင်လေးတစ်ဆိုင် ကိုယ်တိုင်ကိုယ်ကျ စီမံဆောက်လုပ်ကာ ချစ်ဆုဆွေကိုလက်ဆောင်ပေးချင်သည်။ စိတ်ကူးဒီဇိုင်းတွေဟာ ငွေမရှိပြန်တော့လည်း အလကားပါပဲလား၊ ဘယ်တော့မှ အကောင်အထည် မဖော်နိုင်ဘဲ ပလူတွေလို လေထဲမှာ ပျံသန်းပြီး တစ်ခဏချင်းမှာပဲ ကျိုးကြေပဲ့ကျကုန်တော့တာပဲ။

ထိုနေ့က ဟုတ်တိပတ်တိ စကားမပြောလိုက်ရဘဲ ကိုယ်စီ အိမ်ပြန်ခဲ့ကြရသည်။

(၃)

နောက်တစ်ပတ်အကြာမှာ Faith မီဒီယာလုပ်ငန်းတစ်ခုမှာ ချစ်ဆုဆွေ အလုပ်ဝင်သည်။ လောက၏ စိန်ခေါ်မှုနှင့်အညီ ရုန်းကန်လှုပ်ရှားနေရသည့် လူသားတို့၏ ဘဝဟန်ပန်များအကြောင်း၊ လူထုကြားထဲ တိုးဝင်ကာ သတင်းတွေ လိုက်ယူရသည်၊ ဆောင်းပါးများရေးရသည် ဟုသိရသည်။ သူယခင်ကလုပ်နေကျ စာပေ၊ ပန်းချီကိစ္စမျိုး မဟုတ်တော့၍ ကျွန်တော်က သူလုပ်နိုင်ပါ့မလား စိတ်ပူမိသေးသည်။ ယခင်အလုပ်က စာပေ၊ ပန်းချီ နယ်ပယ်တစ်ခုခုမှာ နေရာရပြီးသား၊ ကိုယ်နှင့်သူ လူချင်းမသိတောင် နာမည်အားဖြင့် အပြန်အလှန်သိနှင့်နေပြီးသား လူတွေနှင့် ဆက်ဆံရသည်ဖြစ်ရာ ချစ်ဆုဆွေ အနေနှင့် ပို၍လွယ်ကူမည်ဟု ကျွန်တော်က ထင်မိသည်။ သူ ခံယူပုံက တစ်မျိုး။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုဘာသိလို့လဲ၊ အရင်ကလူတွေက သူ့ နယ်ပယ်နဲ့သူ အရောင်တစ်မျိုးမျိုးရှိပြီးသားဆိုတော့ ဆက်ဆံရတာ ပိုခက်တာ ကိုကိုရဲ့။ အခုလူတွေ က အမည်ဂုဏ်ဒြပ်တွေ ဘာမှမရှိ၊ ဘာအရောင်မှမရှိသေးတဲ့ လူတွေ အစိမ်းသက်သက်မို့ ဆက်ဆံရခက်မယ်လို့ ကိုကို ထင်ရင် မှားမှာပေါ့။ တကယ်က သူတို့ကမှ ပိုလွယ်ကူတာ။ သူတို့မှာပြောပြချင်တဲ့ပုံပြင်တွေ ကိုယ်စီနဲ့။

သူတို့ရဲ့ အသံတွေကို ဖမ်းယူပြီးဆောင်းပါးရေးရတာ သိပ်စိတ်ဝင်စားဖို့ကောင်းတာပဲ။ လူတွေနဲ့ တိုက်ရိုက်ထိတွေ့ လုပ်ဆောင်ရတဲ့အလုပ်လောက် ဘဝမှာ အဓိပ္ပာယ် ပြည့်တာမရှိတော့ဘူး။ ချစ်ဆု အလုပ်လုပ်တဲ့ အခါ သူတို့အသံတွေကို ကက်ဆက်နဲ့ဖမ်းယူတယ်ဆိုပေမဲ့ ချစ်ဆုအတွက် ကက်ဆက်က အရန်သက်သက်ပဲ၊ ချစ်ဆုက နှလုံးသားနဲ့ စာနာပူးဝင်ပြီး မှတ်သားချရေးတာ။ ဘဝထဲမှာ စည်းချက်ညီညီ လှုပ်ရှားနိုင်သူလည်းရှိ၊ စည်းချက်မညီ ပရမ်းပတာ လှုပ်ရှားရသူတွေလည်း ရှိတာပေါ့ ကိုကိုရယ်"

နယ်ပယ်အသစ်မှာ အသားကျအောင် အားစိုက်ထုတ်နေရ သည်နှင့် ကျွန်တော်တို့နှစ်ဦး၏ ဘရစ်စတိုက ပုံမှန်တွေ့ဆုံချိန်လေးများ ပို၍ရှားပါးလာသည်။ ကျွန်တော်ကိုယ်တိုင်လည်း မအားလပ်တော့ပြီ။ ဩစတြေးလျတွင် နေထိုင်သူ ကိုသူရထက်နှင့် အွန်လိုင်းမှတစ်ဆင့် တွေ့ဆုံကာ စိတ်ကူးချင်းဖလှယ် ချိတ်ဆက်ပြီး အပြင်းအထန်လုပ် ဆောင်ကြသည်။ ကျွန်တော့်ဒီဇိုင်းမူကြမ်းတွေကို ကိုသူရထက်က မြင်လျှင်မြင်ချင်း နှစ်သက်ပုံရသည်။ အထွေအထူး ပြင်ဆင်ပြောင်းလဲရခြင်းမရှိ၍ စိတ်ချမ်းသာစရာကောင်းသည်။ ကျွန်တော့်နှလုံးသားမှ ယိုစိမ့်ထွက်ပေါ်လာသော ဒီဇိုင်းပုံစံ များသည် ကိုသူရထက်၏ ကြွယ်ဝမှု ဓနအင်အားနှင့် ပေါင်းစပ်လိုက်သည့် အခါ ရုပ်လုံးကြွလျက် အသက်ဝင်နှုန်း မြန်ဆန်လှသည်။ စိတ်ကူးတွေကို ပျံသန်းစေဖို့ နှလုံးသားအဓိကဟု ယခင်က ဟစ်ကြွေးခဲ့ဖူးသော်လည်း ယခုမူ ထိုသို့မဟုတ်တော့ပြီ။ စိတ်ကူးတွေ အလှပဆုံး ပျံသန်းနိုင်ရန် ငွေကြေးသည် အဓိကဟု ကျွန်တော် တဖြည်းဖြည်း လက်ခံလိုက်ရပြီ။

ကိုသူရထက်၏ခန့်ညားသောရုပ်ရည်၊ စက္ကန့်ပိုင်းအတွင်း တစ်ဖက်လူ နားလည်လွယ်အောင် အရှင်းလင်းဆုံးစကားလုံးများ ရွေးချယ်ပြောဆိုနိုင်မှု၊ လုပ်ငန်းပိုင်းဆိုင်ရာ လျင်မြန်စွာ ဆုံးဖြတ်နိုင်မှု၊ ပြီးတော့ ရှင်းသန့်ကြည်လင်ပြီး နှစ်လိုစရာကောင်းသည့်သူ့အပြုံး၊ပြီးတော့ ...စိတ်ကူးတွေ ကို အတောင်ပံတပ်ပြီး စေလိုရာစေခိုင်းနိုင်သည့် သူ၏ ကြွယ်ဝချမ်းသာခြင်းများ ...။ ကျွန်တော့်မှာ မရှိသည့် ကိုသူရထက်၏ အရည်အသွေးများကို တစ်ခါတစ်ရံ အားအကျကြီး



www.burmeseclassic.com

www.burmeseclassic.com

ကျမိကြောင်းကိုလည်း ကျွန်တော့်ကိုယ် ကျွန်တော် မညာတမ်းဝန်ခံနေမိတော့သည်။

"ဒီလောက်လှတဲ့ ကော်ဖီဆိုင်စိတ်ကူးတွေ ခင်ဗျား ဘယ်ကရ သလဲ"

တစ်နေ့ g-talk ကနေ အလုပ်ကိစ္စအပြန် အလှန် ပြောဆိုရင်း ကိုသူရထက်က ကျွန်တော့်အား စိတ်လိုလက်ရ မေးလာသည်။ ကျွန်တော်က သူ့ကို အားကျ နေချိန်မှာ သူက ကျွန်တော့်ကိုများ ပြန်၍ အားကျနေလေ သလားပဲ၊ ကျွန်တော် ခဏငယ်လေး စိတ်ကြီးဝင်ချင်သလိုလို ဖြစ်သွားသေးသည်။ အမှန်အတိုင်းပဲ ပြောပြလိုက်သည်။

"ကျွန်တော့်ကောင်မလေးဆီကပေါ့၊ သူက ကော်ဖီခရေးဇီး။ ကော်ဖီမလေးလို့တောင် နာမည်ပေး ထားတာ"

ကိုသူရထက်က Ha ha haha....ဟု စာလုံးများရိုက်နှိပ်ထည့်ကာ ခပ်ရှိုးရှိုးကြီး ရယ်နေ ခဲ့သေး သည်။ ပြောရင်းဆိုရင်း ချစ်ဆုဆွေကို ကျွန်တော် အရမ်း ကာရော သတိတွေရနေမိသည်။ ခုတလော ချစ်ဆုဆွေတို့ Faith Media Group တစ်အုပ်စုလုံး မအားလပ်ကြပါဘူးတဲ့။

(၄)

၂၀၁၁၊ အောက်တိုဘာ ၁၉၊ ည ၁၁နာရီမှ စတင်ကာ ပြင်းထန်စွာ ရွာသွန်းခဲ့သည့် မိုးများကြောင့် မကွေးတိုင်း ဒေသကြီး ပခုက္ကူမြို့နယ်၊ ကျွဲတဲကျေး ရွာအုပ်စု၊ ရွှေချောင်းရွာ၊ ပခုက္ကူအား အရှေ့ အနောက် ပိုင်းခြားထားသည့် ရွှေချောင်းတံတားနှင့် ဝဲယာကမ်း ပါးတစ်လျှောက် အိမ်ခြေပေါင်း သုံးရာငါးဆယ်ကျော် တိုက်စားဖြိုဖျက်ခံလိုက်ရခြင်း။ ဒုက္ခသည် နှစ်ထောင် ကျော်ရှိနေသည့် ကယ် ဆယ်ရေးစခန်းများ သို့ ချစ်ဆုဆွေတို့ Faith Media Group ၏ စီအီးအိုက ကိုယ်တိုင်ကိုယ်ကျ လှူဒါန်း ပါဝင်ကြရန် အလှည့်ကျ စေလွှတ်သဖြင့် ချစ်ဆုဆွေလည်း သွားလိုက် ပြန်လိုက်နှင့် ကူးသန်းနေရသည်။ ရေဘေးသင့် ဒုက္ခသည်တို့၏ ဝေဒနာ မြင်ကွင်းက တစ်ခါတွေ့၊ တစ်ခါ နှစ်သိမ့်မှုပေးရုံဖြင့် လုံလောက်ခြင်း မရှိခဲ့၊ ခါခါထပ်ထပ် ရစ်ပတ်နှစ်သိမ့်သော်လည်း ပြန်ဆက် ရန် မလွယ်ကူလောက် အောင် အက်ကြောင်းဒဏ် ရာများက ကြီးမားလွန်းလှသည်။ မျက်မြင်စာနာခွင့် ရသူက ချစ်ဆုဆွေ။

"ချစ်ဆု တစ်နေကုန် ဘာမှမစားဖြစ်ဘူး၊ ပရိုး မီးယားတူး ပလပ်စ်ဝမ်းတစ်ခွက်ပဲ ဗိုက်ထဲရှိတယ်၊ စားလို့ ကို မဝင်တော့တာ၊ သိပ်သနားဖို့ ကောင်းတာပဲ ကိုကိုရယ်" ဟု အသံယဲ့ယဲ့လေးဖြင့် ချစ်ဆုဆွေက



www.burmeseclassic.com

www.burmeseclassic.com



လောကဏ်

စိန်ခေါ်မှုနှင့်အညီ

ရုန်းကန်လှုပ်ရှားနေရသည့်

လူသားတို့၏

ဘဝဟန်ပန်များအကြောင်း၊

လူထုကြားထဲ တိုးဝင်ကာ

သတင်းတွေ လိုက်ယူရသည်၊

ဆောင်းပါးများရေးရသည်

သူ့အတွေ့ အကြုံများ ကို ဖုန်းဆက်ပြောပြတတ်သည်။

"ကိုကို အခု ဘယ်မှာလဲ၊ ဘရစ်စတိုမှာလား၊ ကော်ဖီဆိုင် မထိုင်နဲ့နော်၊ ကိုကိုတစ်ယောက်တည်းထိုင်တာ မနာလိုလို့ မဟုတ်ဘူး။ ပိုက်ဆံတွေကုန်မှာစိုးလို့။ နောက်ဆို ချစ်ဆုတို့ ကော်ဖီဆိုင်မထိုင်တော့ဘဲ၊ ဘာမှ အပိုမသုံးဘဲ ပိုက်ဆံတွေ စုထားရအောင်။ လူတစ်ယောက်ချင်းစီက အပို အသုံးစရိတ်တွေလျှော့ချ၊ ကိုယ့်အထဲကနေ ဖဲ့ဝေနိုင်မှ ဖြစ်မှာ။ နေရာတိုင်းမှာ လိုနေတုန်းပဲကိုကိုရဲ့။ အင်နဲ့အားနဲ့ ချစ်ဆုလှူချင်လိုက်တာ၊ လောလောဆယ်တော့ ချစ်ဆုတို့စီအီးအိုရဲ့ ထောက်ပံ့မှုနဲ့ပဲ....."

ချစ်ဆုရွှေအသံက တိမ်ဝင်သွားသည်။ ကျွန်တော်ကိုယ်တိုင် ဘာပြန်ပြောရမှန်းမသိတော့။ သည်ပရောဂျက် ပြီးဆုံးလျှင်တော့ ကျွန်တော် ရသမှုကိုဆောင်ကာ ချစ်ဆုရွှေနှင့် အတူလိုက်ပါလျက် ကိုယ်ထိလက်ရောက် ဒါနပြုမည်ဟု ဆုံးဖြတ်ထားသည်။

(၅)

ချစ်ဆုရွှေအား သတိရစိတ်ဖြင့်သူနှင့်အတိုင်များသည့် ဘရစ်စတိုဆိုင်လေးမှာ ကော်ဖီသွားသောက်ချင်နေသည်။ သို့သော် ကျွန်တော် မသွားဖြစ်တော့။ ကျွန်တော်တို့ ခြိုးခြံချွေတာ စုဆောင်းရမည်။

www.burmeseclassic.com



ချစ်ဆုဆွေမျှော်လင့်သလို ကျွန်တော်ဖြည့်စွမ်းပေးချင်သည်။ အအေးခန်း ကော်ဖီဆိုင်တွေမှာ ဈေးကြီးပေးသောက်မည့်အစား ကျပ်တစ်ရာတန် ကော်ဖီမစ်က်စ်တစ်ခွက်ပဲ အိမ်မှာ ဖျော်သောက်လိုက်တော့မည်ဟု စိတ်ကူးလိုက်သည်။ လွယ်ကူသည်၊သက်သာသည်။ ခွက်ထဲကို အမှုန့်တွေဖောက်ထည့်၊ရေနွေးထည့်၊ဇွန်းတောင် မလို။ ကော်ဖီမစ်က်စ်အခွံကို လိပ်ကိုင်ကာမွှေနေရင်း ကျွန်တော့်ကိုယ်ကျွန်တော် သဘောကျနေမိသည်။ အရသာချင်းကွဲပြားနိုင်ပေမဲ့ ကော်ဖီရောင်ကတော့ ဒီကော်ဖီရောင်ပဲ။ ချစ်ဆုဆွေကို ထူးထူးကဲကဲ သတိရနေသည်။

ရှုခင်းကောင်းကောင်း၊ နံရံမှာ ဓာတ်ပုံကားချပ်လေးတွေ၊ ပန်းချီကားချပ်တွေ ချိတ်ထားတဲ့ ဆိုင်လေးမျိုး ချစ်ဆုလိုချင်သည်တဲ့။ သည်လို ကော်ဖီဆိုင်လေးမျိုး ချစ်ဆုဆွေ အတွက် ကိုယ်တိုင် ဒီဇိုင်းထုတ်ကာ ဆောက်ပေးလိုက်ချင်သည်။ အခု ကိုသူရထက်အတွက် စိတ်ကူးတွေ ဖြန့်ကျက်ကာ ထုဆစ်ပေးနေသည့် ဆိုင်မျိုးပေါ့။ တမ်းတ သတိရချိန်မှာ ချစ်ဆုဆွေဆီက ဖုန်းလာသည်။ အသံက အဝေးကနေပြေးလာနေသည့် အမောတကော လေသံမျိုး။

"ကိုကိုမှတ်မိလား၊ အရင်တုန်းက ချစ်ဆုပြောဖူးတဲ့ ကော်ဖီဆိုင် လေးမျိုးလေ"

"ဟာ တိုက်ဆိုင်လိုက်တာ၊ အခုပဲကိုယ်တွေး နေတာ၊ ရှုခင်း ကောင်းကောင်း ဓာတ်ပုံတွေ၊ ပန်းချီကားတွေချိတ်ထားတဲ့ဆိုင်မျိုး ချစ်ဆုသဘောကျ…"

"မဟုတ်ဘူးမဟုတ်ဘူး၊ အဲဒါပြောပြမလို့၊ နား ထောင်ဦး ကိုကို၊ အခု ချစ်ဆုစိတ်ကူးတွေပြောင်းသွားပြီသိလား၊ ကော်ဖီဆိုင်ကို အဲဒီလိုအလှအပတွေ မလုပ်ချင်တော့ဘူး"

"ဘယ်လို လုပ်ချင်လို့လဲ"

"…………"

ချစ်ဆုဆွေ၏ စိတ်ကူးများက အံ့ဩဖွယ်၊ သို့သော် အိပ်မက်မဆန်။ လက်တွေ့ကျနေခဲ့သည်။ ထိုဆိုင်မျိုးကို အကောင်အထည်ဖော်ဖြစ်လျှင်.. ဆိုသည့်အတွေးက ကျွန်တော့်ရင်ခုန်သံကိုမြန်စေခဲ့သည်။ ကိုသူရထက်ကို အမြန်ဆုံး ချိတ်ဆက်ကာ ကျွန်တော့်စိတ်ကူးတွေပြော ပြရမည်။ ဟာ မဟုတ်သေးဘူး၊ ဒါ ချစ်ဆုဆွေစိတ်ကူး၊ ကျွန်တော် အသက်မက ချစ်ရတဲ့ ကော်ဖီမလေးရဲ့စိတ်ကူး။

## (၆)

ရှေ့တစ်ပတ်ထဲတွင် ဆိုင်ဖွင့်ပွဲလုပ်မည်။ ယုံကြည်မှုအပြည့်ဖြင့် လုပ်ခွင့်ပေးထားသော ကိုသူရထက် လည်း ဆိုင်ဖွင့်ပွဲအမီ ပြန်လာတော့မည်။ For-



www.burmeseclassic.com

www.burmeseclassic.com



tune ကော်ဖီဆိုင်ကလေး၏ မြေအောက်လှေကားထစ်လေးများ ကနေ ကျွန်တော် တစ်လှမ်းချင်းဆင်းလာချိန်မှာ ကော်ဖီနံ့ သင်းသင်းလေးရသည်။ အသစ်ကျပ်ချွတ်ကော်ဖီဆိုင်လေးက ကော်ဖီရည်တွေမရှိသေးဘဲ ကော်ဖီရနံ့လေးတွေ သင်းပျံ့နေတာ ရင်ခုန်စရာ။ ပျော်ရွှင်ကျေနပ်ရမည့်အစား ကျွန် တော့် စိတ်တွေက အကြီးအကျယ် ရှုပ်ထွေးနေသည်။

"ယောက်လိုက်တာလောက်
ဓမ္မရှားသွားမယ်၊
ရှုက်ပ်လေးသွား
လွှနဲ့ ချော်ကျမယ်"
ကျွန်တော်က
တိုဟာထပ်ပြည့်၊
ဒီဟာထပ်ဖြည့်နှင့်
စိတ်ကူးထဲမှာ
ကော်ဖီဆိုင်လေးတစ်ဆိုင်
မကြာခဏ ဆောက်ဖြစ်ကြသည်။

"ကျွန်တော်တော့ ဒီတစ်ခေါက် မြန်မာပြည်မှာ အခြေချဖြစ်မယ်ထင်တယ်၊ ဖူးစာရှင်တွေ့ထားပြီဗျ။ ကျွန် တော့် လုပ်ငန်းခွဲတစ်ခုဖြစ်တဲ့ Faith မီဒီယာ လုပ်ငန်းက ဝန်ထမ်းအသစ်ကလေး။ တစ်လတာ လှုပ်ရှားမှုဗီဒီယိုဖိုင်တွေ ကျွန်တော့်ဆီပို့ပေးတိုင်း ကျွန်တော်သူ့ပုံရိပ်တွေပဲ လိုက်ကြည့်နေမိတာ။တကယ်တော်တဲ့မိန်းကလေး။ ကျွန်တော်သူ့ကို တကယ်သဘောကျတယ်ဗျာ။ တစ်သက်နဲ့တစ်ကိုယ် ဘယ်သူ့ကိုမှ ဒီလို သဘောမကျဖူးဘူး။ ရှက်ရှက်နဲ့ဝန်ခံရရင် အိပ်မက်ထဲတောင်ပါတယ်။ ကျွန်တော့်အိပ်မက်ထဲ ပထမ ဆုံးရောက်လာ တဲ့မိန်းကလေးပဲ၊ သူ့နာမည်က ချစ်ဆုဆွေ တဲ့"

ကျွန်တော်စိတ်လှုပ်ရှားစွာဖြင့် လွှတ်ခနဲ မြန် talk လိုက်မိသည်။

"သူ့မှာ ဘာညာဘာညာ ရှိနေတယ် ဆိုရင်ကော"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်စုံစမ်းပြီးပြီဗျ၊ အိမ်ထောင်မရှိသေးပါဘူး၊ ရည်းစားတွေ ဘာတွေကတော့ဗျာ၊ ဒီအရွယ် ရောက်မှတော့ ရှိချင်ရှိမှာပေါ့။ ဒါတွေက မိုင်နာတွေပါ"

ယုံကြည်မှုအပြည့်ကိန်းဝပ်နေသည့် ဖော်ဂျီစာလုံးဝိုင်းဝိုင်းလေးများ က ကွန်ပျူတာဖန်သားပြင်ကနေ ခုန်ထွက်လာကာ ကျွန်တော့်အား လှောင်ပြောင်ကခုန်နေကြသည်။ မိုးကောင်းကင်ကြီး တစ်ခုံလုံး ကျွန်တော့်ဦးခေါင်း ပေါ်တည့်တည့် ပြုတ်ကျလာသလို ကျွန်တော့်အသိအာရုံတွေအားလုံး လေးလံထိုင်းမှိုင်းကာ ပိန်းပိတ်အောင် မှောင်မိုက်သွားပြီ။ ကျွန်တော့်ကမ္ဘာမှာ ကော်ဖီရနံ့တွေ တိမ်မျှင်တိမ်စလို လေ၏ချည်ဆောင်ရာသို့ ဝေးလွင့်ကွဲပြား ကုန်ကြပြီ။

တစ်ခုခုကို ကျွန်တော်ဆုံးဖြတ်ရတော့မည်။ ဆုံးဖြတ်ချက်၏ နောက်ကွယ်မှာ ကျွန်တော့်အတွက် အကြီး စားဆုံးရှုံးမှုတစ်ခု စောင့်ကြိုနေသော်ငြား ချစ်ဆုချွေ အတွက်တော့ ပြည့်စုံကုံလုံခြင်းကမ္ဘာသစ်လေးပေါ်ထွန်း လာမည်မှာ အသေအချာ။

(၇)

ကော်ဖီဆိုင်သစ်ဖွင့်လှစ်ပွဲ။ ဖိတ်ကြားထားသည့် ပုဂ္ဂိုလ်များ၊ ရုပ်သံ၊ စာနယ်ဇင်းမီဒီယာသသားများ၊ ဧည့်ပရိသတ်များ များပြားစွာ ရောက်ရှိနေကြပြီ။ Faith Media Group ၏ဝန်ထမ်းအုပ်စုများကြားမှာ ရှိမနေဘဲ အထူးဧည့်သည်တော်များစားပွဲ၊ အထူးသဖြင့် ဆိုင်ပိုင်ရှင် ကိုသူရထက် အနားမှာမဝံ့တဝံ့လေး ထိုင်နေရှာသည့် ချစ်ဆုချွေကို ကျွန်တော်နားလည်ပေးရတော့မည်။ ကျွန်တော့်ရဲ့ ကော်ဖီမလေး လွတ်လပ်စွာ၊ ရွှန်းလက်တောက်ပစွာ အလှ ဆုံးကခုန်နိုင်ဖို့ တတ်နိုင်သမျှ ကျွန်တော့်ကိုယ် ကျွန်တော် ဖျော့တော့မှေးမှိန် ပျောက်ဆုံးထားရမည်။

"ကော်ဖီတွေကတော့ ဒီနာမည်နဲ့ဒီကော်ဖီတွေပါပဲ။ ဒါပေမဲ့ လူကြီးမင်းတို့ သောက်သုံးချိန်မှာ ခံစားရရှိမယ့် အရသာကတော့ ကွဲပြားခြားနားပြီးထူးခြားမှု တစ်ခုရှိနေမှာ သေချာပါတယ်။ အဲဒီထူးခြားမှုက လူကြီး မင်းတို့ရဲ့ ပတ်ပတ်လည်ဝန်းကျင်ကနေ လူကြီးမင်းတို့ ရင်ထဲ တိုးဝင်လာမှာ ဖြစ်ပါတယ်။ သမားရိုးကျပုံစံတွေ ကနေ ကွဲထွက်လာတဲ့ performance အသစ်တွေဟာ လူကြီးမင်းတို့ရဲ့ခံစားမှုကို ပြောင်းလဲပေးမှာပဲ ဖြစ်ပါတယ်။

တခြားတော့မဟုတ်ပါဘူး။ ဘယ်နေရာမှာ ဘယ် လိုဖြစ်နေ ဆိုတဲ့ Events တွေကိုမိမိကိုယ်တိုင် ပါဝင်နိုင်တဲ့ပုံစံနဲ့ performance လှုပ်ရှားမှုတွေပြုလုပ်သွားပြီး Faith Media Group ဝန်ထမ်းများက စားသုံးသူ ပြည်သူ လူထုကို သတင်းအချက်အလက်တွေ ပေးသွားမှာပဲ ဖြစ်ပါတယ်။ ကော်ဖီတစ်ခွက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



သတင်းအချက်အလက် ကမ္ဘာထဲတိုးဝင်ရင်းကျွန်တော်တို့ရဲ့ ကံကြမ္မာကို ရင်ဆိုင်ကြပါစို့"

လက်ခုပ်သံတွေထဲမှာ ကျွန်တော့်လက်ခုပ်သံကအကျယ်ဆုံးဖြစ်မည်ဟု ကျွန်တော်သေချာပေါက်ပြောရဲပါသည်။ ကိုသူရထက်က မိုက်ခရိုဖုန်းရှေ့က ခွာမသွားသေး။ လက်ခုပ်သံများစဲသွားချိန်မှာ...

"performacne တွေ မစတင်ခင်မှာ အဓိကကျတဲ့လူတစ်ယောက်နဲ့ မိတ်ဆက်ပေးချင်ပါတယ်။ ဒီကော်ဖီဆိုင်အတွက် အစအဆုံး ဒီဇိုင်းတွေထုတ်၊ ကိုယ် တိုင်ကြပ်မတ်ပြီး အကောင်အထည်ဖော်ပေးခဲ့သူပါ။ ကော်ဖီတစ်ခွက်နဲ့ သတင်းအချက်အလက်ကမ္ဘာထဲ တိုးဝင်ရင်း ကံကြမ္မာ ကိုရင်ဆိုင်ကြစို့ ဆိုတဲ့ performance က သူ့ရဲ့စိတ်ကူးပဲဖြစ်ပါတယ်။ ခင်ဗျား ဒီစိတ်ကူးတွေ ဘယ်ကရလဲမေးတော့ 'ကော်ဖီခရေးဇီး ကျွန် တော့် ကောင်မလေးဆီကရတာ'လို့ သူပြောဖူးတယ်။ ဘာပဲ ဖြစ်ဖြစ် နှစ်ယောက်လုံးကို ကျေးဇူးသိပ်တင်ပါတယ်။ ကိုမင်းနိုင်စိုးကိုဂုဏ်ပြုလက်ဆောင်ပေးအပ်ချင်လို့ ခဏလောက်စင်မြင့်ပေါ်ကြွရောက်ပေးပါလို့ ဖိတ်ခေါ်ပါတယ်ဗျာ..."

ကိုသူရထက်အသံက ကျွန်တော့်နားထဲမှာ ပါးလှပ်ကျန်ရစ်ခဲ့ပြီ။ မတ်တတ်ရပ်နေသူ ကင်မရာသမား များအကြားကနေ မသိမသာတိုးဝှေ့ရင်း ကော်ဖီဆိုင်ထဲမှ ကျွန်တော် ရုတ်တရက်ထွက်လာခဲ့လို့ပဲဖြစ်သည်။ ချစ်ဆုဒွေးရှေ့က ကော်ဖီခွက်ထဲမှာတော့ ကျွန်တော့်ရဲ့လက်ရှိ ကြမ္မာက ဖောက်ထိုးမိုးမျှော် ပြုတ်ကျကျန်နေခဲ့ပါသည်။

×××××

စာဖတ်သူများခင်ဗျား။ ကျွန်တော့်နာမည်ကိုအော်ခေါ်ရင်း ကျွန်တော့်နောက်ကို ရုပ်ရှင်ပြကွက်ဆန်ဆန် ပြေးလိုက်လာမည့် ကော်ဖီမလေးကို ခင်ဗျားတို့မျှော်လင့်နေ ပါသလား။ အများကြီးမှားပါလိမ့်မည်။ စက္ကန့်ပိုင်းမျှ မျက် လုံးပြူး၊ ပါးစပ်ဟောင်းလောင်းပွင့်သွားရုံကလွဲပြီး ကော်ဖီမလေးက လက်ရှိနေရာမှာ ကွန်ရွှေမပျက်ဆက်ထိုင်ကာ Faith Media Group နှင့်အတူ မကြာခင်တင်ဆက် မည့် အစီအစဉ်များတွင် အဓိကနေရာကနေ ဦးဆောင် လှုပ်ရှားသွားလိမ့်မည်ဟု ကျွန်တော်အသေအချာ ပြောလိုက်ပါမည်။

**စုမီအောင်**



www.burmeseclassic.com

www.burmeseclassic.com

မူးရစ်နွယ်စိတ် ဝိုးထိတ်ထိတ်



www.burmeseclassic.com



■

နောင်ဆို ဒီလိုအခွင့်အရေးမျိုး ဘယ်တော့မှ ရလိမ့်မည်မဟုတ်။ လွတ်လပ်စွာ တိတ်တခိုးမျှော်လင့်ခွင့် မျှော်ကိုးခွင့်တွေအားလုံး ဒီနေ့ ဒီအချိန် ဒီနေရာမှာ ခက်ခက်ခဲခဲ စွန့်လွှတ်လိုက်ရတော့မှာဖြစ်သည်။ ဒီစားပွဲလေးကနေဒီဆိုင်လေးကို ကျောခိုင်းလိုက်သည်နှင့် တစ်ပြိုင်တည်းအားလုံးကို နင့်သီးစွာမေ့ပစ်ရတော့မည်။ နှလုံးသားမှာ နက်နက် ရှိုင်းရှိုင်း အမြစ်တွယ်ရစ်နေသည့် အရာတစ်ခုကို နက်နက်ရှိုင်းရှိုင်းပင် ပြန်လည်တူးဖော်ပြီး တစ်ကျော့ပြန် နစ်မြုပ်ပစ်ရဦးမည်။ဖန်တီးမှုမပါဘဲ ရှင်းရှင်းသန့်သန့် တွယ်ရစ်ဖြစ်ပေါ်ခဲ့ရသည့် နွယ်တစ်ပင်ကို ကိုယ်တိုင်ပင် မြတ်နိုးစွာ ဖြတ်တောက် ဖြုတ်ခါချရမည့်အချိန်၊ တစ်နှစ်နှင့်ရှစ်လ၊ ကိုးရက် တိတိရှင်သန်တွယ်ရစ် မျှော်ကိုးခွင့် ရရှိခဲ့ပြီးပြီ။ အခုအချိန်မှာ…။

ဘလက်ကော်ဖီကိုသာသောက်လျှော့ပြီး လက်ဖက်ရည်မကြိုက်သည့် ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com

လက်ဖက်ရည်ဆိုင် ထိုင်ရသည့်အရသာကိုတော့ထူး ကဲစွာခံမင် ခံစားတတ်သူဖြစ်၏။ လက်ဖက်ရည်ဆိုင် ပီပီသသ ခုံပုလေးတွေထက် အကြမ်းပန်းကန် နှုတ်ခမ်းပဲ့ အက်ရာထင် ညစ်ထေးထေးတွေကပဲ ရိုးစင်းမှုအပြည့် ရှိလေသည်ဟု ကိုယ်တိုင် ယုံကြည် ထားသည့် နေရာတစ်ခုလည်းဖြစ်သည်။ ဒီရိုးစင်း မှုလေးများကို မြတ်နိုးလွန်းလို့လည်း လက်ဖက်ရည် မကြိုက်သည့် ကျွန်မလက်ဖက်ရည်ကြိုက်သည့် သူငယ်ချင်းမိတ်ဆွေများနှင့် လက်ဖက်ရည်ဆိုင် ရိုးရိုးစင်းစင်းလေးတွေမှာ ခံစားချက်ကို ဆိုင် ထိုင်ခုံပုလေးတွေပေါ် ပစ်ချရင်း စကားသံများကိုရင်ခွင် တွင်း ဆွဲသွင်းကာ ရေနွေးကြမ်းအိုးတွေ တစ်ခွက်ပြီး တစ်ခွက် ဝမ်းမိုက်ထဲ ခုန်ချခိုင်းခဲ့သော... ကျွန်မ။

ဒီနေ့ ကျွန်မတို့အိမ်နှင့် မဝေးကွာလှသော လက်ဖက်ရည်ဆိုင်မှာ မမျိုးနှင့်နေ့လယ်တစ်နာရီမှာဆုံ ဖို့ချိန်းထား၏။ ဖွင့်သည်မှာ ရက်ပိုင်းလောက်သာရှိသေး ပြီး ကျွန်မတို့ သူငယ်ချင်းတစ်စု တစ်ကြိမ်မှ မထိုင်ဖြစ် သေးသော ထိုဆိုင်လေး တွင် ထိုင်ရန် ချိန်းဆိုလိုက် ခြင်းဖြစ်သည်။ ထိုဆိုင်လေးသို့ မိနစ်နှစ်ဆယ်ခန့်စော ရောက်သွားခဲ့၏။ ရိုးစင်းမှု အပြည့်ရှိသော ဆိုင်လေးပါ လားဟု သဘောကျစွာ ထောင့်မကျတကျစားပွဲ၌ နေရာယူ ထိုင်လိုက်ပြီး ဆိုင်လေးကို မျက်လုံးကစား မိ၏။ ပေ၂၅ X ၂၀ လောက်သာ ဆိုင်လေးက ကျယ်သည်။ ဝါးပိုးဝါးများကို ဆေးခြယ်ကာဆောက် ထားပြီး ဆိုင်ရှေ့ခြံဝင်းလေးထဲမှာ စံပယ်ချုံသေးသေး၊ ပုဏ္ဏရိပ်ပင် ပိုင်းပုပု၊ ဖြူစိမ်းရောယှက်နေသည့် ဂမုန်း ပင်စုစု၊ ရွက်လှဝါ၊ နီ၊ စိမ်းပင်၊ အမျိုးအမည်မသိသော စိမ်းရင့်ရင့်၊ ဖြူရွက်ဖားဖားတို့၏ အပင်နား တစ်ဝိုက်မှာ စားပွဲခုံပုလေးများကို စီချထား၏။ ထိုဧရိယာလေး မှာလည်း မကျယ်လှ။

ကျွန်မဆိုင်လေးကို နှစ်သက်စွာ ခံစားရင်း ဆိုင်အမည်ကို သတိတရ မျက်စေ့ဝေ့ရှာကြည့်တော့ မိုးပြာရောင် အောက်ခံထားပြီး ပန်းသွေးရောင်ရင့်ရင့်နှင့် ဆေးခြယ်ဖော်ကျူးထားသော လှပဆန်းသစ်ပြီး ရိုးရှင်းကဗျာဆန်သည့် အမည်လေးကို ကြည်မွေ့စွာ တွေ့မြင်လိုက်ရ၏။

"မျှော်ကိုးခွင့်"၊ "မျှော်ကိုးခွင့်"တဲ့...

အနည်းဆုံးတော့ သည်ဆိုင်လေးအတွင်း ဝင် လာသည်နှင့် ဝမ်းအာဟာရ ဖြည့်ပြည့်နိုင်လောက်ရဲ့ ဆိုသည့် မျှော်ကိုးခွင့်လေးဖြင့်။ ပြီးတော့ မဆုံးနိုင်သည့် မျှော်လင့်ချက် မျှော်ကိုးခွင့်လေးတွေနှင့် ကျွန်မတစ်ဦး တည်း ဆိုင်အမည်လေးကို နှစ်သက်စွာ ခံစားရင်း နူးညံ့၍ အားမာန်ပါလှသည့် စာလုံးလေး ပုံကိုင်ရှင်ကို တခုတ်တရ တွေ့ချင်လာပြန်သည်။

ကောင်တာမှာ ထိုင်နေသူကို တစ်ချက်ကြည့် လိုက်မိသည်။ မျက်နက်ဝန်း တောက်တောက်လေး၊

www.burmeseclassic.com



နောက်တစ်ခါ၊ နောက်တစ်ကြိမ်၊ နောက်တစ်ခါ၊ အကြည့် တစ်ချက်၊ နောက်...နောက်.......... မျက်ဝန်းတောက်တောက်လေး။ အဲ့သည့် အကြည့်တွေ နောက်မှာ ကပ်ငြိတွယ်ငင်ပါလာသည့် မျက်ဝန်းတစ်စုံ...အဲ့သည့် တစ်ခါ တစ်ခါအကြည့်တွေ နောက်မှာပဲ ကျွန်မ၏ မျှော်ကိုးခွင့် အသစ်တစ်ခု ရင်ခွင်တွင်း တိုးဝင်ဖက်တွယ် ရှင်သန်နွယ်ရစ် သွားလေပြီ။

ထိုရက်က မမျိုးနှင့် ပြောဖြစ်သည့် အကြောင်းချင်းရာတွေ အခါတိုင်း ရက်များနှင့် လုံးဝမတူတော့ဘဲ ခေါင်းစဉ် ပြောင်းပြောဖြစ်၏။

'မညို မင်းလက်ဖက်ရည်ကြိုက် စွဲတော့မယ်' ဟု မမျိုးက ပုစ္ဆာ၏အဖြေကို မှန်းရအောင် တစ်ပိုင်းတစ်စ ထွက်ပြသွားသည်။

ကျွန်မကလည်း ကျော့ကွင်းနက်နက်ထဲ ဖြေလျှော့စရာမလို မကျန်အောင် ပျော့ဆင်းသွားလေတော့ နှလုံးသားတစ်စုံနှင့် ရင်ခုန်နှုန်းအသံကို တစ်စစီ ပြန်ကောက်သီလျက် ကပိုကရို နွဲ့လျနေသည့်သွေးမျှင်ကြောထဲမှ မျှော်ကိုးခွင့် အရိပ်စစ်လေးကို နှလုံးအိမ်ထဲ သာသာဖွဖွလေး သယ်ယူပို့...။

စိုးရွံ့ခိုတွယ်ခဲ့သည့် ပင်စည်လေးတစ်ခု။

သာသာဖွဖွလေး တို့ထိလို့ မရဲတရဲ လျှောက်ဝင်ချိန်မှာ ချုပ်တည်းမျိုသိပ် မှုတွေ တစ်ပင်တစ်ပုံဖြင့် မျှော်လင့်ချက်ကောင်းကင် အောင်ပန်းသီဖို့ အားယူရင်း ထောင့်လေးထဲက သိုသိုဝှက်ဝှက် အဖူးဆုံးတစ်ငုံ ရေသောက်မြစ်တစ်ခုမှာ ရှင်သန်နိုးထ။

၃

မျှော်ကိုးခွင့်အသစ်လေး ရင်ခွင်တွင်း ရောက်လာပြီးနေ့ရက်မှစ၍ လက်ဖက်ရည် မကြိုက်သည့် ကျွန်မ အဖော်ပါပါမပါပါ ထိုဆိုင်လေးတွင်လက်ဖက်ရည် သောက်ဖြစ်ခဲ့ပြီ။ စားပွဲထိုး ချာတိတ်တို့ကို 'ချိုကျ'၊ 'ပေါ့ဆိမ့်'၊ 'ကျဆိမ့်'စသည်ဖြင့် အလျှင်းသင့်သလို မှာ၍သောက်၏။

လက်ဖက်ရည် ဘယ်သို့ဖျော်ဖျော် ကျွန်မအတွက် ကိစ္စမရှိ၊ အသေအချာ ရှိနေပြီး လုံးဝမမြင်ရသော တစ်စုံတစ်ရာကို လက်ဖက်ရည်ထဲ အစဉ်အမြဲထည့်ထည့်သောက်နေသော ကျွန်မအတွက် ထိုလက်ဖက်ရည်တစ်ခွက်သည် လွန်စွာအဓိပ္ပာယ်ရသနှင့်ပြည့်ဝလှ၏။

အေးချမ်းသပ်ရပ်စွာ ရှုပ်ထွေးမှုနည်းသော ထိုဆိုင်လေးမှာ ကျွန်မ တစ်ယောက်တည်း လာထိုင်သောက်ရသည်မှာ မည်သို့မျှ အနှောက်အယှက်မဖြစ်။ လက်ထဲမှာ စာအုပ်တစ်အုပ်ကိုင်ပြီး ဖတ်ချင်ဟန်ပြု၊ ရေးချင်ယောင်ပြုကာ လျှပ်တစ်ပြက်ဆုံလာမည့် အကြည့်တစ်ချက်ကို မျှော်လင့်လျက် အကြည့်ချင်းဆုံ ရင်ဖြင့် အပြုံးတစ်ပွင့်ပေး ကမန်းကတန်းမျက်နှာပြန်ချ စာအုပ်ကို ငုံ့ဖတ်ဟန်ပြုလျက် သူ့အပြုံးကိုသရုပ်ခွဲ

www.burmeseclassic.com

ကာ အေးစက်နေပြီဖြစ်သော လက်ဖက်ရည်ကို သူ့အကြည့် ထည့်သောက်ပစ်လိုက်၏။ ဟန်ဆောင်ပန်ဆောင်ကိုင်ထားသည့်စာအုပ်ကို စိတ်ဝင်စားဟန်ဖြင့် ဖတ်သလိုပြုရင်း သူ့မျက်နှာ အရိပ်အကဲကို ကြည့်သုံးသပ် မျှော်လင့်နေမိသည်။ လျှပ်တစ်ပြက်အကြည့်နှင့် မျက်နှာကိုဖတ်ပြီး မျှဝေခံစား သိရှိဟန်ဖြင့်အကြည့်တစ်ချက်အဆုံးမှာ အပြုံးတစ်ပွင့် ခြွေလျက် အားပေးဖော်မဖြစ်တောင် အသိအမှတ်ပြုသူ တစ်ဦးအနေဖြင့် သူ့အနားမှာ ကျွန်မ နေပေးချင်ပြန်သည်။

ကိုယ့်စိတ်ကိုယ် ဘယ်လိုတင်းတင်း သူ့အရိပ်လေးမြင်သည်နှင့် အဆိပ်မိ နှလုံးသားလို ရင်ခုန်သံတွေ ဖရိုဖရဲ၊ မျက်ဝန်းနက်နက်ပင့်အကြည့်မှာ အဖျားဆွတ်တုန့်ခါသွားသည့် နှလုံးသားကိုဆင်ခြင်တုံတရားတွေနှင့် ပြန်လည်ထိန်းချုပ်ပါမှ တိကျသပ်ရပ်သည့် နှုတ်ခမ်းနှစ်လွှာထက်က ချိုမြမြအပြုံးကြောင့် ပြန်လည်ယစ်မူးရပြန်သည်။ တည်ငြိမ်ရင့်ကျက်ဟန်ဆောင်ထားသော နှလုံးသား ဖြူနုနုက ကြည်ရှုရစကားသံအောက်မှာ ပျော်ဝင်နစ်မြုပ်ခဲ့ပြန်၏။

ဒါတွေအားလုံးက တကယ်တော့ ကျွန်မ၏ လွတ်လပ်စွာ သန့်ရှင်းဖြူစင်သည့်မျှော်ကိုးခွင့်တစ်ခု မဟုတ်ပါလား။ မျှော်ကိုးပိုင်ခွင့်ရှိနေသည် မဟုတ်ပါလား။

တစ်ရံတစ်ချိ အေးစက်နေသည့် လက်ဖက်ရည်တစ်ခွက်နှင့် သူ့ရဲ့ ရှင်းသန့် တည်ငြိမ်နေသော မျက်နှာကို ငေးလျက် အားငယ်စိုးရွံ့မှုများဖြင့် ကျွန်မ မျှော်ကိုးခွင့်ကို ပေးဆပ်၏။ နွေးထွေး အေးခဲနေသည့် ရင်ခုန်သံကို ယုံကြည်မှု မျှော်ကိုးခွင့်တွေ အဖန်ဖန် ဖြည့်သိပ်လျက် မယုံမရဲနှင့် ကျွန်မ၏မျှော်ကိုးခွင့်ကို မျှော်ကိုး…

*ပင်စည်တစ်ခု*
*အရိပ်မျှော်လင့် ဝေးမလား*
*စိုးရွံ့ငယ်စိတ် တထိတ်ထိတ်ဖြင့်*
*ဖူးရစ်နွယ်သစ် ကြိုးကျစ်ချင်မိ။*

""အစ်မ ဒီနေ့လာတာစောတယ်""၊ ""ဒီနေ့ နောက်ကျတယ်နော်""၊ ""ဒီနေ့ ခဏလေးထိုင်တယ်""၊ ""စာအုပ်တွေ အများကြီးပဲနော်""၊ ""အစ်မ စာအုပ်ကူသယ်ပေးရမလား"" စားပွဲထိုးကောင်လေးတွေနှင့် သဟဇာတ ဖြစ်အောင်ပြောရင်း၊ ထိုင်ရင်းဖြင့် သိက္ခာရှိရှိ ကျွန်မ မျှော်ကိုးခွင့်ကို တည်ငြိမ်စွာ ထိန်းထားနိုင်သည်ကိုတော့ ကျေနပ်မိသည်။ ကျွန်မ၏ မျှော်ကိုးခွင့်တွေကရော မရေရာလှသည့် သချာပုဒ်စာ၏ အဖြေတစ်ခုနှယ် မတိကျနိုင်သေး။ သို့ပေမယ့် အသွားအပြန်ဆိုသည့် စကားလုံး၏ အတိမ်အနက်က အစိပ္ပာယ်မဲ့ ပေါ်ထွက်လာခြင်း မဟုတ်သည်ကိုငုံခွဲ ယုံကြည်လျက် မျှော်ကိုး၊ မျှော်ကိုးခွင့်အတွက် အဖြေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုများလားတော့ မသိနိုင်သေးပါ။ မျှော်ကိုးခွင့်များနှင့် ကျွန်မ····။

ရှင်းသန့်ကြည်လင်နေသည့် ကောင်းကင်ပြာညိုမှိုင်းကို တမေ့တမော ငေးလျက် ခပ်တိုးတိုး ဖွင့်ထားသော သံစဉ်တေးသွားနှင့် သူ့ရှိရာအရပ်ကို မှန်းဆ၍ မျက်နှာမူကာ အသက်ဖွဖွ ရှူသွင်းနေမိသည်။ မျှော်ကိုးခွင့်နှင့် လရိပ်ကိုလည်း ဖမ်းဆုပ်မိ။

အတိအကျ မပြောနိုင်သေးသည့် ကျွန်မ၏ မျှော်ကိုးခွင့်က ဘယ်တော့များမှလဲလည်း မခန့်မှန်းနိုင်။ သို့သော်လည်း လင်းလဲ့တောက်ပနေသော ကြယ်ပွင့်များနှယ် စူးရဲရဲ မျက်ဝန်းနက်ညိုညိုလေး၏ အကြည့်တစ်ချက်မှာ ပြာယာခတ်သွားသည့် နှလုံးခုန်သံကတော့ သိနိုင်ကောင်းပါ၏။ မျှော်ကိုးခွင့်တွေကို မျှော်လင့်လျက်နှင့် အိပ်မက်များကို ဖြတ်ကျော်ကာ သူတည်ရာအရပ်ကို တစ်ရေးနိုးညတိုင်းမှာ ဖက်ပွေ့။

မယုံမရဲများစွာဖြင့် ပြည့်လျှံလေသော မျှော်ကိုးခွင့် ယုံကြည်ချက်ကိုဘဲ သံသယတွေနဲ့မျှော်ကိုးနေချင်သလို။ ယုံကြည်မျှော်ကိုးခွင့်တွေကပဲ သံသယများစွာကို ချေဖျက်တိုက်ထုတ်ပေးနေပြန်သော ကျွန်မ၏မျှော်ကိုးခွင့် အရိပ်လေးက တစ်ရံတစ်ချီလည်း ပြုံလုပြုံခင်။

*မျှော်တွေးဖမ်းဆုပ်*
*တိမ်တစ်အုပ်နှင့်*
*လှိုင်းခတ်လှုပ်ရှား အရိပ်ပွား*
*ငုံလင့်ခေါ်ချင် ဖူးငုံရှင်ကို။*

□

ရာသီဥတုက ရီဝေအုံ့မှိုင်းနေပေမယ့် နေရောင်ခြည်နွေးနွေးလေးတစ်ခုက လှသွေးကြွယ်စ မိန်းမပျိုလေးဟန်အတိုင်း မြူးကြွကြွ ရွှင်ပျပျလေး ဖြာဆင်း၏။

သဘာဝတရားကြီးကတော့ သားသည်မိခင်လို အတော်အသင့်ရင့်ကျက် ဟန်ဆောင်ထားသည်ကို တွေ့ရသောအချိန်လေးမှာ လက်ဖက်ရည်ဆိုင်သို့ ထုံးစံအတိုင်းရောက်ဖြစ်ပြန်၏။ ယခင့်ယခင်နေ့တွေက အတိုင်း ဆိုင်လေးက နူးညံ့ဆိတ်ငြိမ်မှုတွေအပြည့်။ ကျွန်မမျှော်ကိုးခွင့်လေးကလည်း ဝတ္တရားမပျက်ကောင်တာမှာထိုင်လျက်။ သူ့မျက်လုံးတွေအရည်လဲ့တောက်ပစွာဖြင့် နုတ်ခမ်း မှာ ခိုတွယ်လေသော အပြုံးလျလျလေးတစ်ပွင့်က ကျွန်မအတွက် အဆင်သင့် ခြွေထားသည့်နှယ်။

ရာသီအလှကို ဖြည့်ကူအားပေးနေသောကျွန်မ၏မျှော်ကိုးခွင့်၊ သဘာဝတရား၏ သက်ရောက်မှုအပေါ် ဖြည့်ယူပြုစွမ်းလေသည့် ကျွန်မ၏ မျှော်ကိုးခွင့်၊ သွေးကြောတစ်လျှောက် ကျွန်မ၏အသက်ရှူနှင့်ကို ပင့်တင်မျှော်လင့်ထားသည့် မျှော်ကိုးခွင့်။



www.burmeseclassic.com

www.burmeseclassic.com

နှုးညံ့သပ်ရပ်လှပစွာ တည်ဆောက်နေသော ကျွန်မ၏ မျှော်ကိုးခွင့်လေးကို ပိုင်ဆိုင်ရရှိရန် အပြုံး တစ်ချက် ခေါင်းတစ်ငဲ့ ရီဝေဝေစူးရှရှ မျက်နက်ဝန်း လေးများဖြင့် ဣန္ဒြေရှိရှိ သိရှိနိုင်ရန် လက်ဖက်ရည် တစ်ခွက်၊ စာအုပ်တစ်အုပ်နှင့် ရေးချင်ဖတ်ချင်ဟန် ပြုရင်း မျှော်ကိုးခွင့်လေး၏ ဘယ်ဘက်ရင်အုံတည့် တည့်ကို ချိန်ပြီး ကျွန်မ၏မျှော်ကိုးခွင့်များကိုပေးပို့ ယူဆောင်ပိုင်ဆိုင်နိုင်ရန် ဖြူစင်အေးချမ်းစွာ လုပ်ဆောင် နေစဉ်အတွင်းမှာ ကျွန်မမျှော်ကိုးခွင့်တွေက တစ်ခါ တလေ လှပစွာ ဆန်းသစ်ကြည်မွေ့လှ၏။

ဟိုယခင်ရက်များထက် အချိန်ကြာမြင့်စွာထိုင် ပြီး တရစ်ရစ်တက်လာသော ရင်ခုန်သံအကြည့်များနှင့် မျှော်ကိုးခွင့်လေးကို ယုံကြည်ရဲရဲဖြင့် တစ်ချက် စိုက် ကြည့်ပြီး ဒီနေ့တစ်နေ့တာအတွက် နှုတ်ဆက်လိုက်ပြီ။

ရင်းနှီးခင်မင်ဟန် အပြည့်နှင့် စားပွဲထိုးကောင် လေး ကျွန်မစားပွဲနားလာရပ်၏။ လက်ဖက်ရည် ပန်း ကန်တွေ သိမ်းဆည်းရင်း…

'အစ်မ ဒီနေ့အစ်မသောက်တဲ့လက်ဖက်ရည် ဖိုးမယူဘူးနော် အစ်မ'

'မင်း ထီပေါက်လို့လား'ဟု ပြန်နောက်လိုက် ပြီး ပိုက်ဆံထုတ်ပေးသည်ကို ကောင်လေး လှမ်းမယူ ဘဲ အပြုံးစစမျက်နှာပေးဖြင့်

'တကယ်ပြောတာအစ်မရဲ့ ကျွန်တော်တို့အကို

■

ခုံပု
လေးတွေထက်
အကြွမ်းပန်းကန်
နှုတ်ခမ်းပဲ့အကာရာထင်
ညစ်ထေးထေးတွေကပဲ
ရိုးစင်းမှုအပြည့် ရှိလေသည်ဟု
ကိုယ်တိုင်
ယုံကြည်ထားသည့်
နေရာတစ်ခုလည်းဖြစ်သည်။

■



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပွဲအကြိုအဖြစ် ရင်းနှီးသူတွေကို လက်ဖက်ရည် ကြိုတိုက်တာ၊ မယုံရင်မေးကြည့်'ဟု ရယ်ဟာဟာဖြင့် ဆို၏။

ဘယ်လိုမှ မျှော်လင့်မထားသည့် စကားတစ်ခွန်း 'မင်္ဂလာပွဲ အကြိုအတွက်တဲ့'။ မျက်ဝန်းတစ်ခုလုံးသို့ မှိုင်းဝေစွာ တက်လာပြီး နှလုံးသားထဲကတွန်းကန်အားတစ်ခုက တစ်ကိုယ်လုံးကို ယိမ်းယိုင်ပြိုလဲလုမတတ်ပင်။ မျှော်ကိုးခွင့်လေးကို ကျွန်မ မျက်လုံးပင့်အကြည့်မှာ ကောင်လေးပြောသည်မှာ ဟုတ်မှန်ကြောင်းကို ခေါင်းတစ်ချက်ငဲ့ မျက်ဝန်းတစ်ချက်ဖြင့် ဖြေပြ၏။

ကျွန်မ၏ မျှော်ကိုးခွင့်တွေ တစ်ပိုင်းတစ်စစီ လွင့်ကျဲကွယ်ပျောက် သွားလေပြီ။ မျှော်ကိုးခွင့်တွေ ချောက်နက်ကမ်းပါး၏ အမှောင်ထုအတွင်းဆုံးထိ ပြုတ်ကျခဲ့ပြီ။ သွေးမျှင်ကြောတစ်လျှောက် လူးလာခတ် ဆော့ကစားလေသော မျှော်ကိုးခွင့်၊ မျှော်လင့်ပိုင်ခွင့်တွေ ဟိုဝေးဝေးကို တစ်မဟုတ်ချင်း ပြေးထွက်သွားသလို ခံစားလာရ၏။ ရင်ပြင် တစ်ခွင်လုံးလစ်ဟာမောနွမ်းကျလေပြီ။

လှုပ်ရှားယိမ်းထိုးယိုင်နဲ့နေသည့် နှလုံးသား ငယ်တစ်စုံကို အတော်အသင့် တည်ငြိမ်အောင်ထိန်းရင်း ဟန်မပျက် ထိုင်ရာမှထလိုက်ပြီ။ နာကျင်တုန်လှိုက်မောနေသော မျှော်ကိုးခွင့်မဲ့နှလုံးသားဖြင့် သူ့ထံအကြည့်တစ်ချက်ကြည့်ပြီး ကျွန်မ၏မျှော်ကိုးခွင့်များစွာကို ပြန်လည်ရုပ်သိမ်း ချုပ်ကိုင်လိုက်သည်။

ခက်ခဲပင်ပန်းစွာ မျှော်ကိုးခွင့်တွေကို ဖြေသိမ့်…နှလုံးသား နုနုငယ်ငယ်ကို စည်းဘောင်ကျင့်ဝတ်သိက္ခာတွေဖြင့် ဘောင်ခတ်သော့ပိတ်လျက် ကျွန်မ၏ မျှော်ကိုးခွင့်တွေကို တိတ်တဆိတ်ပြန်လည်သိမ်းဆည်း မြှုပ်နှံရပြီ၊ ထိုသို့ ပြန်လည် ဆုတ်ခွာနေချိန်လေးအတွင်းမှာ ကျွန်မ၏"မျှော်ကိုးခွင့်"ဆိုသည့် လက်ဖက်ရည်ဆိုင်လေးအတွင်းက ထိုင်ခုံမှာပဲ အချိန်အတိုင်းအတာတစ်ခုအထိ စာအုပ်တစ်အုပ်၊ လက်ဖက်ရည်တစ်ခွက်ဖြင့် ထိုင်ရဦးမည်။ ဒါမှလည်း ကျွန်မ၏ မျှော်ကိုးခွင့်များ သူ့တစ်ပါးနှုတ်ခမ်းဖျားမှာ ဟာသတစ်ပုဒ် သတင်းအတင်း တစ်ခုဆိုစရာ မဖြစ်အောင် မျှော်ကိုးခွင့်အသစ်တစ်ရပ်ကို ပြုကျင့် ဆောင်ရွက်နေရဦးမည်။

မိန်းမသားတစ်ယောက်၏ သိက္ခာအတွက် ထိုဆိုင်လေးအတွင်းမှာ လအတော်ကြာသည်အထိထိုင်ရလေဦးမည်။ ထိုသို့ထိုင်နေစဉ်အတွင်းမှာတော့ ကျွန်မ၏ မျှော်ကိုးခွင့် အသစ်တစ်ခုအတွက် ဖြူစင်သန့်ရှင်းစွာဖြင့် ကိုယ့်ကိုယ်ကိုယ် အကာအကွယ်ပေးနေမည့် မျှော်ကိုးခွင့်တစ်ခုသာ ဖြစ်နေမှာတော့ ယုံမှားသံသယဖြစ်စရာ မလိုတော့ပါ။


လွှဲဝင်းကြည်(ချို)



www.burmeseclassic.com

www.burmeseclassic.com

# အပြာရောင်တောင်တန်းများသို့ လှမ်းခြင်း



www.burmeseclassic.com

www.burmeseclassic.com

(၁)

စူလိုင်လရဲ့ ဒုတိယပတ်အကျော်မှာ ရာသီဥတုဟာ တဖြည်းဖြည်းနွေးစပြုလာခဲ့တယ်။ လေအေးအေးတွေမတိုက်တော့သလို နေရောင်ခြည် တွေလည်းပိုနွေးလာခဲ့တယ်၊ မှန်ပြတင်းကနေတစ်ဆင့် လှမ်းမြင်ရတဲ့ မြက်ခင်း စိမ်းစိမ်းတွေနှင့် ဟိုဝေးဝေးနားကသစ်တောမှိုင်းမှိုင်းတွေ၊ တစ်စုံတစ်ဦးရဲ့ ချစ်မြတ်နိုးခြင်းကို ကာလအတန်ကြာခံခဲ့ရတဲ့ အနက်ရောင် နှင်းဆီပန်းပင်တွေ၊ ပြီးတော့ ဒီတောင်ကုန်းအမြင့်လေးပေါ်မှာ တည်ရှိနေတဲ့ မှန်ပြတင်းပေါက်တွေပတ်ပတ်လည်ရှိတဲ့ Cottage အိမ်ကလေး၊ မြက်ခင်းပြင်နဲ့ တောအုပ်ကလေးကို လှမ်းမြင်ရတဲ့ ပြူတင်းပေါက်နောက်ကွယ်မှာရှိနေတဲ့ ထိုင်ခုံနှစ်လုံးနဲ့စားပွဲငယ် တစ်လုံး…၊ အရာရာဟာ ဝေဝေဝါးဝါးနဲ့ ပျောက်ကွယ် သွားရတော့မှာလား၊ တကယ်တော့ ဒါတွေအားလုံးအိပ်မက်မဟုတ်ခဲ့တာ မင်းလည်း အသိ…ကိုယ်လည်းအသိပါမြတ်မင်းရော…။

ပူနွေးတဲ့ ညချမ်းကာလတွေမှာ Cottage အိမ်လေးရဲ့ အိမ်အပြင်မှာထွက်ပြီး ကြယ်တွေကို ညဉ့်နက်တဲ့အထိ ကိုယ်တို့ ကြည့်ခဲ့ဖူးကြပါတယ် ရော…။ ကုန်းအမြင့်ပေါ်ကနေ ကောင်းကင်ကကြယ်တွေကို Telescope တစ်ခုနဲ့ ကြည့်ရတာကို နှစ်သက် သဘောကျတဲ့ မင်းရဲ့အကျင့်တွေလည်း ကိုယ့်ကို ကူးခဲ့ပြီ…။ ကော်ဖီနှစ်ခွက်၊ Telescope နဲ့၊ Cottage အိမ်လေးထဲက ရှင်မင်းခဆိုတဲ့မိန်းကလေးတစ်ယောက်ကို ဘယ်လိုများနေမလဲဆိုတာ မင်းနည်းနည်းလေးမှ တွေးတောမကြည့်မိဘူးလား ရော။ ညဉ့်နက်သန်းခေါင်ထိ ကြယ်တွေကြည့်ရင်းကော်ဖီသောက်ရင်းJazz ဂီတအကြောင်းပြောရင်း ကားမပါတဲ့ညတွေမှာ ကိုယ့်ရဲ့ ပေါင်းနွမ်းစပြုနေတဲ့ ဆိုင်ကယ်လေးနဲ့ မင်းနေတဲ့ လမ်းထိပ်အထိ လိုက်ပို့ခဲ့တာတွေ၊ မင်းမေ့လျော့သွားလိမ့်မယ်လို့ မထင်ပါဘူး ရော။ ဒါပေမယ့် ရက်စက်တတ်တဲ့ ဒီနေ့ရက်တွေမှာတော့ မင်းရှိမနေတော့ဘူး။နေ့ရက်တွေကရက်စက်တာလား။ မင်းကရက်စက်တာလားဆိုတာ ဝေခွဲလို့ မရခဲ့ပါဘူး ရော။ ဘာပဲဖြစ်ဖြစ်မင်းရဲ့စိတ်ကိုမဖတ်တတ်ခဲ့တာကတော့ ကိုယ်ကညံ့ခဲ့လို့ နေမှာပေါ့…။

(၂)

အချိန်အခါမဟုတ် ရွာချလာတဲ့ မိုးနေ့တစ်နေ့ဟာ ကိုယ့်ဘဝရဲ့ အမှတ်တရ နေ့တစ်နေ့ပေါ့…။ မိန်းကလေးဖြစ်ပြီး ဘယ်သောအခါမှ ထီးယူ ထီးဆောင်းလေ့မရှိတဲ့ ကိုယ်ဟာ ရုတ်တရက်များ မိုးရွာချလာပြီဟဲ့ဆိုရင် ဟိုနေရာ ဝင်ခိုရ ဒီနေရာဝင်ခိုရနဲ့ အင်မတန် အလုပ်ရှုပ်ခဲ့တယ်။ သည်းသည်းမည်းမည်း ရွာချလာတဲ့ မိုးစက်တွေကို ကျိန်ဆဲရင်း အရောင်ရောင်

www.burmeseclassic.com



လို့ အမည်ရတဲ့ ကော်ဖီဆိုင် လေးထဲကို ပြေးဝင်မိခဲ့တယ်။ ကိုယ်ရေစိုတာ အရေးမကြီးပေမယ့် ကိုယ်ဆွဲထားတဲ့ ပန်းချီကားနှစ်ချပ်မိုးရေမစိုဖို့ ကိုယ်ပိုပြီး ဂရုစိုက်ရတယ်၊ ဒီပန်းချီကားနှစ်ချပ်ကို ဒီနေ့ အရောင်းပြခန်းကို ပို့ရမှာ…၊ မန်နေဂျာ ကိုညြ ရဲ့

"ကောင်မလေး…နင် ပန်းချီကားတွေကို ကာလနဂါး တစ်ခါနိုးမှ တစ်ကားများဆွဲသလား…" ဆိုတဲ့ ခပ်ရွဲ့ရွဲ့ မေးခွန်းအသံကို ကြားယောင်ရင်းပြုံးမိရသေးတယ်…မှန်တံခါးကို တွန်းအဝင်မှာဘဲ တစ်ပြိုင်နက် ကိုယ့်လို ပြေးဝင်လာတဲ့ တစ်စုံတစ်ယောက်နဲ့ တိုက်မိတယ်၊ ဖြုတ်ကနဲ ပြုတ်ကျကုန်တဲ့ ပန်းချီကားနှစ်ချပ်ကို စိုးရိမ်တကြီး ကြည့်မိတော့ တော်သေးတယ်… သေသေချာချာ ထုပ်ပိုးလာမိခဲ့လို့…။ အပေါ်အကာ အနည်းငယ် ရေစိုသွားပေမယ့် ပန်းချီကားတွေကတော့ ဘာမှမဖြစ်လောက်ပါဘူးလေ…။ စိုးရိမ်တကြီး ကောက်ယူရင်း ရပ်နေတဲ့ ခြေထောက်တစ်စုံကို သတိထားလိုက်မိတယ်။ သန့်ရှင်းစင်ကြယ်ပြီး ချေးညော်ကင်းစင်နေတဲ့ ခြေထောက်တွေဟာ ရေအစိုဓာတ်ကြောင့် စိုလက်တောက်ပနေလေရဲ့…။ ခြေထောက်ပိုင်ရှင်ကို ဖြည်းညင်းစွာ မော့ကြည့်မိတော့ အားတုံ့အားနာ မျက်ဝန်းများနဲ့ ငုံ့ကြည့်နေတဲ့အမျိုးသား တစ်ယောက်…။

"ဘာများ ဖြစ်သွားသေးလဲ ခင်ဗျာ…" ဆိုတဲ့ အသံချိုသြသြမှာ ရုတ်တရက် နစ်ဝင်ပြီး ပြန်ပြောဖို့ စကားရှာမရခဲ့ဘူး…။ ခဏကြာမှ

"ရပါတယ်‥ဘာမှ မဖြစ်ပါဘူး…ကာဗာလေးနည်းနည်း စိုသွားရုံပါ"

ပန်းချီကားတွေကို ကောက်ယူပြီး ကော်ဖီဆိုင်လေးရဲ့ အရောင်းကောင်တာဆီကို လျှောက်လာခဲ့တယ်…။ ကောင်တာက ကောင်လေးကို

"ကိုယ့်ကို နက်စ်ဘလက်ခ်တစ်ခွက်နဲ့ Tuna Sandwich တစ်ပွဲ ပေးပါ…"

ကိုယ့်ရဲ့အပြောကို ကောင်လေးက

"အစ်မ… နက်စ်ဘလက်ခ် မရဘူး ခင်ဗျ… ဒီစာရင်းထဲက အတိုင်းပဲ ရပါတယ်…" ဆိုပြီး Menu စာအုပ်လေး ထုတ်ပေးတယ်…။ ကောင်လေး ပေးလာတဲ့ Menu စာအုပ်ကို ကြည့်ပြီး ဘာမှာရရင်ကောင်းမလဲ စဉ်းစားနေတုန်း

"ခင်ဗျား Mocha coffee လေး သောက်သင့်တယ်ဗျ…"

အသံကြားလို့ စောင်းငဲ့ကြည့်လိုက်တော့ ခုနက ဝင်တိုက်မိတဲ့သူ…ပြုံးပြ ခေါင်းညိတ်ရင်း

"သြော်…ဟုတ်ကဲ့…"

"ညီရေ…Mocha နှစ်ခွက်နဲ့ Tuna Sandwich တစ်ပွဲပေးပါကွာ…ပြီးတော့ carrot cake တစ်ပွဲပေးကွာ…"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းမှာပဲ ကိုယ့်ဘက်လှည့်ပြီး ပြောလာခဲ့တယ်…၊

"စိတ်မဆိုးဘူးဆိုရင် ခင်ဗျားအတွက် ကျွန်တော်ပေးလိုက်မယ်ဗျ… မိတ်ဖြစ်ခွေဖြစ်ပေါ့ဗျာ…နော…"

အဲဒီနေ့က ကိုယ်မြတ်မင်းရောဆိုတဲ့ မိတ်ဆွေတစ်ယောက်ကို မိုးရေထဲမှာ ကောက်ရခဲ့တယ်…

ဒီလိုနဲ့ ကိုယ့်ရဲ့ နေ့ရက်တွေထဲကို မင်းတိတ်တဆိတ် ချဉ်းနင်းဝင်ရောက် လာခဲ့တာပေါ့…ရော…၊

(၃)

ကော်ဖီယဉ်ကျေးမှုကို ကိုယ့်ဆီ သိမ်မွေ့ညင်သာစွာ သယ်ယူလာခဲ့ သူကတော့ မင်းပဲရော…၊ အရင်က နက်စ်ဘလက်ခ် coffee mix တွေကလွဲရင် တခြား ဘာမှ မသောက်ဖြစ်ခဲ့၊ မသောက်တတ်ခဲ့တဲ့ ကိုယ်ဟာ မင်းနဲ့ ခင်မင်ရင်းနှီးပြီးတဲ့ နောက်ပိုင်း Mocha ဆိုတဲ့ ကော်ဖီတစ်မျိုးကို ကောင်းကောင်း ဖျော်စပ်နေတတ်ခဲ့ပြီ…၊

"ရှင်မင်းခကို ကြည့်ရတာ Mocha coffee တစ်ခွက်ကို သောက်နေရသလို…ကြည့်နေရသလိုပဲ"… လို့ မကြာခဏ ပြောတတ်တာကတော့ မြတ်မင်းရော ဆိုတဲ့ ရှင်ပဲပေါ့လေ…၊

"ဘယ်လိုဖြစ်လို့လဲ ရောရယ် နေရင်းထိုင်ရင်း…" လို့ မေးတော့

"ဟုတ်တယ် ရှင်မင်းခရဲ့…Mocha Coffee မှာ နှပ်ထားတဲ့ coffee ရယ် chocolate မှုန့်ရယ်၊ သကြားရယ်၊ နို့ရယ် ပါတယ်…၊ Mocha Coffee က ပျော့ပျောင်းနူးညံ့တဲ့ အရသာရှိတယ်ဗျ…၊ chocolate နဲ့ ရောဖျော်ထားတာမို့ သူ့ရဲ့ ပင်ကိုအခါးအရသာမှာ chocolate အရသာလေး ထပ်ပေါင်းထားတော့ ညင်သာတဲ့အနံ့နဲ့ အရသာတစ်ခုကို ပေးတယ်…၊ ပြီးတော့ အရောင်က အညိုရင့်ရောင်ရှိတယ်…၊ အပေါ်က အမြှုပ်အဖြူလေးတွေနဲ့ ဆိုရင် ရှင်မင်းခရဲ့ မျက်လုံးတွေလိုပဲဗျ…ခင်ဗျားမျက်လုံးတွေက အညိုရင့်နဲ့ အဖြူပေါင်းထားသလိုမျိုးလေ…ပြီးတော့ Mocha Coffee ရဲ့ ညှို့သက်တဲ့ အရသာက ခင်ဗျားလှုပ်ရှားမှုတွေလိုပဲ…စိတ်မဆိုးနဲ့ဗျာ…ကျွန်တော့်စိတ်ထဲ ဖြစ်လာတာကို ပြောပြတာပါ…"လို့လည်း ပြောတတ်သေးတယ်…၊

ဒီလိုနဲ့ ကိုယ့်ရဲ့ ပန်းချီအရောင်းပြခန်းကို မင်း မကြာခဏ ရောက်လာ တတ်သလို မင်းရှိတဲ့ မင်းရဲ့ Souvenir ဆိုင်လေးကိုလည်း တစ်ခါတစ်ရံမှာ ကိုယ်ရောက်လာတတ်တယ်၊ အရောင်တွေအကြောင်း၊ အလင်းအမှောင်အကြောင်း၊ အနီးအဝေးအကြောင်း အရောင်ခွဲခြင်းတွေအကြောင်း မင်းကို ကိုယ်ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



တော့ စိတ်ဝင်တစားနားထောင်နေတာကို တွေ့ရတော့ ကိုယ်အံ့ဩမိတယ်...။ တော်ရုံလူ စိတ်မဝင်စားတဲ့အကြောင်းတွေကို မင်းစိတ်ဝင်စားလို့ပေါ့ ရော...။ မင်းရဲ့ ကော်ဖီအမျိုးမျိုးအကြောင်းနဲ့ ကော်ဖီတွေရဲ့ သမိုင်းကြောင်းတွေကိုလည်း မင်းပြောပြလို့ ကိုယ်နားရည်ဝခဲ့ပြီ...။ ကော်ဖီဆိုင်တစ်ဆိုင် ဖွင့်ချင်တဲ့မင်းဟာ ဘာဖြစ်လို့များ အမှတ်တရလက်ဆောင်တွေရောင်းတဲ့ Souvenir ဆိုင်ကလေးကို ဖွင့်ဖြစ်ခဲ့သလဲဆိုတာကိုတော့ ကိုယ်မစဉ်းစားတတ်ခဲ့ဘူး။

"ရော...ရှင် ကော်ဖီဆိုင်လေးတစ်ဆိုင် ဖွင့်သင့်တယ်..."လို့ ပြောတော့ ခေါင်းမော့ပြုံးနေတဲ့ မင်းမျက်နှာကို ကိုယ်မဖတ်တတ်တာ အမှန်ပါပဲ ရော...။

တစ်ခါတစ်ရံမှာ

"ခင်ဗျား ပုံတူမဆွဲဘူးလား ရှင်မင်းခ... ခင်ဗျားတကယ်ဆွဲမယ်ဆိုရင် အလုပ်အပ်ချင်သူတွေ တကယ်ရှိတယ်ဗျ..."လို့လည်း စကားမစပ် ပြောတတ်သေးတယ်။

"ကိုယ် ပုံတူဆွဲတာ သိပ်အားမသန်ဘူး ရော..."လို့ ပြန်ပြောတော့ တိတ်တဆိတ် ပန်းချီကတ်တလောက်တွေကို လှန်ကြည့်နေခဲ့တယ်။ ဒီလိုနဲ့ မင်းလည်း ပန်းချီအရောင်းပြခန်းက မန်နေဂျာ ကိုဩနဲ့ တော်တော်ကလေး ရင်းနှီးလာခဲ့တယ်။

(၄)

တစ်ရက်သော ဇူလိုင်လရဲ့ နောက်ဆုံးအပတ်မှာ မင်းကိုယ်ရှိရာ ပန်းချီအရောင်းပြခန်းလေးကို ရောက်နေတုန်း ကိုယ့်ရဲ့ ဆိုင်ကယ်ကလေးဟာ ဘယ်လိုမှ စက်နှိုးမရအောင် ဖြစ်ခဲ့တယ်...။ ဆိုင်ကယ်ပြင်တဲ့ဆိုင်ကို ဖုန်းဆက်ပြီး လာယူခိုင်းတော့ မင်းက..

"အိမ်ကိုဘယ်လိုပြန်မှာလဲ ရှင်မင်းခ..."လို့ ညင်သာစွာ မေးလာခဲ့တယ်

"အငှားကား စီစဉ်ရမှာပေါ့ ရော.... ဘာဖြစ်လို့လဲ..."

"မငှားနဲ့လေ...ကျွန်တော်လိုက်ပို့ပေးမယ်..."

ဒီလိုနဲ့ တောင်ကုန်းပေါ်မှာရှိနေတဲ့ ကိုယ့်ရဲ့ Cottage အိမ်ကလေးကိုပထမဆုံးအနေနဲ့ မင်းရောက်

ရှိခဲ့တာပေါ့ ရော...။

"ခင်ဗျားအိမ်လေးက တော်တော်နှစ်သက်စရာကောင်းတာပဲ ရှင်မင်းခ...ကျွန်တော်လာလည်လို့ရမလား...ညနေပိုင်း ခင်ဗျားရှိတဲ့ အချိန်တွေ..." လို့ မေးလာတဲ့ မင်းရဲ့မေးခွန်းကို

"ရတာပေါ့ရော...ကိုယ်တို့က မိတ်ဆွေတွေပဲ...ကိုယ်မင်းကို ကော်ဖီ ဖျော်တိုက်ပါ့မယ်..."လို့

www.burmeseclassic.com



ပြန်ဖြေခဲ့တယ်။

"ကျွန်တော်မလာခင် ဖုန်းအရင်ဆက်ပါ မယ်…ရှင်မင်းခ မရှိနေမှာ စိုးလို့…"

တကယ်လက်တွေ့မှာတော့ ကော်ဖီဖျော်တိုက်ခဲ့တာက မင်းပဲပေါ့ ရော…၊ Mocha coffee ဖျော်ပုံဖျော်နည်းနဲ့ ပါဝင်ပစ္စည်းတွေကို အချိုးကျ ထည့်တတ်အောင်လည်း မင်းပဲသင်ပေးခဲ့တာပေါ့။

နွေးထွေးသာယာတဲ့ ညနေချမ်းတစ်ခုမှာ မင်းကိုယ့်အိမ်လေးကို ရောက်လာခဲ့တယ်…၊ ညနေစာကို ကိုယ်ချက်ထားတဲ့ ကြက်ဥဟင်းနဲ့ အတူတူစားခဲ့ကြတယ်‥ရော။ ကိုယ့်ဘဝရဲ့ သက်တမ်း ၂၆ နှစ်တာကာလမှာ ဒါဟာ ပထမဆုံး ကိုယ့်အိမ်မှာ အမျိုးသားတစ်ယောက်နဲ့ ညနေစာအတူတူ စားဖူးခြင်းဖြစ်တယ်ဆိုရင် မင်း ရယ်မောနေမှာလား…။ ညချမ်းကာလရဲ့ ကောင်းကင်က မြင်စပြုနေပြီဖြစ်တဲ့ ကြယ်တွေကို မင်းဖျော်တိုက်တဲ့ ကော်ဖီ အတူတူသောက်ပြီး ကြည့်ခဲ့ကြတယ်…။ တကယ်ပါ ရော…၊ အဲဒီညဟာ အင်မတန်လှပတဲ့ ညတစ်ညဖြစ်နေခဲ့လေရဲ့…။ နက်ပြာမှောင်မှောင် ကောင်းကင်ရယ်…၊ လမင်းဝါဝါရယ်‥၊ အရောင်မှိန်မှိန်တွေနဲ့ တဖျပ်ဖျပ်လက်နေတဲ့ ကြယ်လေးတွေရယ်…၊ ထို့အတူပဲမင်းရဲ့မျက်လုံးတွေ တဖျပ်ဖျပ်လက်နေတာကိုလည်း ကိုယ်မြင်တွေ့ခဲ့ရတယ်…။ ကိုယ်အတွက်တော့ အလှပဆုံး ကြယ်နှစ်ပွင့်ပါပဲ ရော…၊ ညက တဖြည်းဖြည်းရင့်လာတော့ ကိုယ့်ကို နှုတ်ဆက်ပြီး မင်းပြန်သွားလေရဲ့…။

"အိပ်စက်ခြင်းစစ်စစ်ကို ရရှိနိုင်ပါစေ ရှင်မင်းခ…"တဲ့လား…။

ကိုယ်နှစ်နှစ်ချိုက်ချိုက် အိပ်ပျော်ခဲ့ပါတယ် ရော…။ ပြီးတော့ ကြယ်တွေထဲက အတောက်ပဆုံး ကြယ်နှစ်ပွင့်ကိုလည်း အိပ်မက်မြင်မက်ခဲ့သေးလေရဲ့…၊ တကယ်ပါ မြတ်မင်းရော။ မင်းဟာ ကိုယ့်ဘဝထဲကို မဖိတ်ခေါ်ဘဲ ရောက်လာခဲ့တဲ့သူပါ…။ တဖြည်းဖြည်းနဲ့ နေရာယူမှန်းမသိ ယူလာတာကို မရိပ်မိမသိရှိတာကတော့ ကိုယ့်ရဲ့ ထုံအ,မှုပေါ့…။

(၅)

"ရှင်မင်းခရေ ကျွန်တော် Telescope တစ်ခု ဒီညနေ ယူခဲ့မယ်ဗျ…၊ ညကျရင် ကျွန်တော်တို့ ကြယ်တွေကို သေချာကြည့်လို့ရပြီ…"လို့ ဖုန်းဆက်လာတော့ ပျော်ရွှင်စွာပဲ ညနေစာအတွက် ကိုယ်ပြင်ဆင်ထားခဲ့တယ်။

ညနေစောင်းပိုင်းရောက်တော့ မင်းစီးနေကျ ဖက်ဖူးစိမ်းရောင် Coupe ကားကလေးနဲ့ မင်းရောက်လာခဲ့တယ်။ စိတ်လှုပ်ရှားမှုတွေနဲ့ တောက်ပနေတဲ့ မင်းမျက်လုံးတွေလောက် ကြယ်တွေက လှနိုင်ဦးမှာလားရော…၊ ရိုးရှင်းလှတဲ့ကိုယ့်ရဲ့ညနေစာကို နှစ်



www.burmeseclassic.com

www.burmeseclassic.com

သက်စွာစားပြီး ကိုယ့်ကို ကော်ဖီဖျော်စေသူက မင်းပေါ့။

“ရှင်မင်းခ ကော်ဖီဖျော်ဗျာ…ခြေသည်က အိမ်ရှင်ကို ကော်ဖီဖျော်တိုက်ရတယ်ဆိုတာ ကြားလို့မကောင်းဘူးဗျ…”ဆိုပြီး ညစ်ကျယ်ကျယ် ရယ်သံနဲ့ တဟိဟိရယ်နေလေရဲ့… ကိုယ်ဖျော်တိုက်တဲ့ Mocha ကို အနည်းငယ် သောက်အပြီးမှာတော့ တအံ့တသြနဲ့ ကိုယ့်ကို ကြည့်လာခဲ့တယ်။

အရမ်းကောင်းတယ် ရှင်မင်းခ…ဆောရီးဗျာ…ကျွန်တော် အဲဒီလောက် ထင်မထားမိတာ… ခင်ဗျား နေ့တိုင်း ဖျော်သောက်နေပုံပဲ…”ဆိုတဲ့ မင်းရဲ့ အပြောကို ကိုယ်ဘာမှမပြောဘဲ ပြုံးနေခဲ့တယ်… မင်းကတော့ သဘောတကျနဲ့ ခေါင်းတညိတ်ညိတ်နဲ့လေ…။

ကော်ဖီခွက်လေးကိုယူပြီး Telescope ဆင်ထားတဲ့ အုတ်အလှတွေ စီခင်းထားတဲ့ထမင်းစားခန်းရဲ့ဘေး အပြင်ဘက်ကို ထွက်လာခဲ့တယ်…။ နဂါးငွေ့တန်းတွေ…ကြယ်အစုတွေ…ဘာဆိုဘာမှ ကိုယ်မသိပါဘူးရော…။ မင်းပြောတာကို နားထောင်ရင်း မြင်နေရတဲ့ လှပတဲ့ညရဲ့ ကောင်းကင်နဲ့ ကြယ်တွေကို ကြည့်နေရတာကို ကိုယ်ကြည်နူးတာပါ..။ ကော်ဖီကို အေးဆေးစွာသောက်ပြီး အဲဒီညက မင်းပြောတဲ့ အကြောင်းအရာက ညကိုယ် ဘယ်တုန်းကမှ မရင်းနှီးဖူးတဲ့ Jazz ဂီတအကြောင်းပေါ့…။ ဂီတနဲ့ ပတ်သက်လာရင် သူငယ်တန်းအဆင့်တောင် မရှိတဲ့ ကိုယ်ဟာ မင်းပြောသမျှကို တအံ့တသြ နားထောင်တတ်တာကလွဲလို့ ဘာမှ မဆွေးနွေးနိုင်တာ စိတ်မကောင်းပါဘူး ရော။

“ရှင်မင်းခရဲ့မျက်လုံးတွေလေ…ဒီနေ့ ကျွန်တော်ပြတဲ့ ကြယ်လေးနဲ့ တူတယ်သိလား…”လို့ အိမ်အပြန်မှာ တိုးတိတ်စွာ မင်း ဘာလို့ ပြောသွားရတာလဲ ရော…။

ဘယ်လိုဖြစ်ဖြစ် ကိုယ့်ရဲ့ နေ့ရက်တွေဟာ အရင်လို အထီးကျန် ဆန်မနေတော့ဘဲ ပျော်စရာကောင်းလာတာတော့ ကိုယ်ဝန်ခံပါတယ်…။ ပန်းချီကားတွေလည်း ပိုဆွဲဖြစ်လာတယ်……

မန်နေဂျာကိုသြရဲ့

“ကောင်မလေး ပန်းချီကားတွေ အလင်းရောင်တွေပိုမြင်နေရတယ်ဟေ့..ဟားဟားဟား…” ကျီစယ်သံကို ပြုံးရင်း

“အလင်းရောင်တွေလည်း တစ်ခါတစ်လေ သုံးမှာပေါ့ ကိုသြကြီးရဲ့… ခု..အလင်း ပီရီရက် (Period)…”လို့ ပြန်စနောက်ခဲ့တယ်..ဟုတ်တာပေါ့ ရော…။ ခုတလော ကိုယ့်ရဲ့ ပန်းချီကားတွေမှာ အလင်းရောင်တွေ ပါဝင်တာ များနေတယ်…။ ကိုယ့် စိတ်ထဲမှာ ကြည်လင်နေတာလည်း ပါတာပေါ့…

www.burmeseclassic.com

www.burmeseclassic.com



ဒီအတွက် မင်းကို ကျေးဇူးတင်ပါတယ်။

မိဘတွေ ကိုယ့်အသက် ၂၀ အရွယ်မှာဆုံးပါး သွားပြီးကတည်းက မောင်နှမသားချင်းမရှိတဲ့ ကိုယ် ဟာ မိဘတွေ ထားခဲ့တဲ့ ဒီတောင်ကုန်းလေး ပေါ်က အိမ်လေးမှာတစ်ယောက်တည်းကျန်နေခဲ့တာ ၆ နှစ် ရှိခဲ့ပြီ ရော…။ ထားခဲ့တဲ့ အမွေအနှစ် အနည်းငယ် ထဲက ကိုယ်ဝါသနာပါတဲ့ ပန်းချီ အရောင်းပြခန်းလေး ဖွင့်ရင်း ကိုယ်ဝါသနာပါရာ ပန်းချီကားတွေကို ဖန်တီး ရင်း အေးငြိမ်းစွာ…၊ ပြီးတော့ အထီးကျန်စွာနေ ခဲ့တယ်…။ မင်းနဲ့ မတွေ့ခင်အချိန်အထိပေါ့..။ ကိုယ့် ဖေဖေဟာ အင်မတန်တော်တဲ့ အနုပညာ ဖန်တီးသူ တစ်ယောက်မို့ တစ်ဦးတည်းသောသမီးဖြစ်တဲ့ကိုယ့်ကို ငယ်စဉ် ကတည်းက သူမြတ်နိုးရာ ပန်းချီပညာကို လက်ထပ်သင်ကြားပေးခဲ့တယ်…။ ကိုယ်ကလည်း အဖေ့သမီးပီသစွာ ပန်းချီပညာကို ရူးသွပ်ခဲ့တာ ပေါ့…။ အရင်ကကိုယ်ဟာ ပန်းချီသာ ဆွဲတတ်ပေ မယ့် ခုတော့ Mocha ဆိုတဲ့ ကော်ဖီတစ်မျိုးကို ကောင်းကောင်းဖျော်တတ်နေသလို Jazz တေးဂီတ ဆိုတာကိုလည်း နားထောင်တတ်ခဲ့ပြီ…။ ပြီးတော့ နွေးထွေးတဲ့ည တွေမှာ ကြယ်တွေကိုလည်းကြည့်တတ် ခဲ့ပြီပေါ့…။ ဒါတွေကတော့ မင်းဆီက ကူးစက် လာတဲ့ ဝါသနာတွေပေါ့ ရော…။

(၆)

ဒီနှစ် နှိုဝင်ဘာလဟာသိသိသာသာပိုပြီး အပူ ချိန်များနေတယ်…။ သစ်ပင်ရိပ်ကိုခိုရင်း အဝေးမှာ မြင်နေရတဲ့ တောင်တန်းမှိုင်းမှိုင်းတွေကို ကင်းဗတ်စ် ပေါ်တင်ဖို့ ကြိုးစားနေတုန်း မင်းဆီက ခေါ်လာတဲ့ ဖုန်းအဝင်တစ်ခုကို လက်ခံရရှိတယ်။

"ရှင်မင်းခ ခင်ဗျားအိမ်မှာ ရှိနေသလား… ကျွန်တော် ခဏလောက် လာချင်လို့…ပြီးတော့.. ခင်ဗျားကို ပေးချင်တာလည်းရှိနေလို့…"ဆိုတဲ့ မင်းရဲ့ စကားသံ ချိုသြသြ နောက်ကိုမျှောပါရင်း ဘာမှန်း မသိ ပျော်ရွှင်နေခဲ့တယ်။

မကြာမီအချိန်မှာ မင်းရောက်လာပြီး ကိုယ် ရှိရာကို တန်းတန်း မတ်မတ်လျှောက်လာခဲ့တယ်…။ လက်ထဲမှာ ဘာမှလည်း ပါမလာခဲ့ဘူး…ရော။ ကိုယ့်ကို နောက်တယ်ပဲလို့ ထင်ပြီး…

"ဘယ်မလဲ ကိုယ့်ကို ပေးမယ်ဆိုတာ… ဘာမှလဲ မပါပါလား ရောရဲ့…လက်ဗလာကို ပေးမ လို့လား…"ဆိုတဲ့ ကိုယ့်အမေးကို ဘာမှပြန်မပြောဘဲ ကိုယ်လက်တစ်ဖက်ကို ဖြတ်ကနဲ လှမ်းကိုင်ပြီး သူ့ ကားရှိရာကို ဆွဲခေါ်ခဲ့တယ်…။ အိုး..သူ့ကား နောက်ခန်းထဲမှာ မြင်ရတာက အဖူးအငုံအစီအရီ ပါတဲ့ နှင်းဆီနက်အပင်တွေ…။ အံ့သြမင်တက်ပြီး ဘာမှ မပြောနိုင်ဖြစ်နေတဲ့ ကိုယ့်ကို ပခုံးကို ခပ်ဖွဖွ လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ရင်း...

"Happy Birthday...နော် ရှင်မင်းခ ခင်ဗျားအံ့ဩနေလား... ဒါခင်ဗျားမွေးနေ့အတွက် ရည်ရွယ်ပြီး ကျွန်တော်ကိုယ်တိုင် မျိုးစပ်ပြီး စိုက်ထားတာဗျ...ကြိုက်တယ်မဟုတ်လားဟင်..."မေးလာတဲ့ အမေးစကားကိုမဖြေနိုင်ဘဲဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ ကြည်နူးမြတ်နိုးခြင်းတွေ အတွက် မျက်ရည်ပေါက်ပေါက်ကျခဲ့ရတယ်... တကယ်ပါရောရယ်....၊ ကိုယ့်မွေးနေ့ကို ကိုယ်မေ့နေခဲ့တာ...၆ နှစ်ရှိခဲ့ပြီ၊ မင်းကတော့နားလည်နိုင်စွာနဲ့ မင်းရင်ခွင်မှာ ကိုယ့်မျက်ရည်တွေကို ကျခွင့်ပေးခဲ့တယ်...၊ ကိုယ့်မျက်ရည်တွေ စွန်းထင်းကုန်တဲ့ မင်းရှပ်အင်္ကျီအပြာနုလေးကို ကိုယ်အားနာစွာ ကြည့်မိတော့ တဟားဟား ရယ်ရင်း...

"ရှင်မင်းခ က ကလေးလိုပဲကွာ...တဲ့.."

အဲဒီနေ့က မင်းယူလာခဲ့တဲ့ နှင်းဆီနက်ပင် တွေကို ကိုယ်တို့ အိုး အကြီးလေးတွေထဲ ပြောင်းထည့်စိုက်ရင်း တစ်ညနေ ကုန်ဆုံးခဲ့တယ်.။

> "ရှင်မင်းသရေ..
> ကိုယ်တို့
> ကော်ဖီအသစ်
> လေးတစ်မျိုး
> သောက်ကြည့်ရအောင်..တဲ့..
> ယူလာတဲ့
> ကော်ဖီကို
> ဖော်ကြည့်တော့
> 100% JAMAICAN
> BLUE MOUNTAIN
> COFFEE တဲ့..

ညနေပိုင်း ရောက်တော့ ကိုယ်တို့ မြို့ရဲ့နာမည်ကြီးစားသောက်ဆိုင် က ကားလေးရောက်လာပြီး မင်းမှာထားတဲ့ စားသောက်ဖွယ်ရာများကို လာပို့ခဲ့တယ်...။ ဧရာရေ၊ ဒီနေ့ ကလေးဟာ ကိုယ့်ဘဝမှာ အပျော်ရဆုံးသော နေ့ကလေးတစ်နေ့ကွယ်၊ အံ့ဩစရာတွေ ယူဆောင်လာတဲ့ မင်းကို ဘယ်လိုစကားမျိုး ပြောရမှန်းမသိအောင်ဖြစ်နေတဲ့ ကိုယ့်အဖြစ်ကို ရိပ်မိသိရှိစွာနဲ့ ဘာမှမပြောစေဘဲ စားစရာတွေကိုသာ စားစေခဲ့တယ်။

အနည်းငယ် ပူနွေးနေတဲ့အိမ်ထဲမှာ ထိုင်မနေဘဲ ကြယ်တွေကြည့် ရအောင်ဆိုတဲ့ မင်းစကားအတိုင်း ကိုယ်တို့ကြယ်တွေကြည့်နေကျ နေရာလေးကိုလျှောက်

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တယ်။

"ရှင်မင်းခ ခင်ဗျားသိလား…ခင်ဗျားနာမည်ကို အပြည့်အစုံခေါ်ရတာ ကျွန်တော်သဘောကျတယ်ဗျ…ပြီးတော့ ခင်ဗျားကိုစတွေ့ကတည်းက ခင်ဗျားနဲ့ အရမ်းရင်းနှီးချင်တယ်…ခင်ဗျားကို ကျွန်တော်ပြောဖူးသလိုပေါ့… ခင်ဗျားကိုကြည့်ရတာ Mocha တစ်ခွက်သောက်နေရသလိုပဲ… စတွေ့ကတည်းက အဲဒီလို ထင်ခဲ့တာဗျ…"အဆက်အစပ်မရှိ ပြောလာတဲ့စကားကြောင့် မော့ကြည့်မိတော့ မင်းက ဟိုးဝေးဝေးက ကြယ်တွေဆီ ငေးကြည့်နေခဲ့တယ်…ပြီးတော့ရှည်လှဲ့နေတဲ့မင်းမျက်လုံးတွေ‥မင်း ဘာကိုပြောချင်တာလည်း ဧရာ…ကိုယ့်ကိုကိုယ်နားမလည်တဲ့စကားတွေနဲ့ မနှိပ်စက်ပါနဲ့လား‥လို့ ပြောချင်ပေမယ့် ကိုယ်ပြောမထွက်ခဲ့ဘူး။

အိမ်အပြန် ကားနားထိ ကိုယ်လိုက်ပို့တော့ ကိုယ့်ပခုံးကို ခပ်ဖွဖွကိုင်ရင်း….

"ရှင်မင်းခ…"

အတန်ကြာ ဘာစကားမှ မပြောဘဲ ကိုယ့်ကို ငေးကြည့်နေတဲ့မင်းကို ကိုယ်ပြန်ကြည့်နေဆဲမှာ သက်ပြင်းရှည်တစ်ခုကိုချရင်း…"ပန်းပင်လေးတွေကို ဂရုစိုက်…ဟုတ်ပြီလား…ကိုယ်ရှင်မင်းခအတွက် သေချာစိုက်ထားတာနော်…"

ကားပေါ်တက် မောင်းထွက်သွားတဲ့ မင်းကို ကိုယ် ဘယ်လိုနားလည်ရမှာလည်း ဧရာ…မင်း ဘာပြောချင်တာလဲ…မင်းမျက်ဝန်းမှာ မြင်တွေ့ရတဲ့ စကားတွေ…မင်းနှုတ်က ဘာလို့ မပြောရတာလဲ ဧရာ…ပြီးတော့ မင်းကိုယ်မင်း သုံးတဲ့နာမ်စား…၊ ဒီညကိုတော့ ကိုယ်ကြည်နူးခြင်း…ပြီးတော့ ဘာမှန်းမသိသော ကြေကွဲခြင်းနဲ့ ဖြတ်ကျော်ခဲ့ရတယ်။

(၇)

မိုးတွေ တစ်စိမ့်စိမ့်ရွာနေတဲ့ မတ်လရဲ့ ညနေလေးတစ်ခုမှာ မင်းရောက်လာခဲ့တယ်။

"ရှင်မင်းခရေ…ကိုယ်တို့ ကော်ဖီအသစ်လေးတစ်မျိုး သောက်ကြည့်ရအောင်…" တဲ့…ယူလာတဲ့ ကော်ဖီကို ဖတ်ကြည့်တော့ 100% JAMAICAN BLUE MOUNTAIN COFFEE တဲ့…ဖျော်ပုံ ဖျော်နည်းကို ပြသူကတော့ ထုံးစံအတိုင်း ဧရာပေါ့…။

"ကော်ဖီမိတ်ကာထဲကို BLUE MOUNTAIN ကော်ဖီမှုန့်ကို တစ်ဇွန်းထည့်…ပြီးရင် ရေကနှစ်ခွက်‥ဟော ရလာတဲ့ ကော်ဖီကိုအအေးခံထား…ပြီးရင် Blander ထဲကို ဗနီလာ ရေခဲမုန့် ၃ ခွက်ရယ်၊ ရေခဲရယ်၊ သကြားနည်းနည်းရယ်ထည့်…ပြီးတော့ အအေးခံထားတဲ့ ကော်ဖီကို Blander ထဲထည့်ပြီး မွှေ… ဟော ရပါပြီဗျာ…ဟောဒီမှာ အနံ့ရသာနဲ့



www.burmeseclassic.com

www.burmeseclassic.com

ပြည့်စုံတဲ့ တောင်တန်းပြာကော်ဖီ…”ရယ်မောပြီး ရွှင်ပြစွာ ကမ်းပေးလာတဲ့ ကော်ဖီအေးဖန်ခွက်ကလေးကို လှမ်းယူပြီး အနည်းငယ်သောက်ကြည့်တော့ထူးကဲတဲ့အနံ့နဲ့ ထူးခြားတဲ့ အရသာတစ်ခုကို ရရှိခဲ့တယ်။

“Blue Mountain အပူကို သောက်ရင် ကိုယ်က နို့ထည့်သောက်တာမကြိုက်ဘူးရှင်မင်းခရဲ့.. သကြားနှစ်ခဲ သုံးခဲ ထည့်ရုံနဲ့ ပြီးပြည့်စုံတဲ့ အရသာကို ရတယ်…ဘယ်လိုလဲ…ကြိုက်ရဲ့လားရှင်မင်းခ…” ဆိုတဲ့ အမေးကို ခေါင်းညိတ်ပြုံးပြရင်း တောင်တန်းပြာမှာ ကိုယ့်ရဲ့အာရုံတွေ နစ်ဝင်နေခဲ့တယ်။

ညဘက် မင်းပြန်သွားပြီး မကြာခင်မှာဘဲ လေကြီးမိုးကြီး ကျလာခဲ့တယ်…လျှပ်စီးတွေလက်… မိုးကြိုးတွေပစ်ပြီး မကြာခင်မှာ ကိုယ်နေတဲ့ ရပ်ကွက်ကလေးဟာ အမှောင်အတိကျသွားခဲ့တယ်။ ကြောက်ရွံ့ ထိတ်လန့်ခြင်း တွေနဲ့အတူ ဝမ်းနည်းအားငယ်ခြင်းတွေနဲ့ ထိုင်နေတဲ့ အခန်းထောင့်လေးမှာပဲ ထိုင်နေရင်း ငိုကြွေးနေမိတယ်…မီးခြစ်နဲ့ ဖယောင်းတိုင်ကိုယူဖို့ ဘုရားခန်းထဲကို မသွားရဲလောက်အောင်ကို မိုးသံလေသံတွေကို ကြောက်ရွံ့နေခဲ့တယ်… အဲဒီအချိန်မှာပဲ တံခါးကို ထုသံ တဒုန်းဒုန်းကြားရတယ်။ သွေးပျက်မတတ် ကြောက်ရွံ့မိတာကြောင့် ခြေဖျားလက်ဖျားတွေ အေးခဲလာပြီး လူကလည်း နေရာကမရွေ့နိုင်တော့ဘူး…။ ဒီအချိန်မှာ ကိုယ်တမ်းတမိတာကတော့ မင်းပါ ရော…။

“ရှင်မင်းခ…ရှင်မင်းခ… ရှိနေရင် တံခါးလာဖွင့်ပါ…ကိုယ်… မြတ်မင်းရောပါ…”

ကြားရတဲ့ တခဏမှာ မယုံကြည်နိုင်အောင် ပျော်ရွှင်ခြင်းနဲ့ ရရှိလာတဲ့ အားအင်တွေနဲ့အတူ တံခါးရှိရာကို တစ်ဟုန်ထိုး ပြေးလာခဲ့တယ်…တံခါးဝမှာ ပေးလာတဲ့ ရော့ကို ပြေးဝင်ဖက်တွယ်မိတယ်…။ တကယ်ပါရော…ကိုယ့်ဘဝမှာ အားကိုးရာမဲ့ပြီး မင်းကိုတမ်းတနေတုန်း မင်းရောက်လာတာ ကျေးဇူးတင်ပါတယ်..။ ကိုယ့်လက်ကို တင်းတင်းဆွဲပြီး ဘုရားခန်းထဲမှာရှိတဲ့ ဖယောင်းတိုင်နဲ့ မီးခြစ်ကိုယူပြီး ဘုရားမီးပူဇော်…ပြီးတော့ ဖယောင်းတိုင်အကြီး တစ်တိုင်ကို ထွန်းညှိပြီး ဧည့်ခန်းကို ပြန်လာခဲ့ကြ တယ်…မိုးတွေလေတွေကတော့ သည်းတုန်းပဲပေါ့…။

ကတုန်ကရင်ဖြစ်နေတဲ့ ကိုယ့်ကို ညင်သာစွာ ထွေးပွေ့ရင်း မင်းရဲ့ရင်ခွင်မှာ ခိုလှုံခွင့်ပြုတာ ကျေးဇူးပါရော…၊ကိုယ်ဦးခေါင်းပေါ်မှာ မျက်နှာတစ်ခြမ်းစောင်းတင်ရင်း မင်းပြောခဲ့တာတွေကို ကိုယ်ဘယ်တော့မှ မမေ့ခဲ့ပါဘူး…။

“မင်းကို ဒီလိုအခြေအနေမှာ တစ်ယောက်ထဲ ကိုယ်ဘယ်လိုမှမထားနိုင်ဘူး ရှင်မင်းခ…ကိုယ်ဘယ်လိုမှ မင်းကို ခုချိန်မှာ တစ်ယောက်ထဲမနေနိုင်ဘူး ရှင်မင်းခရယ်…”တဲ့လား…။

www.burmeseclassic.com



မိုးတွေစဲလို့ မီးပြန်လင်းတဲ့အချိန်မှာတော့ ညဟာ တော်တော်ကို အိုမင်းနေခဲ့ပြီ။ ကိုယ့်ကို တစ်ယောက်ထဲထားပြီးသွားရမှာ စိတ်မချနိုင်စွာ မင်း အမှာစကားတွေကို အထပ်ထပ်မှာကြားခဲ့တယ်…

"ကိုယ် မင်းကိုထားမသွားချင်ဘူး ရှင်မင်းခ၊ တစ်ခုခုဆို ကိုယ့်ဆီ ချက်ချင်းဖုန်းဆက်ဖို့ မမေ့ပါနဲ့… ကြားတယ်နော်…ကိုယ်မှာတာတွေကို…"

ပြောရင်း လှည့်ထွက်သွားတဲ့ မင်းကျောပြင်ကို ငေးကြည့်ရင်း ဒီလိုကျွန်ရစ်ခဲ့ရတာကို ကိုယ်မနှစ်သက်နိုင်ခဲ့ဘူး ရော…။

(၈)

ဒီလိုနဲ့ အေးချမ်းလှတဲ့ ဆောင်းတွင်းကာလကို သံစဉ်ညီညီ ဟန်ချက်ကျကျနဲ့ ကိုယ်ဖြတ်သန်းနိုင်ခဲ့တယ်…၊ ဒါတွေဟာ မင်းဆီကရရှိတဲ့ ခွန်အားတွေဆိုတာ မပြောပြဘဲလည်း မင်းသိနိုင်မှာပါ ရော…။

မေလဟာ ထင်ထား မှန်းထားတာထက်ကို ပိုပြီး အေးမြနေခဲ့တယ်…။ မင်းပေးထားတဲ့ နှင်းဆီပင်လေးတွေကို အပြင်ထုတ်လိုက် အထဲသွင်းလိုက်နဲ့ ကိုယ်ကတော့ အလုပ်တွေ ပိုနေခဲ့တာပေါ့…။ ပြီးတော့ ကိုယ်တို့ သောက်ဖြစ်ကြတဲ့ Blue Mountain Coffee မှုန့်ကိုလည်း ကိုယ့်မှာ မပြတ်အောင်မှာရသေးတယ်…။ ကုန်ခါနီးရင် မင်းကိုပြောရင်မင်းယူလာမယ် မှန်းသိပေမယ့် ကိုယ်ကလည်း မင်းကြိုက်တတ်တာလေးတွေကို ကိုယ့်နားမှာ ရှိနေစေချင်သေးတယ် လေ…။ မှာယူမှရတဲ့ ကော်ဖီမှုန့်အမျိုးအစားဖြစ်နေတော့ ကြိုတင်မှာရတာ အလုပ်တစ်ခုပေါ့လေ…။ ဒါကို ကိုယ်က ကျေနပ်နေသေးတယ် ရော…။

"ရှင်မင်းခ…ကိုယ်တို့ ကြယ်တွေမကြည့်ဖြစ်တာတောင် ကြာပြီနော်… ညဘက်အပြင်ထွက်ဖို့ မကြိုးစားနဲ့…အေးတယ်ကွ…ကြားလား…ဒီနေ့ ကိုယ် ကားမယူလာဘူး…ခေါင်းလည်းနည်းနည်း ကိုက်နေလို့…အပြန်တော့ မင်းအရင်လို လိုက်ပို့ရတော့မှာပဲ…"

အဲဒီနေ့ကတော့ မင်း ခေါင်းတော်တော်ကိုက်နေပုံရတယ်…၊ စကားလည်း များများမပြောနိုင်သလို ငြိမ်သက်စွာ ကိုယ့်လက်ကိုကိုင်ပြီး မျက်စိမှိတ်ပြီး ခပ်လျော့လျော့ ထိုင်နေခဲ့တယ်။

"မင်းလိုက်ပို့ရမှာဆိုတော့ ကိုယ်နောက်ကျတဲ့အထိ မနေတော့ဘူး ရှင်မင်းခ…နော်…အပြန် ကိုယ် စိတ်မချဘူး…စောစောပြန်တော့မယ်… ကိုယ့်ကိုယ်ကိုယ်ဂရုစိုက် ကြားလား…"လို့ မျက်လုံးစင်းစင်းတွေနဲ့ မင်းမှာခဲ့တယ်။

ကိုယ်မောင်းနေတဲ့ ကိုယ့်ရဲ့ ဆိုင်ကယ်လေးနောက်မှာ တိတ်ဆိတ်စွာ ထိုင်လိုက်လာရင်း မင်း ခေါင်းတော်တော်ကိုက်နေခဲ့တယ်ဆိုတာ ကိုယ် နား



www.burmeseclassic.com

www.burmeseclassic.com

လည်ခဲ့တယ်…။ ဘာဖြစ်လို့ မင်းခေါင်းမကြာခဏ ကိုက်ရတာလဲ ရော…။ မင်းအိမ်ရှေ့ရောက်တော့…“ဂရုစိုက်ပြီး မောင်း”ဆိုတဲ့ စကားတစ်ခွန်းကို အနိုင်နိုင်ပြောပြီး မင်း အိမ်ထဲကို ယိမ်းယိုင်စွာ ဝင်သွားခဲ့တယ်…ကိုယ်အရမ်း စိုးရိမ်မိတယ်ရော…။ ဒီတစ်ခါမြင်ရတဲ့ မင်းရဲ့ခေါင်းကိုက်ခြင်းက သိပ်ပြင်းထန်နေသလိုပဲ‥ရာသီဥတုသိပ်အေးလွန်းလို့လား…မင်းမြန်မြန်သက်သာပါစေ ရော…။ ကိုယ်တစ်ညလုံး ဘုရားမှာဆုတောင်းနေခဲ့တယ်ဆိုတာ သိရင်… ရှင်မင်းခကကလေးလိုပဲကွာလို့မင်းပြောဦးမှာလား…။

နောက်တစ်နေ့မနက် မင်းကို ဖုန်းဆက်ကြည့်တော့ ဖုန်းက ပိတ်ထားခဲ့တယ်…။ ဒီလိုနဲ့… တစ်ရက်…နှစ်ရက်…လေးရက်…ငါးရက်…။ ကိုယ့်ရဲ့ စိုးရိမ်မှုတွေ အထွတ်အထိပ် ရောက်ခဲ့ပြီ…။ မင်းရဲ့ဆိုင်လေးကိုသွားပြီး မင်းအခြေအနေကို မေးတော့ နေကောင်းသွားပါပြီတဲ့…၊ ခရီးထွက်သွားပါတယ်တဲ့‥။ ဘာဖြစ်လို့ ကိုယ့်ဆီကို ဖုန်းလေးတစ်ချက်တောင် မဆက်ရတာလဲ ရော…။ ကိုယ်ဘယ်လောက် မင်းကို စိုးရိမ်နေမယ်ဆိုတာ မင်းလုံးလုံး မသိဘူးလား…။ ဒီရက်တွေအတွင်းမှာ ကိုယ် ပူလောင်ခြင်းတွေနဲ့ နေခဲ့ရတယ်‥။ ကိုယ်မင်းကို ဘယ်လောက် သတိရနေမလဲဆိုတာ မင်းသိရှိနိုင်မှာပါ…။ ဘယ်လို ဆက်သွယ်ရမှန်းမသိတဲ့သူတစ်ယောက်ကို ဘယ်မှာ လိုက်ရှာရမှန်းမသိဖြစ်နေတဲ့ ကိုယ့်အဖြစ်ဟာ တကယ့်ကို ဦးတည်ရာမရှိတဲ့ လမ်းကို လှမ်းနေသလိုပါပဲ ရော…။

(၉)

ချမ်းအေးလှတဲ့ ရာသီဥတုနဲ့ မင်းမရှိတဲ့ ရက်တွေမှာ ကိုယ် မင်းကြိုက်တယ်ဆိုတဲ့ တောင်တန်းပြာ ကော်ဖီပူပူလေး နှစ်ခွက်နဲ့ မင်းကို နေ့စဉ်စောင့်နေခဲ့တယ်…မင်းများ ရောက်လာခဲ့ရင်ဆိုတဲ့ မဝံ့မရဲ မျှော်လင့်ချက်ကလေးနဲ့လေ‥။ ပန်းချီကားတွေ ဖန်တီးရင်းနဲ့ပေါ့…။ ရောရေ…အလင်းရောင်တွေ များနေတယ်ဆိုတဲ့ ကိုယ့်ရဲ့ ပန်းချီကားတွေဟာ မှိုင်းညို့တဲ့အရောင်တွေနဲ့ နေရာယူခဲ့ပြီ…ရက်ရှည်လများ မင်း ဘယ်ကိုများ သွားနေခဲ့တာလဲ ရော…၊ ဘယ်လို အကြောင်းပြချက်မှမရှိဘဲ ကိုယ့်အနားကနေ မင်း ရုတ်တရက် ပျောက်ကွယ်သွားတာကတော့ ရက်စက်လွန်းလှပါတယ်…။

ဟုတ်ပါတယ် ရော…၊ ကိုယ်တို့နှစ်ယောက်ဟာ ချစ်သူတွေမှ မဟုတ်ကြတာနော်‥။ မင်းကလည်း ကိုယ့်ကို ချစ်ပါတယ်လို့ မပြောခဲ့သလို ချစ်သလားလို့လည်း မမေးခဲ့ပါဘူး‥။ ဒါပေမယ့် ရော ချစ်တယ်ဆိုတဲ့စကားထက် နက်ရှိုင်းတဲ့ စကားလုံးတွေ ခံစားချက်တွေ ကိုယ်တို့နှစ်ယောက်ကြားမှာ ရှိခဲ့တယ်ဆိုတာ မင်းလည်းအသိ၊ ကိုယ်လည်း



www.burmeseclassic.com

www.burmeseclassic.com



အသိပါ…။
ကိုယ့်ကို မိုးအမှောင်ထဲမှာ တစ်ယောက်ထဲမထားရက်တဲ့ မင်းက ရက်ပေါင်းများစွာ ကျောခိုင်းထားခဲ့တာ ဘယ်လိုအကြောင်းတွေကြောင့်များလဲ ဇရာ…။ နာကျင် ကြေကွဲခြင်းဆိုတဲ့ ဝေဒနာကို ကိုယ်ကောင်းကောင်းကြီး သိနေခဲ့ပြီ…။

ရက်စက်တဲ့နေ့ရက်တွေနဲ့ ကိုယ့်အတွက်လှပမနေတဲ့ နေ့တွေကို ကုန်ဆုံးဖို့ ကိုယ် ပန်းချီကားတွေကို ဖန်တီးရင်း ကြိုးစားခဲ့တယ်။

"ကောင်မလေး…ဆွဲပြီးသား ပန်းချီကားတွေ လာပို့ဦးလေ‥၊ ညည်းလာမပို့ရင် ငါ လာယူရမလား"ဆိုတဲ့ မန်နေဂျာကိုသြရဲ့ဖုန်းကို "မနက်ဖြန်မနက်လာပေးမယ်"လို့ ပြန်ဖြေရင်း ဖုန်းကို ပိတ်လိုက်တယ်…။ ဇရာရေ…ကိုယ်ဘယ်သူနဲ့မှ စကားမပြောချင်သလို ဘာသံကိုမှလည်း ကိုယ်မကြားချင်ဘူး…မှန်ပြူတင်းပေါက်တွေဘေးက စားပွဲလေးမှာ တောင်တန်းပြာ နှစ်ခွက်ဖျော်ရင်း မင်းနဲ့ကိုယ် ပြောဆိုခဲ့တဲ့ စကားတွေကို ပြန်ကြားယောင်ရင်း ဟိုဝေးဝေးမှာ မြင်နေရတဲ့ မှိုင်းညို့ညို့တောအုပ်ကလေးနဲ့ မြက်ခင်းကလေးကို ငေးကြည့်နေရတာလောက် ကိုယ် ဘယ်အရာကိုမှ မမက်မောဘူးကွယ်…။

(၁၀)

မနက်ပိုင်း ပန်းချီအရောင်းပြခန်းကိုရောက်တော့ ယူလာတဲ့ ပန်းချီကားတွေကိုချိတ်ပြီး ကိုသြပေးလာတဲ့စာရင်းတွေကို စစ်ရင်း ရုံးခန်းလေးထဲမှာ တိတ်တိတ်ဆိတ်ဆိတ်ထိုင်နေခဲ့တယ်။

"ကိုသြရေ…ကျွန်မ စာရင်းတွေကြည့်လိုက်ဦးမယ်…ဘယ်သူမေးမေး မလာဘူး ပြောပေးပါနော်…"

ဆိုတဲ့ ကျွန်မရဲ့စကားကို "အေးအေး"လို့ ပြန်ပြောရင်း ကိုသြကတော့ ထုံးစံအတိုင်း ဘာမှန်းမသိသော အရာများနှင့် အလုပ်ရှုပ်လို့ပေါ့…။

"တင်း…တောင်"ဆိုတဲ့ ဇည့်သည်လာရင် မြည်တဲ့အသံလေးကြောင့် ဘာရယ်မဟုတ် ဆိုင်ထဲကို လှမ်းကြည့်လိုက်တယ်…၊ နှလုံးသွေးတွေ ရုတ်တရက် ရပ်တန့်သွားတော့မလိုပါဘဲ…၊ ဘုရားရေ…ဇရာပါလား… အနည်းငယ် ပိန်သွယ်သွားတာကလွဲရင် အရင်အတိုင်း ရှင်းသန့် ချောမော နေဆဲပါ…ပြီးတော့ သူ့နဘေးမှာ အင်မတန်လှပတဲ့ ဆွဲဆောင်အားကောင်းတဲ့ မိန်းမတစ်ယောက်လည်းပါရဲ့။

"ကိုသြရေ…ကျွန်တော်တို့ ပန်းပုနဲ့ ပန်းချီကားတစ်ချို့ လိုချင်လို့ဗျ…"

"အေးအေး‥ကြည့်လေကွာ‥လိုတာကိုပြော‥" ကိုသြနဲ့ မင်းတို့ရဲ့ အပြန်အလှန် ပြောဆိုအပြီးမှာ မင်းတို့နှစ်ယောက် ပန်းချီကားတွေကို လိုက်ကြည့်နေတာကို မြင်လိုက်ရတယ်…။ ကိုယ် [illegible]ကို ထွက်



www.burmeseclassic.com

www.burmeseclassic.com

ပြီးနှုတ်ဆက်ရမလား…။ မနှုတ်ဆက်ရ ဘူးလားဆို တာဝေခွဲမရဘဲ ရုံးခန်းလေးထဲကနေ ကိုယ့်ခြေထောက် တွေ ရွေ့လို့မရခဲ့ဘူး။

“မြတ်မင်းရေ..ကြည့်စမ်း…ဒီပန်းချီတွေ ကြိုက်လိုက်တာ…ရောင်းရန် မဟုတ်တဲ့…” ချိုလွင် သာယာတဲ့အသံနဲ့ မိန်းကလေးက မင်းကိုပြောတော့ လှမ်းကြည့်ပြီး ပျက်သွားတဲ့ မင်းမျက်နှာကို ကိုယ် တွေ့လိုက်ရတယ်…။ မှိုင်းညို့သွားတဲ့ မင်းမျက်နှာဟာ ချက်ချင်းပြိုကျတော့မယ့် ကောင်းကင်လိုပဲ.. ဒီလို ဖြစ်ဖို့ လိုအပ်လို့လား ဧရာ…။ ကိုယ့်ရဲ့ ရောင်းရန် မဟုတ်ဆိုတဲ့“ရင်တွင်းခြေရာ”နဲ့ “ကြယ်စင် ဧကရာဇ်”ဆိုတဲ့ပန်းချီကားတွေကို မင်းမြင်သွားပြီပေါ့…

“ကြည့်စမ်းပါဦး…ဒီ ရင်တွင်းခြေရာမှာ လူတစ်ယောက်ရဲ့ ရေစိုနေတဲ့ ခြေထောက်တစ်စုံကို အသေးစိတ်ဆွဲထားတာ…ရေကြောင့်စိုလက်နေတဲ့ အသားရောင်နဲ့ဖိနပ်…ရေမှုန်လေးတွေ…အို…အရမ်း ကဗျာဆန်တာပဲ မြတ်မင်းရဲ့၊ ပြီးတော့ ဒီ ကြယ်စင် ဧကရာဇ် ဆိုတာကိုကြည့်စမ်း..၊ လူတစ်ယောက်ရဲ့ မျက်လုံးတွေကို ဦးစားပေးပြီး မျက်နှာကို ကောင်းကင် နောက်ခံမှာ ရေးရေးကလေး ဆွဲထားတာ..ကြယ် တွေနဲ့အတူလေ…စိတ်ကူးလေးက လှလိုက်တာ… မရောင်းတာ ခက်တယ်…”

အဆက်မပြတ်ပြောနေတဲ့ အမျိုးသမီးရဲ့စကား ကို မင်းကဘာမှ ပြန်မပြောဘဲ မျက်နှာကျက်ကို အဓိပ္ပာယ်မဲ့ငေးမောနေတယ်…။ ဧရာရေ…၊အရာရာ ဆုံးရှုံးသွားရသလို ဗလာကျင်းနေတဲ့ ကိုယ့်ရင်ထဲမှာ နာကျင်နေခြင်း တစ်ခုသာ ကျန်နေတာက ခက်လှ တယ်။ မင်းကို ကိုယ် မစွပ်စွဲရက်ပါဘူး ဧရာ…၊ မင်းဟာ မင်းနာမည်လို နေရာတစ်ခုမှာ အတည်တကျ ရှိမနေနိုင်ဘဲ စီးဆင်းနေတတ်သူလို့လေ..။ ပြီးတော့ မင်းသိထားတဲ့ ကော်ဖီအမျိုးအစားတွေကို တစ်ခုပြီး တစ်ခု ပြောင်းသောက်သလို မိန်းကလေးတွေကိုလည်း တစ်ယောက်ပြီးတစ်ယောက် ပြောင်းပြီး ချဉ်းကပ်တတ် မယ့်သူရယ်လို့ ကိုယ် တကယ်ကိုမထင်ပါဘူးဧရာ..။

ဘယ်လိုပဲဖြစ်ဖြစ် မင်း ကိုယ့်အနားမှာ ရှိနေ စဉ်တုန်းက ကိုယ်ရခဲ့တဲ့ မင်းဆီကကြင်နာခြင်းနဲ့ မင်း မျက်ဝန်းမှာ မြင်တွေ့ခဲ့ရတဲ့တစ်စုံတစ်ရာဟာ မင်းရဲ့ ဟန်ဆောင်ထားခြင်း မဟုတ်ဘူးဆိုတာကိုတော့ ကိုယ် နားလည်ခံစားလို့ရခဲ့ပါတယ်…။ ဧရာရေ…၊ ကိုယ် ကတော့ မင်းပေးခဲ့တဲ့နှင်းဆီနက်ပင်လေးတွေရယ်၊ မင်းချန်ထားခဲ့တဲ့ Telescope လေးရယ်…၊ မင်း သင်ကြားပေးခဲ့တဲ့ ကော်ဖီယဉ်ကျေးမှုကြားကနေ ရုန်း မထွက်နိုင်ခဲ့သေးသလို ဆန္ဒလည်းမရှိခဲ့ဘူးလေ။

အရာရာအားလုံးဟာ လှလှပပပြီးဆုံး သွားပေမယ့် နာကျင်မှုတွေနဲ့ ကျန်နေခဲ့ရတာက တော့ကိုယ်ပေါ့လေ…

www.burmeseclassic.com



(၁၁)

ခု ဒီရက်တွေမှာ ရာသီဥတုဟာ ပူနွေးလာခဲ့တယ် ရော…၊ ကောင်းကင်က ကြယ်တွေကို ငေးကြည့်ရင်း မင်းကို ပြင်းပြင်းပျပျ သတိရနေခဲ့တယ်… အကျင့်ပါပြီး ဖျော်ဖြစ်ခဲ့တဲ့ တောင်တန်းပြာ ကော်ဖီနှစ်ခွက်ထဲက တစ်ခွက်ဟာ ပိုင်ရှင်ကို မျှော်လင့်နေလေရဲ့…၊တစ်နေ့နေ့မှာများ လမ်းကြုံလို့ ဖြစ်စေ… သတိရလို့ဖြစ်စေ တောင်ကုန်းကလေးပေါ်မှာ ရှိနေတဲ့ ကိုယ့်ရဲ့အိမ်လေးကို မင်းများရောက်လာခဲ့ရင် ပန်းချီကားတွေကိုလာယူရင်း ပြူတင်းပေါက်နဘေးမှာ ကော်ဖီနှစ်ခွက်ကို ရှေ့ချပြီး အဝေးကိုငေးနေတဲ့ မိန်းကလေးကိုကြည့်ရင်း ကျွန်တော့်ရင်ဘတ်တွေ နာလာခဲ့ရတယ်။ ကတိစကားတစ်ခွန်းကို ချိုးဖောက်ပြီး သူမလေးကို ပြောပြချင်ပေမယ့် ကျွန်တော့်ရဲ့စကားကြောင့် မိန်းကလေး ပိုပြီးနာကျင်ကြေကွဲရမှာကိုလည်း ကျွန်တော်စိုးရိမ်ပါတယ်။ တစ်ဦးနှင့်တစ်ဦး သိပ်ချစ်ကြတဲ့သူတို့နှစ်ဦးမှ ဘာဖြစ်လို့များခုလိုအဖြစ်ဆိုးမျိုးကြုံခဲ့ရတာလဲဆိုပြီး ကံတရားကိုလည်း ကျွန်တော်အပြစ်ပြောချင်ပါတယ်…။ မိန်းကလေးအပေါ်မှာ အင်မတန်ချစ်မြတ်နိုးတဲ့ ကောင်လေး…မိန်းကလေး အတွက် အရာရာကို ဦးစားပေးပြီး စဉ်းစားခဲ့တဲ့ ကောင်လေး…ငါ့ရင်တွေ မချိတော့ပါဘူးကွာ…။

"ကိုသြ…ကတိပေးဗျာ…၊ ကျွန်တော့်မှာ ဒီရောဂါဖြစ်နေတာ ရှင်မင်းခကို လုံးဝမပြောပါဘူးလို့ ပြီးတော့ သူ့ကိုစောင့်ရှောက်ပေးပါ…။ ကျွန်တော် စိတ်မချဘူးဗျ…သူကမြူစိစိကလေး…၊ ဝမ်းနည်းအားငယ်တတ်တယ်…၊ ကျွန်တော့်ရောဂါကမသေချာ ဘူးဗျ…။ တကယ်လို့ သေဆုံးသွားခဲ့ရင်တောင် ရှင်မင်းခကိုဘာမှမပြောပါဘူးလို့ ကတိပေး…သူ ကျွန်တော့်ကို စိတ်နာနေတာက ကြေကွဲနေတာ ထက်စာရင် ပိုကောင်းမယ်…"

ဆိုတဲ့ ခွဲစိတ်ခန်းဝင်ဖို့ ဆေးရုံမတက်မီ ကျွန်တော်ရှိရာ ပန်းချီအရောင်းပြခန်းလေးရှိရာကို လာပြောသွားတဲ့ ကောင်လေးမြတ်မင်းဇော်ရဲ့စကားကို "ကောင်မလေးကို ဘာမှပြန်မပြောပါဘူး" လို့ပြောရင်း ဆေးရုံတက်ပြီးခွဲစိတ်ခံတော့မယ့် ကောင်လေးကို ကတိပေးခဲ့တယ်။ မိန်းကလေးရေ…၊ မင်းချစ်တဲ့ကောင်လေးဟာ မင်းထင်နေသလိုတခြားကောင်မလေးနောက်ကို ပါသွားတာမဟုတ်ဘဲ မကြာခင်အချိန်ကာလလေးကမှ ဦးနှောက်ကင်ဆာရောဂါနဲ့ခွဲစိတ်ခြင်းမအောင်မြင်ဘဲ ခွဲစိတ်ခန်းအတွင်းမှာ သေဆုံးသွားခဲ့တယ်ဆိုတာ မင်းသိရမယ်ဆိုရင်….။

ဖျိုးယုဝသုန်

(၂၁၊၀၇၊၂၀၁၁)



www.burmeseclassic.com